ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇွန်လ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်၊ အင်္ဂါနေ့။ Tuesday, 23 February 2021 ၁၀၂၉၇

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ညှိနှိုင်းအစည်းအဝေး(၃/၂၀၂၁)သို့ တက်ရောက်အမှာစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ညှိနှိုင်းအစည်းအဝေး(၃/၂၀၂၁)တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ညှိနှိုင်းအစည်းအဝေး(၃/၂၀၂၁)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်နှင့် စောဒန်နီယယ်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိတို့တာဝန်ယူခဲ့သည်မှာ ၃ ပတ်ခန့်ရှိပြီဖြစ်ပြီး ယခုကာလအတွင်း ပြုပြင်ပြောင်းလဲမှုများ များစွာရှိကြောင်း၊ ပထမဆုံးအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ပတ်သက်၍ ပြီးခဲ့သည့်ဒုတိယအပတ်နှင့် တတိယအပတ်ကြားကာလတွင် ဆန္ဒပြမှုများရှိခဲ့သော်လည်း မိမိတို့အနေဖြင့် အတတ်နိုင်ဆုံး ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ ဒီမိုကရေစီ အလေ့အထနှင့်အတူ ဒီမိုကရေစီနိုင်ငံများ၏ အရေးယူဆောင်ရွက်မှုများအတိုင်းသာ ဆောင်ရွက်ခြင်းဖြစ်ပြီး အခြားနိုင်ငံများ၌လည်း ဆူပူဆန္ဒပြမှုများတွင်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

ကြေးမုံ ယနေ့ ဖတ်စရာ

**အသိ သတိဖြင့် ပူးပေါင်းဆောင်ရွက်ကြစေလို**


စာမျက်နှာ » ၆

**သတင်းမီဒီယာကောင်စီ (သို့မဟုတ်) လွတ်လပ်သည့် တစ်ခုတည်းသော မီဒီယာအဖွဲ့အစည်း**

စာမျက်နှာ » ၈

**တာဝန်ကျေပွန်ခဲ့သော ကျန်းမာရေးသူရဲကောင်းများ ပြန်လာပါ**

စာမျက်နှာ » ၁၀



ဘဏ်သို့လာရောက်ရာတွင်
Mask နှင့် Face Shield များကိုမဖြစ်မနေ
ဝတ်ဆင်ကြပါရန် လေးစားစွာပန်ကြားအပ်ပါသည်
KBZ BANK

ကြေးမုံ

# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်

ယခုအခါ ဆောင်းအကုန် နွေအကူးကာလ ပူနွေးခြောက်သွေ့သည့်ရာသီသို့ ရောက်ရှိလာပြီဖြစ်သည်။ ဤရာသီမှစ၍ မီးလောင်မှုများ နိုင်ငံတစ်ဝန်းတွင် နှစ်စဉ် ဖြစ်ပွားလေ့ရှိသည်။ လက်ရှိတွင်လည်း နိုင်ငံတစ်ဝန်းရှိ အချို့မြို့နယ်များတွင် မီးလောင်မှုများဖြစ်ပွားခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ မီးလောင်မှုသဘာဝတရားကို မလွန်ဆန်နိုင်သော်လည်း ဖြစ်ပွားမှုလျော့ပါးစေရန် ကြိုတင်သတိပြု ပြင်ဆင်ဆောင်ရွက်ရမည်ဖြစ်သည်။

ရန်သူမျိုးငါးပါးတွင် တစ်ပါးအပါအဝင်ဖြစ်သော မီးလောင်မှုမဖြစ်အောင် လူတိုင်းလူတိုင်း ဆင်ခြင်သတိပြုကြရမည် ဖြစ်သည်။ မီးလောင်မှုဖြစ်ပွားခဲ့လျှင် အများပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာများ ပျက်စီးဆုံးရှုံးမှု အနည်း၊ အများဖြစ်ကြသည်ကို တွေ့ရမည်ဖြစ်သည်။ သေးငယ်သောမီးလောင်မှုမှ ကြီးမားသော မီးလောင်ကျွမ်းမှုအထိ ဖြစ်ခဲ့ရသည့်အကြောင်းသည် များသောအားဖြင့် လူတို့၏ မဆင်မခြင်ပြုမူလုပ်ကိုင်မှုကြောင့် ဖြစ်ကြရသည်။ နေအပူရှိန် ပြင်းထန်သောကြောင့် လောင်ကျွမ်းသည့် သဘာဝတောမီးမှာ မြန်မာနိုင်ငံ၌ ဖြစ်ခဲသည်။ အဓိကမှာ လူတို့ကြောင့်သာ ဖြစ်သည်။

မီးလောင်ရခြင်း အကြောင်းရင်းတွင် အမှိုက်ကစ ပြာသာဒ်မီးလောင်ဆိုသကဲ့သို့ အသေးအမွှားအကြောင်းကိစ္စလေးမှစ၍ ကြီးကြီးမားမားမီးလောင်မှုအထိ ဖြစ်နိုင်သည်။ ထို့ကြောင့် မဖြစ်ခင်က ကြိုတင်ကာကွယ်တားဆီးကြရမည် ဖြစ်သည်။ မီးအန္တရာယ်ကို အပ်ဖြင့်ထွင်းနိုင်သည့် စတင်ဖြစ်တတ်သည့်အခြေအနေတွင် ကြိုတင်ကာကွယ်ကြရမည်ဖြစ်ပြီး ပေါ့ပေါ့ဆဆနှင့် သတိမမူလုပ်ကိုင်ကြသောကြောင့် ပုဆိန်ဖြင့်ပေါက်ရသောအဖြစ်မျိုးမရောက်အောင် အမြော်အမြင်ရှိကြရမည် ဖြစ်သည်။

အန္တရာယ်ရှိသော မီးဘေးနှင့်ပတ်သက်၍ မီးများမီးနိုင်၊ ရေများရေနိုင်ဆိုသကဲ့သို့ သတိမမူ ဆင်ခြင်ဆောင်ရွက်ခြင်းမရှိပါက မနိုင်မနင်းဖြစ်ကာ ဆုံးရှုံးမှုကြီးမားနိုင်သည်။ မီးလောင်ကျွမ်းမှုဖြစ်သည်နှင့် နိုင်နိုင်နင်းနင်း ငြိမ်းသတ်နိုင်မှသာ ဆုံးရှုံးမှုကို အချိန်မီတားဆီးနိုင်မည်ဖြစ်သည်။ မီးလောင်နေသည့်အခါတွင်လည်း မီးလောင်ရာလေပင့် ဖြစ်တတ်သောကြောင့် မီးအရှိန်အဟုန်ကို ကြီးမားစေသည့် အန္တရာယ်ပေးသော လေလှိုင်းများကို သတိထားဖို့လိုမည် ဖြစ်သည်။

ယနေ့ကာလ ခေတ်မီတိုးတက်နေသောအချိန်အခါ၌ မီးလောင်မှုအများစုသည် လျှပ်စစ်ပိုင်းဆိုင်ရာမှအစ တိုးတက်သည့်ဒြပ်ဝတ္ထုပိုင်းဆိုင်ရာတို့နှင့် ပတ်သက်၍ လောင်ကျွမ်းကြသည်ကို တွေ့ရသည်။ မီးလောင်မှုကို အားပေးသော လောင်စာဆီ၊ လောင်ကျွမ်းတတ်သောပစ္စည်းများကို ကြိုတင်ပြင်ဆင်သတိထားအသုံးချဖို့ လိုအပ်မည်ဖြစ်သည်။ ခေတ်မီတိုးတက်လာသည်နှင့်အမျှ အများပြည်သူတို့သည် လူသုံးကုန်ပစ္စည်းများကို ပိုမိုအသုံးပြုကြရာ မီးလောင်စေတတ်သော ပစ္စည်းများကို စနစ်တကျအသုံးပြုကြရမည် ဖြစ်သည်။ လျှပ်စစ်ပိုင်းဆိုင်ရာ ခံနိုင်ရည်ရှိမှုကို သတိပြုရမည် ဖြစ်သည်။

ပေါက်ကွဲမှုပိုမိုမြန်ဆန်ကြီးမားနိုင်သော လောင်စာဆီ သယ်ဆောင်၊ သိုလှောင်၊ ဖြန့်ဖြူးမှုကို အထူးသတိပြုရမည် ဖြစ်သည်။ ထို့ကြောင့် ပြည်သူလူထုနှင့် ပတ်ဝန်းကျင်ကို ထိခိုက်နစ်နာဆုံးရှုံးမှု ကြီးမားစေသော မီးလောင်မှုမဖြစ်ပွားအောင် ကြိုတင်ပြင်ဆင် ကာကွယ်ရေးနည်းလမ်းများကို အဆင့်မြှင့်တင်ပြင်ဆင်လုပ်ဆောင်ထားသင့်ပါသည်။ ယခုအချိန်အခါတွင် တိုင်းပြည်မြို့ရွာအတွင်း၌ မတည်မငြိမ်မှုများ ဖြစ်ပွားနေသဖြင့် မီးလောင်စေတတ်သော ကိစ္စများအပြင် မီးလောင်စေအောင် ဖန်တီးနိုင်သည့် အဖျက်အမှောင့်လုပ်ရပ်များ၊ မသမာသောလုပ်ရပ်များကို သတိထားရှာဖွေဖယ်ရှားကြဖို့ လိုမည်ဖြစ်သည်။

ထို့အပြင် ရပ်ရွာများအတွင်း မီးလောင်မှုဖြစ်ခဲ့ပါက မီးသတ်ကားများ အလွယ်တကူဝင်ထွက်နိုင်အောင်၊ လမ်းများပိတ်ဆို့မှုမဖြစ်အောင် ဆင်ခြင်လုပ်ကိုင်ကြရမည်ဖြစ်သည်။ ရပ်ရွာများအား မည်သူ့ပယောဂမှန်းမသိဘဲ အလွယ်တကူဖျက်ဆီးနိုင်သောနည်းလမ်းမှာ မီးဘေးအန္တရာယ်ဖြစ်သည်ကို သတိချပ်ရမည်ဖြစ်သည်။ မီးလောင်ရခြင်း ကနဦးဖြစ်စဉ်သည် ပြည်သူလူထုနေထိုင်မှုဘဝကြားမှဖြစ်၍ ပြည်သူလူထုအတွင်း မီးအန္တရာယ်ကင်းဝေးအောင် အစဉ်သတိထားပြင်ဆင် ဆင်ခြင်ပြုမူနေထိုင်လုပ်ကိုင်ကြရမည် ဖြစ်သည်။

မီးဘေးအန္တရာယ်ဆိုသည်မှာ အဖျက်စွမ်းအား လွယ်ကူလျင်မြန်ကြီးမားသောကြောင့် မလောင်ခင်က ကြိုတင်ကာကွယ်တားဆီးထားဖို့ လိုအပ်မည် ဖြစ်သည်။ မီးလောင်တတ်သော အကြောင်းရင်းများကို ကြိုတင်မြော်မြင်ဆင်ခြင်တတ်ဖို့လိုအပ်မည်ဖြစ်သည်။ မီးလောင်သောအခါတွင် ထိခိုက်ဆုံးရှုံးမှုများကို အဓိကထိခိုက်ခံစားရမည့်သူများမှာ ပြည်သူများပင်ဖြစ်သည်။ မီးလောင်စေတတ်သောအကြောင်း၊ မီးလောင်စေတတ်သော အရာတို့ကို ပိုမိုအလေးထား ကျယ်ကျယ်ပြန့်ပြန့်သိရှိနားလည်ထားမှသာ မီးလောင်မှုကြောင့် ထိခိုက်နစ်နာဆုံးရှုံးမှုများကို လျှော့ချနိုင်မည် ဖြစ်သည်။

သို့ဖြစ်ရာ ရပ်ရွာနေအိမ်တို့ကို အလွယ်တကူဖျက်ဆီးနိုင်သည့် မီးဘေးအန္တရာယ် မကျရောက်အောင် မီးကို မလောင်မီက ကြိုတင်ကာကွယ်တားဆီးထားဖို့ လိုမည်ဖြစ်သည်။ မီးလောင်ပါကလည်း မီးလောင်မှုကို ပိုမိုကြီးထွားစေနိုင်သည့် လောင်စာဆီများ၊ လောင်စာပစ္စည်းများ၊ မီးလောင်ရာလေပင့်တတ်သည့် လေလမ်းကြောင်းများကို အထူးသတိထား ဆောင်ရွက်ကြရမည်ဖြစ်သည်။ မီးလောင်ပါကလည်း နိုင်နိုင်နင်းနင်း ဖိဖိစီးစီးငြိမ်းသတ်နိုင်အောင် ကြိုတင်စီမံဆောင်ရွက်ထားရမည်ဖြစ်သည်။ ထိုသို့မဆောင်ရွက်နိုင်ပါက မီးလောင်မှုဖြစ်ပွားလျှင် ပြည်သူလူထု ထိခိုက်ဆုံးရှုံးမှုကြီးမားနိုင်သည်ကို သတိချပ်ရမည်ဖြစ်ပါကြောင်း။ ။

# ရခိုင်ပြည်နယ်၌ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းနှင့် ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းစည်းဝေး

**စစ်တွေ ဖေဖော်ဝါရီ ၂၂**

ရခိုင်ပြည်နယ်၌ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းနှင့် ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများလုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၁)ကို ယနေ့ မွန်းလွဲ ၂ နာရီက ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းနှင့် ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာ အောင်ကျော်မင်းက သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားကို နှစ်စဉ်နှစ်တိုင်း ကျင်းပခဲ့သော်လည်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားခြင်းကြောင့် ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပနိုင်မှုမရှိခဲ့ပါကြောင်း၊ သို့သော်လည်း ယခင်လုပ်ဆောင်ခဲ့သော အတွေ့အကြုံများဖြင့် ပူးပေါင်းကာပိုမိုကောင်းမွန်သည့် အခမ်းအနားတစ်ခုဖြစ်အောင် ကြိုးစားလုပ်ဆောင်ပေးကြစေလိုကြောင်း၊ ယခုပူဇော်ပွဲတွင် ယခင်နှစ်ကပူဇော်ပွဲမလုပ်ဆောင်နိုင်သည့်အတွက် ယခုနှစ်ဘွဲ့တံဆိပ်တော်ရ ဆရာတော်များနှင့် ယခင်နှစ်က ဘွဲ့တံဆိပ်တော်ရရှိခဲ့သော ဆရာတော်များကို စုပေါင်းကာ ပူဇော်ပွဲကျင်းပသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခင်နှစ်များထက် ပိုမိုပြည့်စုံကောင်းမွန်သော အခမ်းအနားပွဲတော်တစ်ခုဖြစ်အောင် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း၊ အထူးသဖြင့် မိမိတို့ ဗုဒ္ဓဘာသာဝင်များအနေဖြင့် ယခုကဲ့သို့ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရရှိသည့် ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်များအား ပူဇော်ခွင့်ရရှိခြင်းသည် ကုသိုလ်ရရှိပြီး မင်္ဂလာရှိသည့်အတွက်ကြောင့် တာဝန်ယူဆောင်ရွက်ရမည့် ကော်မတီဝင်များအနေဖြင့် စေတနာထားကာ ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက မိမိတို့ကော်မတီအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြရာ ဦးစီးကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၂၂-၂-၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၄၀၀ | ၉,၄၀၀ | ၅ | ၄၇,၀၀၀ |
| MTSH | ၃,၅၀၀ | ၃,၅၀၀ | ၁၆ | ၅၆,၀၀၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၀ | ၀ |
| FPB | ၂၁,၅၀၀ | ၂၁,၅၀၀ | ၀ | ၀ |
| TMH | ၂,၈၅၀ | ၂,၈၅၀ | ၁၀ | ၂၈,၅၀၀ |
| EFR | ၃,၂၅၀ | ၃,၂၅၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဖေဖော်ဝါရီ ၂၂

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၄၇.၂ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၇၅၁.၃ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၂၃.၇၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၈.၁၇၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၅၇.၇၃ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉.၉၈၈ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၁၃၈.၇ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၉၂.၂ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၆၈.၁ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၉.၈၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦး၊ ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

**နိုင်ငံ့ဝန်ထမ်းများ တာဝန်ပျက်ကွက်မှုကို ပြီးခဲ့သည့်သောကြာနေ့တွင် စာရင်းကောက်ယူခဲ့ကြောင်း၊ ဆေးရုံ၊ ဆေးခန်းများတွင် ဆရာဝန်များ တာဝန်ပျက်ကွက်လျက်ရှိကြောင်း၊ ဆရာဝန်များမှာ ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်ပေးရသည့် ဝန်ထမ်းများဖြစ်ကြောင်း၊ နိုင်ငံတော်တွင် အရေးကြီးသည့် ဝန်ထမ်း သုံးမျိုးရှိကြောင်း၊ ယင်းမှာ ကျန်းမာရေးဝန်ထမ်း၊ ရဲတပ်ဖွဲ့နှင့် တပ်မတော်တို့ဖြစ်ပြီး အမြဲအဆင်သင့် ပြင်ဆင်ထားရသည့်သူများဖြစ်ကြောင်း၊ တပ်မတော်မှာ နိုင်ငံတော်ကာကွယ်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ တပ်ရင်း၊ တပ်ဖွဲ့များတွင် အမြဲအဆင်သင့်ဖြစ်ရန် ဆောင်ရွက်ထားကြကြောင်း၊ ရဲတပ်ဖွဲ့ဝင်များသည်လည်း သက်ဆိုင်ရာ တပ်ဖွဲ့များနှင့် ရဲစခန်းများတွင် တစုတစည်းတည်း တာဝန်ထမ်းဆောင်ကြရကြောင်း။**

❖ ရှေ့ဖုံးမှ

မျက်ရည်ယိုဗုံး၊ ရော်ဘာကျည်ဆန်၊ Water Cannon ကို အသုံးပြုဆောင်ရွက်ခြင်းနှင့် အင်တာနက် ဖြတ်တောက်မှုများလည်း ရှိပါကြောင်း၊ အခြားနိုင်ငံများတွင် ဖြစ်ပွားသည့် ဆန္ဒပြမှုများကြောင့် သေဆုံးသူ၊ ထိခိုက်ဒဏ်ရာရသူများနှင့် နှိုင်းယှဉ်ပါက မိမိတို့နိုင်ငံတွင် ၃ ပတ်တာကာလအတွင်း သေဆုံးမှုမှာ ၄ ဦးသာရှိခဲ့ကြောင်း၊ သေဆုံးမှုကို ပြန်ကြည့်လျှင်လည်း သေဆုံးသွားသည့် အမျိုးသမီးမှာ အသက် ၂၀ ခန့်ရှိပြီး ၎င်းကိုယ်တိုင် ဆူပူဆန္ဒပြမှုတွင်ပါဝင်သည်ကို တွေ့ရပါကြောင်း၊ ဆူပူ ဆန္ဒပြသူများအနေဖြင့် လေးခွ၊ ခဲ၊ ကုန်းသီးတို့ဖြင့် ပစ်ခတ်အသုံးပြုခြင်းများရှိသည်ကို တွေ့ရှိရကြောင်း၊ ယင်းဖြစ်စဉ်တွင် ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ရော်ဘာကျည်ဆန်ကိုသာ အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း၊ ခဲသီးနှင့်ပတ်သက်၍ အသုံးပြုခဲ့ခြင်းမရှိကြောင်း၊ ဗီဒီယိုမှတ်တမ်းများကို အသေးစိတ်ကြည့်ရှုခဲ့ကြောင်း၊ ယင်းမှာ ဖြစ်စဉ်အမှန်ဖြစ်ကြောင်း။

### ထိထိရောက်ရောက်အရေးယူဆောင်ရွက်သွားမည်

ဝန်ထမ်းများ CDM လှုပ်ရှားဆောင်ရွက်မှုနှင့်ပတ်သက်ပြီး စတင်ဆောင်ရွက်ရန် ပြောကြားဖြန့်ချိခဲ့သူများကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ CDM လှုပ်ရှားမှုတွင် ဝန်ထမ်းအချို့ပါဝင်ကြပြီး အချို့ဝန်ထမ်းများမှာ အကြောက်တရားဖြင့် ပါဝင်ကြရခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် CDM ကိစ္စနှင့်ပတ်သက်၍ ပြီးခဲ့သည့် ရက်သတ္တပတ်က ဝန်ထမ်းများ မိမိတို့လုပ်ငန်းတာဝန်ကို ပြန်လည်တာဝန်ထမ်းဆောင်ရန် တိုက်တွန်းခဲ့ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများမှာ မိမိတို့၏ လုပ်ဖော်ကိုင်ဖက်များသာဖြစ်ပြီး ဝန်ထမ်းများအနေဖြင့် အခြားအချိန်တွင် မိမိနှစ်သက်ရာကို ဆန္ဒမဲပေးနိုင်သော်လည်း တာဝန်အချိန်တွင် နိုင်ငံတော်အတွက်သာ ဦးတည်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ကြိုက်နှစ်သက်သည်၊ မနှစ်သက်သည်ရှိမည်ဖြစ်ကြောင်း၊ ယင်းကို ဒီမိုကရေစီကျင့်စဉ်အရ လက်ခံကြောင်း၊ သို့သော်လည်း အခြားအချိန်တွင် ပြည်သူ့ဝန်ထမ်းက ပြည်သူ့ဝန်ထမ်းတာဝန်ကို ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းတာဝန်ကို နိုင်ငံ့ဝန်ထမ်းက ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ ထို့အတူ နိုင်ငံသားများကလည်း နိုင်ငံ့တာဝန်ကို ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ ယခုဖြစ်စဉ်သည် မဲမသမာမှုကြောင့် ဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပြီးခဲ့သည့်အစိုးရ တာဝန်ယူသည့် ကာလတစ်လျှောက်လုံး စိတ်ရှည်သည်းခံစွာဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့သော်လည်း အစိုးရအနေဖြင့် နိုင်ငံတော်၏ ပကတိအခြေအနေနှင့် သဟဇာတဖြစ်အောင် ဆောင်ရွက်ခဲ့ခြင်းမရှိခြင်းကြောင့် ပြဿနာများ ဖြစ်ပွားခဲ့ရကြောင်း။

နိုင်ငံ့ဝန်ထမ်းများ တာဝန်ပျက်ကွက်မှုကို ပြီးခဲ့သည့်သောကြာနေ့တွင် စာရင်းကောက်ယူခဲ့ကြောင်း၊ ဆေးရုံ၊ ဆေးခန်းများတွင် ဆရာဝန်များ တာဝန်ပျက်ကွက်လျက်ရှိကြောင်း၊ ဆရာဝန်များမှာ ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်ပေးရသည့် ဝန်ထမ်းများဖြစ်ကြောင်း၊ နိုင်ငံတော်တွင် အရေးကြီးသည့် ဝန်ထမ်းသုံးမျိုးရှိကြောင်း၊ ယင်းမှာ ကျန်းမာရေးဝန်ထမ်း၊ ရဲတပ်ဖွဲ့နှင့် တပ်မတော်တို့ဖြစ်ပြီး အမြဲအဆင်သင့် ပြင်ဆင်ထားရသည့်သူများဖြစ်ကြောင်း၊ တပ်မတော်မှာ နိုင်ငံတော်ကာကွယ်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ တပ်ရင်း၊ တပ်ဖွဲ့များတွင် အမြဲအဆင်သင့်ဖြစ်ရန် ဆောင်ရွက်ထားကြကြောင်း၊ ရဲတပ်ဖွဲ့ဝင်များသည်လည်း သက်ဆိုင်ရာတပ်ဖွဲ့များနှင့် ရဲစခန်းများတွင် တစုတစည်းတည်း တာဝန်ထမ်းဆောင်ကြရကြောင်း။

အလားတူ ကျန်းမာရေးဝန်ထမ်းများသည်လည်း ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဆေးရုံ၊ ဆေးခန်းများတွင် တစုတစည်းတည်း တာဝန်ထမ်းဆောင်ကြရကြောင်း၊ ဆရာဝန်များ၏ ကတိသစ္စာပြု အဓိဋ္ဌာန် ၉ ချက်တွင် "ကျွန်ုပ်ဆည်းပူးတတ်မြောက်ထားသော ဆေးပညာဖြင့် လူသားတို့၏ ဘဝနှင့်အသက်ကို တန်ဖိုးထားလေးစားစွာ ကာကွယ်စောင့်ရှောက်ပါအံ့"ဟုပါရှိကြောင်း၊ ဆရာဝန်များအနေဖြင့် ဆေးကုသမှု မပြုလုပ်ခြင်းသည် ယင်းတို့ ကတိသစ္စာပြုထားသည့် အဓိဋ္ဌာန်ကို ချိုးဖောက်ခြင်းဖြစ်ကြောင်း၊ အလားတူ သူနာပြုဆိုလျှင်လည်း ၎င်းတို့ ကတိသစ္စာအဓိဋ္ဌာန်တွင် "လူသားအားလုံး၏ ကိုယ်ကျန်းမာရေး၊ စိတ်ကျန်းမာရေးကို ကျွန်ုပ်၏အရေးကိစ္စဟု ယူဆပါအံ့"ဟု လည်းကောင်း၊ "လူသားတို့၏အသက်အန္တရာယ်နှင့် ကျန်းမာရေးထိခိုက်စေမည့် မည်သည့်အပြုအမူမျိုးကိုမဆို တားဆီးကာကွယ်ပါအံ့"ဟုလည်းကောင်း ပါရှိကြောင်း၊ ယင်းအချက်များကို ကြည့်ခြင်းအားဖြင့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ယခုကဲ့သို့ ဆောင်ရွက်နေမှုများမှာ ကျင့်ဝတ်ကို များစွာ ချိုးဖောက်ရာရောက်ကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆေးရုံ ၁၂၆၂ ရုံ ရှိသော်လည်း ဆေးရုံဖွင့်လှစ်ပြီး ကုသပေးသည့် ဆေးရုံမှာ ၇၇၈ ရုံ၊ ဆေးရုံဖွင့်ထားသော်လည်း ကုသပေးခြင်းမရှိသည့် ဆေးရုံ ၂၇ ရုံရှိပြီး လုံးဝဆေးရုံပိတ်ထားသည့် ဆေးရုံ ၃၅၇ ရုံရှိသည်ကို ယမန်နေ့ညနေ စာရင်းများအရ သိရကြောင်း။

### အရေးယူသွားမည်

ထို့ကြောင့် ပြည်သူများ များစွာဒုက္ခရောက်နေမည်ကို စဉ်းစားကြည့်လျှင် သိနိုင်ကြောင်း၊ လူ့အသက်ထက်အရေးကြီးသည်မှာ မရှိကြောင်း၊ ထို့အတွက်ကြောင့် မိမိတို့အနေဖြင့် ဆူပူမှုများ ထိန်းသိမ်းအရေးယူဆောင်ရွက်ရာတွင်လည်း လူ့အသက်ကို မထိခိုက်အောင် ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ သို့ဖြစ်၍ ဆရာဝန်များနှင့် သူနာပြုများ စည်းကမ်းဖောက်ဖျက်နေမှုကို ဝန်ထမ်းစည်းကမ်းအရ အရေးယူသွားမည်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ထမ်းများမှာ ကျင့်ဝတ်သစ္စာဆိုပြီး ဆောင်ရွက်သည့် နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း၊ အလားတူ ရဲတပ်ဖွဲ့ဝင်များနှင့် တပ်မတော်သားများမှာလည်း နိုင်ငံတော်အလံကိုင်၍ သစ္စာဆိုသည့် ပြည်သူ့ဝန်ထမ်းများ ဖြစ်သည့်အတွက် သစ္စာဖောက်ဖျက်၍မရကြောင်း၊ တပ်မတော်တွင်လည်း စည်းကမ်းထိန်းသိမ်းမှုနှင့် စပ်လျဉ်း၍ ဖောက်ဖျက်လျှင် ထိထိရောက်ရောက် အရေးယူကြောင်း၊ ရဲတပ်ဖွဲ့ဝင်များလည်း အလားတူဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့ဝင်များသည် ပြည်သူကအားကိုး၊ ပြည်သူကလက်ခံ၊ ပြည်သူကယုံကြည်ပြီး နိုင်ငံတော်မှအားထားရသည့် ရဲတပ်ဖွဲ့ဖြစ်ရန် လိုအပ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် သတင်းပို့ရုံးတက်ခြင်းမရှိပါက ဝန်ထမ်းစည်းမျဉ်း စည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**ဆရာဝန်များနှင့်ပတ်သက်ပြီး ရရှိသည့်ဘွဲ့အဆင့်အလိုက် ချီးမြှင့်ငွေပေးအပ်ရန် ဆွေးနွေးညှိနှိုင်းလျက်ရှိကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ သင်ကြားရေးအပိုင်း အရည်အသွေး မြှင့်တင်ရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများမှာ တိုင်းပြည်အတွက် အရေးကြီးကြောင်း၊ တိုင်းပြည်တွင် လူ့စွမ်းအားအရင်းအမြစ် မွေးထုတ်ပေးသူများမှာ ဆရာ၊ ဆရာမများဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများ၏ အခန်းကဏ္ဍမှာ အရေးကြီးသည့်အတွက် အရည်အသွေးမြင့်မားရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သင်ကြားရေးပိုင်းတွင်လည်း ဘွဲ့အဆင့်အလိုက်မူတည်ပြီး ချီးမြှင့်ရန် စဉ်းစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ လူသားအရင်းအမြစ်ထဲတွင် အရေးကြီးသည့် အချက်နှစ်ချက်မှာ ဥပဒေကိုနားလည်ရန် အရေးကြီးကြောင်း၊ တက္ကသိုလ်များတွင် BA(Law) သင်တန်းများ ဖွင့်လှစ်ရန်နှင့် ဒေသအလိုက် စီးပွားရေး နားလည်တတ်ကျွမ်းမှု အခြေခံရရှိရေးအတွက် BA(Eco) ဘာသာရပ် ဖွင့်လှစ်သင်ကြားရန် ဆွေးနွေးလျက်ရှိကြောင်း။**

ဆရာဝန်များနှင့်ပတ်သက်ပြီး ရရှိသည့်ဘွဲ့အဆင့်အလိုက် ချီးမြှင့်ငွေပေးအပ်ရန် ဆွေးနွေးညှိနှိုင်းလျက်ရှိကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ သင်ကြားရေးအပိုင်း အရည်အသွေးမြှင့်တင်ရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများမှာ တိုင်းပြည်အတွက် အရေးကြီးကြောင်း၊ တိုင်းပြည်တွင် လူ့စွမ်းအား အရင်းအမြစ် မွေးထုတ်ပေးသူများမှာ ဆရာ၊ ဆရာမများဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများ၏ အခန်းကဏ္ဍမှာ အရေးကြီးသည့်အတွက် အရည်အသွေးမြင့်မားရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သင်ကြားရေးပိုင်းတွင်လည်း ဘွဲ့အဆင့်အလိုက်မူတည်ပြီး ချီးမြှင့်ရန် စဉ်းစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ လူသားအရင်းအမြစ်ထဲတွင် အရေးကြီးသည့် အချက်နှစ်ချက်မှာ ဥပဒေကို နားလည်ရန် အရေးကြီးကြောင်း၊ တက္ကသိုလ်များတွင် BA(Law)သင်တန်းများ ဖွင့်လှစ်ရန်နှင့် ဒေသအလိုက် စီးပွားရေး နားလည်တတ်ကျွမ်းမှု အခြေခံရရှိရေးအတွက် BA(Eco)ဘာသာရပ် ဖွင့်လှစ်သင်ကြားရန် ဆွေးနွေးလျက်ရှိကြောင်း၊ ပညာရေးဝန်းကျင်ကောင်းမွန်ရေးအတွက် ဆောင်ရွက်ရမည်ဖြစ်ပြီး သို့မှသာ ကျောင်းသားများအနေဖြင့် စာသင်ချင်စိတ် တိုးပွားလာမည်ဖြစ်ကြောင်း၊ ပညာရေးမြှင့်တင်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ CDM နှင့်ပတ်သက်ပြီး online တွင် လှုံ့ဆော်နေသည့်အဖွဲ့များနှင့် အဆိုပါ အဖွဲ့များနောက်တွင် ပံ့ပိုးနေသူများရှိကြောင်း၊ ယင်းတို့နောက်တွင် ငွေကြေးစိုက်ထုတ်ပေးသည့် အဖွဲ့များရှိကြောင်း၊ မိမိတို့ကောင်စီအနေဖြင့် လုပ်ဆောင်ရန်ရှိသည်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆူပူဆန္ဒပြမှုများသည် တိုင်းပြည်ကို ထိခိုက်နစ်နာစေကြောင်း၊ တိုင်းပြည်ထိခိုက်နစ်နာမှုများ မဖြစ်ပေါ်စေရန် မိမိတို့သည် စိတ်ရှည်သည်းခံပြီး နားလည်အောင် ရှင်းလင်းပြောကြားကာ ပြည်သူများပါ အတူပါဝင်ပြီး ပုံမှန်လမ်းကြောင်းပေါ် တည့်အောင် ဆောင်ရွက်ရန်လိုကြောင်း။

### စီးပွားရေးမြှင့်တင်ဆောင်ရွက်ရန်လို

ယခုအခါ မိမိတို့နိုင်ငံတွင် နှစ်စဉ်ဘဏ္ဍာငွေ လိုငွေပြမှုနှင့် ကုန်သွယ်ရေးလိုငွေပြမှုများရှိသည်ကို တွေ့ရကြောင်း၊ မိမိတို့နိုင်ငံ၏ ငွေကြေးတန်ဖိုး ထိခိုက်ကြောင်း၊ ထို့ကြောင့် ငွေကြေးတန်ဖိုးခိုင်မြဲရန် လိုအပ်ကြောင်း၊ ကုန်သွယ်ရေးနှင့်ပတ်သက်၍ စီးပွားရေးကိုမြှင့်တင်ရန် လိုအပ်ကြောင်း၊ မိမိတို့သည် ဦးတည်ချက် ၅ ရပ် ချပေးထားကြောင်း၊ မိမိတို့ကောင်စီအနေဖြင့် နိုင်ငံတော်၏ ယိုင်နေသည့် စီးပွားရေးကို ပြန်လည်တည့်မတ်အောင် အားထည့်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ မိမိတို့အနေဖြင့် စီးပွားရေးကုစားမှုများကို ဆောင်ရွက်ရမည်ဖြစ်ပြီး ကုန်သွယ်မှုလိုငွေလျှော့ချရေးအတွက် ပြည်ပသွင်းကုန်များ လျှော့ချရေးနှင့် ပြည်တွင်းထုတ်ကုန်များတိုးမြှင့်ပို့ဆောင်၍ စီးပွားရေးမြှင့်တင်ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်တွင်းထုတ်ကုန်များ တိုးမြှင့်ရေးတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများသည် အရေးပါကြောင်း၊ နိုင်ငံတော် ဘဏ္ဍာငွေသုံးစွဲမှုများကိုလည်း တတ်နိုင်သမျှ လျှော့ချရမည်ဖြစ်ကြောင်း၊ နိုင်ငံဖွံ့ဖြိုးရေးအတွက် အဓိကအရေးပါသည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ဆက်သွယ်ရေးစနစ်များ ကောင်းမွန်ရေး၊ လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်ရေးအတွက် လိုအပ်သည့် ပညာသင်ကြားရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကောင်းမွန်ရေးတို့ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားခများ သက်သာစေရေးနှင့် လျှပ်စစ်ဓာတ်အားတိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များဖြစ်သည့် ရေအားလျှပ်စစ်ထုတ်လုပ်မှုနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် လုပ်ငန်းရပ်များအား တိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ **စာမျက်နှာ ၄ သို့** »»

»»» **စာမျက်နှာ ၃ မှ**

လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးအတွက် မီးရထားလမ်းနှင့် မော်တော်ကားလမ်းများအား ပုံမှန်ထိန်းသိမ်းမှုများကို အမှန်တကယ် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ သောက်သုံးရေအခက်အခဲရှိသည့် မြို့နယ်များတွင် သောက်သုံးရေရရှိရေး နည်းလမ်းရှာဖွေဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့အနေဖြင့် မဖြစ်မနေဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီဝင်များဖြစ်ကြသည့် ဦးသိန်းညွန့်၊ မန်းငြိမ်းမောင်၊ Jeng Phag နော်တောင်၊ ဒေါ်အေးနုစိန်၊ ဦးမောင်းဟာနှင့် ဦးခင်မောင်ဆွေတို့က ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်အတွင်း မိုင်းရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ရှင်းလင်းဆောင်ရွက်နေမှု အခြေအနေများ၊ တပ်မတော်၏ နိုင်ငံတော်တာဝန်ကို ခေတ္တတာဝန်ယူ ထမ်းဆောင်နေမှုအပေါ် နိုင်ငံတကာ၏ သဘောထားအမြင်များ၊ ရခိုင်ပြည်နယ်ဖြစ်စဉ်အခြေအနေ၊ လူပုဂ္ဂိုလ်ကိုးကွယ်မှုများကြောင့် နိုင်ငံရေးရှုပ်ထွေးလာခဲ့မှုအခြေအနေ၊ သာသနာရေးဆိုင်ရာ အဆောက်အအုံများ လျှပ်စစ်မီးသုံးစွဲမှုနှင့်ပတ်သက်၍ ခတ်အားအသုံးပြုခ လျှော့ပေါ့ပေးရေးကိစ္စ၊ ရုံးလုပ်ငန်းများ နှောင့်နှေးစေရန်အတွက် နိုင်ငံ့ဝန်ထမ်းများအား CDM ပြုလုပ်ရန် ဖိအားပေးမှုများနှင့် စည်းရုံးသိမ်းသွင်းမှုများကို နောက်ကွယ်မှပြုလုပ်နေသည့် အဖွဲ့အစည်းများအား ဖော်ထုတ်အရေးယူဆောင်ရွက်ရေးနှင့် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအား အကာအကွယ်ပေးရန်လိုအပ်သည့် အခြေအနေများအား ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကော်မရှင်နှင့်ပတ်သက်သည့် မဲစာရင်းကို အမြန်ဆုံးချပြပေးမည်ဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် တိုင်ကြားစာတက်သည့် မြို့နယ်များကို ဦးစွာစစ်ဆေးဆောင်ရွက်လျက်ရှိသည်ဟု သိရှိရကြောင်း၊ စိစစ်တွေ့ရှိသည့် မဲစာရင်းကွာဟမှုများကို ထုတ်ပြန်ပေးလျက်ရှိကြောင်း၊ ကျန်ရှိသည့် မြို့နယ်များကိုလည်း ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံသားများမှတ်ပုံတင်ရရှိရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနမှ ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

မီဒီယာနှင့်ပတ်သက်၍ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှ

**မီဒီယာနှင့်ပတ်သက်၍ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှတစ်ဆင့် မီဒီယာ ကျင့်ဝတ်စည်းကမ်းနှင့်အညီ ဆောင်ရွက်နိုင်ရေးကို ထိန်းသိမ်းကြပ်မတ်ရေး ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သတင်းများတွင် အာဏာသိမ်းစစ်အစိုးရဟု အသုံးအနှုန်းများကို သတိပေးထားပြီး ဆက်လက်၍ သုံးနှုန်းရေးသားမည်ဆိုပါက ထုတ်ဝေခွင့်ပိတ်သိမ်းသည်အထိ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်ကိစ္စရပ်များနှင့်ပတ်သက်၍ ကိုဖီအာနန်ကော်မရှင်ဆောင်ရွက်ခဲ့မှုများအပေါ်တွင်လည်း စုံစမ်းဖော်ထုတ်မှုများ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကိုသာကြည့်ပြီး တိုင်းပြည်၏အကျိုးကိုမကြည့်ဘဲ ကိုယ်ကျိုးအတွက်ဆောင်ရွက်ခဲ့မှုများကိုလည်း ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း၊**

တစ်ဆင့် မီဒီယာကျင့်ဝတ်စည်းကမ်းနှင့်အညီ ဆောင်ရွက်နိုင်ရေးကို ထိန်းသိမ်းကြပ်မတ်ရေး ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သတင်းများတွင် အာဏာသိမ်းစစ်အစိုးရဟု အသုံးအနှုန်းများကို သတိပေးထားပြီး ဆက်လက်၍သုံးနှုန်းရေးသားမည်ဆိုပါက ထုတ်ဝေခွင့်ပိတ်သိမ်းသည်အထိ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်ကိစ္စရပ်များနှင့်ပတ်သက်၍ ကိုဖီအာနန်ကော်မရှင်ဆောင်ရွက်ခဲ့မှုများအပေါ်တွင်လည်း စုံစမ်းဖော်ထုတ်မှုများ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကိုသာကြည့်ပြီး တိုင်းပြည်၏အကျိုးကိုမကြည့်ဘဲ ကိုယ်ကျိုးအတွက်ဆောင်ရွက်ခဲ့မှုများကိုလည်း ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးမီတာခများ သက်သာခွင့်ကိုလျှော့ချပေးထားကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် တပ်မတော်သားများ၏ တာဝန်ထမ်းဆောင်မှုအပေါ်မူတည်၍ ချီးမြှင့်ငွေများ ပေးအပ်လျက်ရှိကြောင်း၊ ကျောင်းများပြန်လည်ဖွင့်လှစ်၍ ကျောင်းများအား ထိန်းသိမ်းပြုပြင်ခြင်း၊ ဆရာ ဆရာမများအနေဖြင့် သင်ကြားမှုအထောက်အကူပြုအစည်းအဝေးများ ပြုလုပ်ခြင်းများကို လေ့ကျင့်ဆောင်ရွက်ခြင်းဖြင့် ကျောင်းသားကျောင်းသူများ ပြန်လည်ပညာသင်ကြားချိန်တွင် အသင့်ဖြစ်စေမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် စိုက်ပျိုး၊ မွေးမြူရေးနိုင်ငံဖြစ်သဖြင့် ၎င်းလုပ်ငန်းများနှင့်ပတ်သက်၍ သင်တန်းကျောင်းများ၊ ကောလိပ်များ၊ တက္ကသိုလ်များကို တိုးချဲ့ဖွင့်လှစ်၍ လိုအပ်သည့်စိုက်မွေးပညာရှင်များ မွေးထုတ်ပေးရန်လိုကြောင်း၊ ဒေသအလိုက်ကိုက်ညီသည့် စိုက်ပျိုးရေးထုတ်ကုန်များရရှိအောင် သုတေသနပြု၍ ထိရောက်စွာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်နယ်များအလိုက် ရေအားလျှပ်စစ် ဓာတ်အားထုတ်လုပ်ရေးစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုပြီး ပြည်နယ်များအလိုက် လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားသည် လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအရေးပါသဖြင့် ဒေသအလိုက်သဘာဝပတ်ဝန်းကျင်မထိခိုက်စေသည့် ရေအားလျှပ်စစ်စီမံကိန်းများကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရေသည်လူသားများ၏ နေ့စဉ်လူနေမှုဘဝအတွက် အရေးအကြီးဆုံးလိုအပ်ချက်တစ်ခုဖြစ်သောကြောင့် မြေအောက်ရေသုံးစွဲမှုနှင့်ပတ်သက်၍ မိုးနည်းသည့်ဒေသများတွင် မြေအောက်ရေအလွန်အကျွံ သုံးစွဲခြင်းသည် ရေရှားပါးမှုကို ပိုမိုဖြစ်ပေါ်စေနိုင်သဖြင့် ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဘဏ်လုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရေးအတွက်လည်း တိုက်တွန်းဆောင်ရွက်လျက်ရှိပြီး လုံခြုံရေးလုပ်ငန်းများကို တတ်နိုင်သမျှဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများသည် အရေးကြီးသဖြင့် ကျန်းမာရေးဝန်ထမ်းများ လုပ်ငန်းတာဝန်များ ပြန်လည်ထမ်းဆောင်နိုင်ရေးအတွက် ဆောင်ရွက်ပေးရန်လိုအပ်ပြီး ဖိအားပေးနှောင့်ယှက်နေသူများကိုလည်း ဖော်ထုတ်၍ ဥပဒေအရအရေးယူနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၃၉) ကြိမ်မြောက် အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး တက်ရောက်ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

(၃၉)ကြိမ်မြောက် အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့အစည်းအဝေး(39th Meeting of the High–level Task Force on ASEAN Economic Integration – HLTF–EI ) ကို ယနေ့တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော် တက်ရောက်သည်။




**ဆွေးနွေး**

အစည်းအဝေးတွင် ဘရူနိုင်းနိုင်ငံ အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ယူသည့် ၂၀၂၁ ခုနှစ်အတွင်း ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်းများ၊ အာဆီယံ ဘက်စုံပြန်လည်ထူထောင်ရေးမူဘောင် အကောင်အထည်ဖော်မှုအခြေအနေ၊ အာဆီယံစီးပွားရေးအသိုက်အဝန်း(အေအီးစီ) ၂၀၂၅ လမ်းပြမြေပုံ ကာလလယ်သုံးသပ်ချက် ဆောင်ရွက်မှုအခြေအနေ၊ ၂၀၂၅ ခုနှစ်အလွန် အာဆီယံ၏ ဖွံ့ဖြိုးတိုးတက်မှု မျှော်မှန်းချက်၊ စတုတ္ထ စက်မှုအသွင်ကူးပြောင်းရေးမူဘောင်အကောင်ထည်ဖော်ရန်ကိစ္စရပ်များ၊ အာဆီယံအနေဖြင့် ပြင်ပမိတ်ဖက်အဖွဲ့အစည်းများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးချဲ့မည့် အစီအစဉ်၊ အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ လုပ်ငန်းလမ်းညွှန်နှင့် ၂၀၂၁ ခုနှစ် မတ် ၂ ရက်တွင် ကျင်းပမည့် (၂၇)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးသို့ တင်ပြမည့် အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ အကြံပြုချက်များကို ဆွေးနွေးကြသည်။

ဒုတိယဝန်ကြီးက ဆွေးနွေးပြောကြားရာတွင် ယခုအစည်းအဝေးကျင်းပပေးသည့်အတွက် ဘရူနိုင်းနိုင်ငံအား ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံများ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် အပြန်အလှန်ချစ်ကြည်ရင်းနှီးစွာဖြင့် ဆက်ဆံသွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ကမ္ဘာ့ကုလသမဂ္ဂ၊ ဘင်းစတက်နှင့် မဲခေါင်အဖွဲ့အစည်းများစသည့် ဒေသတွင်းနှင့် နိုင်ငံစုံ ပူးပေါင်းဆောင်ရွက်မှုများတွင်လည်း တက်ကြွစွာပါဝင်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ လက်ရှိဆောင်ရွက်နေသည့် နှစ်နိုင်ငံနှင့် နိုင်ငံစုံစာချုပ်များကိုလည်း ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

အစည်းအဝေးတွင် စင်ကာပူနိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် Mr. Gabriel Lim က အစည်းအဝေးသဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ကြသည်။

**သတင်းစဉ်**

# တစ်နိုင်ငံလုံးအေးချမ်းတည်ငြိမ်မှုရှိမှ တစ်ဦးချင်း၏ အကျိုးစီးပွားကို ဖော်ဆောင်သွားနိုင်မည်

**ရွေးကောက်ပွဲ မဲစာရင်းမှားယွင်းမှုများကို ရွေးကောက်ပွဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အရေးပေါ်ကာလ ပြီးဆုံးသွားပါက စည်းကမ်းပြည့်ဝပြီး အနှစ်သာရရှိသည့် ရွေးကောက်ပွဲကို ပြန်လည်ကျင်းပပေးသွားမည် ဖြစ်ကြောင်း၊ မိမိတို့ တာဝန်ယူသည့် အရေးပေါ်ကာလအတွင်း ပြည်သူလူထု၏ စားဝတ်နေရေးနှင့် အေးချမ်းတည်ငြိမ်ရေးကို အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့အတူ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဦးစားပေးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး အေးချမ်းတည်ငြိမ်မှုရှိမှ တစ်ဦးချင်း၏ အကျိုးစီးပွားကို ဖော်ဆောင်သွားနိုင်မည်ဖြစ်ကြောင်း။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၅-၂-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

# ပြည်ထောင်စုဝန်ကြီး ဦးကိုကို စစ်ကိုင်းမြို့ရှိ သီတဂူအပြည်ပြည်ဆိုင်ရာ ဝိပဿနာတက္ကသိုလ်၊ သီတဂူဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု ဒေါက်တာဘဒ္ဒန္တဉာဏိဿရနှင့် နိုင်ငံတော်ပရိယတ္တိတက္ကသိုလ်(မန္တလေး) ဒုတိယပါမောက္ခချုပ်ဆရာတော်များအား ဖူးမြော်ကြည်ညို

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် ယနေ့နံနက် ၉ နာရီတွင် စစ်ကိုင်းမြို့ သောတာပန်ရပ်ကွက်ရှိ သီတဂူအပြည်ပြည်ဆိုင်ရာ ဝိပဿနာတက္ကသိုလ်သို့ သွားရောက်ကာ အဘိဓဇမဟာရဋ္ဌဂုရု ဒေါက်တာဘဒ္ဒန္တဉာဏိဿရ အရှင်မြတ်အား သွားရောက်ဖူးမြော်ကြည်ညိုခဲ့ပြီး ဆရာတော်ကြီးထံမှ ဩဝါဒကထာနာယူကာ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။



**ဆက်ကပ်လှူဒါန်း**

ထို့အတူ နံနက် ၁၁ နာရီတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ် နိုင်ငံတော်ပရိယတ္တိတက္ကသိုလ်(မန္တလေး)ရှိ ဒုတိယပါမောက္ခချုပ်(သင်ကြား) ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တဉာဏာလင်္ကာရာဘိဝံသနှင့် ဒုတိယပါမောက္ခချုပ်(စီမံ) အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တကေသရ အမှူးပြုသော သင်ကြား/စီမံ ဆရာတော် ခုနစ်ပါးတို့အား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။

အဆိုပါအခမ်းအနား၌ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအတွင်းရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး အစရှိသည့် တန်ခိုးကြီးဘုရားစေတီများအား အများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ဖွင့်လှစ်ထားရှိပြီးဖြစ်ကြောင်း၊ ဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် ထေရဝါဒဗုဒ္ဓသာသနာ တိုးတက်ခိုင်မာအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်( ရန်ကုန်/မန္တလေး)ပြန်လည်ဖွင့်လှစ်သင်ကြားနိုင်ရေး လိုအပ်သည်များ မိန့်ကြားပေးစေလိုကြောင်း၊ နိုင်ငံတော်မှ ကျင်းပပြုလုပ်သည့် ပရိယတ္တိစာမေးပွဲများကိုလည်း ပုံမှန်အတိုင်း ကျင်းပပြုလုပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိသကဲ့သို့ ပရိယတ္တိအသင်းကြီးများမှ သာမဏေကျော်စာမေးပွဲများကိုလည်း ကျင်းပမြဲအတိုင်း ကျင်းပနိုင်ရေး လိုအပ်သည့် ထောက်ပံ့ကူညီမှုများ ပေးသွားမည်ဖြစ်ကြောင်း၊ နှစ်စဉ်ကျင်းပသည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားများနှင့် ပုံမှန်ကျင်းပလျက်ရှိသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါး စုံညီအစည်းအဝေးများကိုလည်း ဆက်လက်ကျင်းပပြုလုပ်နိုင်ရေး သတ်မှတ်လျာထားပြီးဖြစ်ကြောင်း လျှောက်ထားပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ် အမျိုးသားဇာတ်ရုံ၌ မန္တလေးမြို့ရှိ ဘာသာရေးအသင်းအဖွဲ့များမှ ဘာသာရေးခေါင်းဆောင်များနှင့်တွေ့ဆုံ၍ လက်ရှိဖြစ်ပေါ်လျက်ရှိသော အခြေအနေများကို ရှင်းလင်းပြောကြားကာ ဘာသာရေးအသင်းအဖွဲ့များ၏ လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ရန်ဆန္ဒရှိပြီး လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများမှတစ်ဆင့် ဆက်သွယ်တင်ပြနိုင်ရန် ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ကျန်းမာရေးဝန်ထမ်းများအား ပန်ကြားချက်

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဆရာဝန်များ၊ သူနာပြုများ၊ ဆေးဘက်ဆိုင်ရာကျွမ်းကျင်ဝန်ထမ်းများ၊ အခြားသော အထောက်အကူပြုဝန်ထမ်းအသီးသီးတို့သည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID–19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ရှေ့တန်းမှ စွမ်းစွမ်းတမံ အားထုတ်ကြိုးပမ်း ဆောင်ရွက်ခဲ့မှုများကြောင့် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

၂။ ယခုအချိန်အခါသည် COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ပြည်သူလူထုအတွက် ကာကွယ်ဆေးထိုးနှံရေး ဆက်လက်ဆောင်ရွက်နေသည့် အချိန်ဖြစ်ခြင်းကြောင့်လည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် လိုအပ်နေသော ပြည်သူလူထုအား အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်မှုပေးအပ်နိုင်ရန်အတွက်လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဝန်ထမ်းများအနေဖြင့် လူနာများ၏ အကျိုးကို ရှေးရှု၍ မိမိတို့လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက် ထမ်းဆောင်ကြပါရန် အလေးအနက်ထား တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# “ပြည်သူသို့ မေတ္တာရပ်ခံချက်”

၁။ ဒီမိုကရေစီကျင့်စဉ်အရ လူတိုင်းမှာ လွတ်လပ်စွာပြောဆိုခွင့်၊ လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့်ရှိကြပါသည်။ ထိုလွတ်လပ်မှုသည် သူတစ်ပါးအား မထိပါးစေရပါ။ မိမိနှင့် သဘောထားအယူအဆမတူသူကိုလည်း ကွဲလွဲခွင့်ပေးရပါသည်။ မတားဆီးရ၊ မထိပါးရပါ။ သို့ရာတွင် ယခုအခါ ဒီမိုကရေစီ လူ့အခွင့်အရေးကို အကြောင်းအမျိုးမျိုးပြကာ အခြားသူများအား အုပ်စုဖွဲ့အတင်းအကျပ်ပြုခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းများအထိ ဥပဒေကို ချိုးဖောက်မှုအချို့ ရှိလာခဲ့ပါသည်။ စည်းကမ်းမရှိလျှင် ဒီမိုကရေစီ ပျက်စီးနိုင်ပါသည်။

၂။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုဘေးကင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်၊ တားဆီး၊ ဖျက်ဆီးသော ကျူးလွန်မှုများကို ထိရောက်ဟန့်တားမည့် ဆောင်ရွက်ချက်များဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ကြရပါမည်။

**၃။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ အေးချမ်းလုံခြုံခြင်းကို လိုလားကြသည့် ကျွန်ုပ်တို့ ပြည်သူတစ်ရပ်လုံးက ဥပဒေမဲ့ကျူးလွန်သူများကို လက်မခံကြရုံသာမက နိုင်ငံလူမျိုးအကျိုးအတွက် ပူးပေါင်းလက်တွဲကာ တားဆီးပယ်ရှားကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။**

# အသိ သတိဖြင့် ပူးပေါင်းဆောင်ရွက်ကြစေလို

ကျော်စွာ

**အမြဲသတိ၊ အသိရှေ့သွား
ဉာဏ်သွားမပေ၊ ထက်မြက်စေလော့
ပြုလေသမျှ၊ ကိစ္စများမြောင်
ဆောင်တိုင်းအောင်လိမ့်။**

ဆရာတော်ကြီးတစ်ပါးရဲ့ ဆုံးမစကားက အခုချိန်မှာ လွန်စွာအကျိုးရှိလှပါတယ်။ ဗုဒ္ဓ အဆုံးအမတရားတွေကို အချိန်အများကြီးပေးပြီး နာကြားစရာမလိုဘဲ လိုရင်းကို ထိထိမိမိနားလည် လွယ်တဲ့ ဆုံးမစကားဟု ဆိုရပါမယ်။ အရာရာမှာ သတိနှင့်အသိကို ဦးဆောင်ဦးရွက်ပြုပြီး ဉာဏ်ပညာဖြင့် ပြုလုပ်သမျှကိစ္စတိုင်းဟာ အမှန်ပင် အောင်မြင်ပေလိမ့်မယ်လို့ နားလည် လက်ခံထားမိပါတယ်။

အခုရက်ပိုင်းအတွင်း ဖြစ်ပေါ်နေတဲ့ သတင်းတွေက ရင်တုန်ပန်းတုန်ဖြစ်အောင် လှုပ်ခတ်လွန်းလှပါတယ်။ အမှန်အတိုင်းပြောရရင် ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ နေ့စဉ်လိုလို ကောလာဟလသတင်းတွေ၊ အမုန်းစကားတွေ၊ သတင်းတု သတင်းယောင်တွေက ပုံသဏ္ဌာန် အမျိုးမျိုးနဲ့ နေရာယူနေကြတာကို တွေ့နေရပါတယ်။ အချို့သတင်းတုသတင်းယောင်တွေဆိုရင် သာမန်ပုံဖျက်ထုတ်လွှင့်ရုံသာမကဘဲ ပိပိရိရိ ပြင်ဆင်ဖန်တီးပြီး အယုံသွင်းထုတ်လွှင့်နေပါတော့တယ်။

ခြုံပြီးပြောရရင် ဒီနေ့အချိန်မှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစတဲ့ နယ်ပယ်ကဏ္ဍမျိုးစုံမှာ သတိတရား၊ အသိတရားဖြင့် ရှင်သန်လုပ်ကိုင်ဖို့ လိုအပ်နေပါတယ်။ သတိနှင့်အသိကပ်ပြီး အရာရာ ဆင်ခြင်ဆောင်ရွက်ဖို့ သတိပြုကြရမှာ ဖြစ်ပါတယ်။

**သတင်းတွေမှန်ဖို့လို**

ယနေ့ဖြစ်ပေါ်နေတဲ့ ဖြစ်စဉ်တွေနဲ့ ပတ်သက်ပြီး သတင်းမီဒီယာတွေရဲ့အခန်းကဏ္ဍ ဘယ်လိုရှိသလဲလို့ ပြန်လည်ဆန်းစစ်ကြည့်တဲ့အခါ ဆရာကြီးဇဝန ပြောခဲ့တဲ့စကားတွေကိုပဲ အမှတ်ရမိနေပါတယ်။ **"သတင်းစာမှာ ဖော်ပြပါရှိတဲ့ ဖြစ်ရပ်တွေဟာ ယနေ့အဖို့ 'သတင်း' ဖြစ်ပေမယ့် နောက်နေ့မှာ 'သမိုင်း' အဖြစ်ကို ရောက်ရှိသွားကြတယ်။ ဒါကြောင့် သတင်းစာတွေဟာ သမိုင်းကို မှတ်တမ်းတင်နေကြတယ်"** လို့ ဆိုခဲ့ဖူးပါတယ်။ တကယ်တော့ သတင်းမီဒီယာတွေရဲ့ အခန်းကဏ္ဍဟာ သမိုင်းကို မှတ်တမ်းတင်ရုံသာမက ပါဘူး။ အနာဂတ်သမိုင်းကိုပါ ဖန်တီးနေကြတယ်လို့ ကျွန်တော်ကတော့ ထင်မိတာပါပဲ။

**ဒီနေ့အချိန်ဟာ နိုင်ငံတော်ကို အရေးပေါ်အခြေအနေ ကြေညာပြီး တပ်မတော်က တာဝန်ယူဆောင်ရွက်နေချိန် ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ကျွန်တော်တို့တိုင်းပြည်ရဲ့ ဒီမိုကရေစီခရီးလမ်း ဖြောင့်ဖြောင့်ဖြူးဖြူး မှန်မှန်ကန်ကန် ခရီးဆက်နိုင်ဖို့အတွက် ဆောင်ရွက်နေချိန် ဖြစ်။**

တကယ်တမ်းပြောရရင် ဆရာကြီး ဇဝန ပြောခဲ့သလိုပဲ သတင်းစာဆိုတာ နိုင်ငံရေးနဲ့ လူမှုရေးကို ရှေ့တန်းတင်ပြီး ဂျာနယ်၊ မဂ္ဂဇင်းဆိုတာကတော့ စာပေယဉ်ကျေးမှုနဲ့ အနုပညာတို့ကို အလေးပေးရတဲ့ သဘောသဘာဝရှိပါတယ်။ တစ်ခါတစ်ရံတော့ ဂျာနယ်၊ မဂ္ဂဇင်းတို့ဟာလည်း သတင်းစာထက်ပိုပြီး နိုင်ငံရေးကို ဖောင်းပေးခဲ့ကြတာကိုလည်း တွေ့ရပါတယ်။

ဒါကြောင့် သတင်းမီဒီယာအားလုံးဟာ ကျွန်တော်တို့ရဲ့ အနာဂတ်သမိုင်းကို ဖန်တီးနေကြတာ ဖြစ်တဲ့အတွက် အလေးအမြတ်ပြုနေရတာပဲ ဖြစ်ပါတယ်။

**ကျွန်တော်တို့နိုင်ငံမှာတော့ ၂၀၁၄ ခုနှစ်ကစပြီး မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီကို ဖွဲ့စည်းဆောင်ရွက်နေတာ တွေ့ရတဲ့အတွက် ဝမ်းသာစရာကောင်းလှပါတယ်။ နိုင်ငံသားတိုင်း လွတ်လပ်စွာ ရေးသားထုတ်ဝေ ဖြန့်ချိနိုင်ဖို့၊ သတင်းမီဒီယာလုပ်ငန်းဟာ စတုတ္ထမဏ္ဍိုင်အဖြစ် ပီပြင်စွာရပ်တည်နိုင်ဖို့၊ သတင်းမီဒီယာသမားတွေရဲ့ ရပိုင်ခွင့်နဲ့ လွတ်လပ်ခွင့်တွေကို အပြည့်အဝရရှိစေဖို့၊ သတင်းမီဒီယာသမားတွေ လိုက်နာရမယ့်တာဝန်၊ ကျင့်ဝတ်၊ စည်းကမ်းကျင့်စဉ်တွေကို သတ်မှတ်ရေးဆွဲနိုင်ဖို့၊ နိုင်ငံသားတိုင်း သတင်းသိပိုင်ခွင့်ကို ဖြည့်ဆည်းပေးနိုင်ဖို့၊ သတင်းမီဒီယာတစ်ခုခုမှာ ရေးသားဖော်ပြ ထုတ်လွှင့်မှုတစ်ရပ်ရပ်နဲ့ပတ်သက်ပြီး တိုင်ကြားချက်၊ အငြင်းပွားချက်တွေ ဖြစ်ပေါ်လာရင် ညှိနှိုင်းဖြေရှင်းပေးဖို့အတွက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီကြီး ပေါ်ပေါက်ခဲ့ရတာဖြစ်။**

ဒီနေ့အချိန်ဟာ နိုင်ငံတော်ကို အရေးပေါ် အခြေအနေကြေညာပြီး တပ်မတော်က တာဝန်ယူ ဆောင်ရွက်နေချိန် ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ကျွန်တော်တို့တိုင်းပြည်ရဲ့ ဒီမိုကရေစီခရီးလမ်း ဖြောင့်ဖြောင့်ဖြူးဖြူး မှန်မှန်ကန်ကန် ခရီးဆက်နိုင်ဖို့ အတွက် ဆောင်ရွက်နေချိန် ဖြစ်ပါတယ်။

ဒီလိုအခြေအနေမှာ သတင်းတု/ သတင်းမှားတွေ၊ အမုန်းစကားတွေ၊ ကောလာဟလတွေ ထုတ်လွှင့်ပြီး တိုင်းပြည်မငြိမ်သက်အောင်၊ ဆူပူအုံကြွအောင် သွေးထိုးလှုံ့ဆော် ထုတ်လွှင့်မှုတွေ မပြုလုပ်ကြဖို့ ဝိုင်းဝန်းဆန့်ကျင် တားမြစ်ရမယ့်အချိန် ဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်နိုင်ဖို့အတွက် တစ်ခုတည်းသောနည်းလမ်းဟာ သတင်းမီဒီယာတွေ အားလုံး ကျင့်ဝတ်သိက္ခာ စောင့်စည်းပေးဖို့နဲ့ စည်းကမ်းဥပဒေ လိုက်နာဆောင်ရွက်ဖို့ ဖြစ်ပါတယ်။

ယနေ့အချိန်ကဲ့သို့ စစ်အေးခေတ်လွန်ကာလမှာ သတင်းမီဒီယာလုပ်ငန်းတွေနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ သတိပြုသင့်တဲ့ အချက် သုံးချက်လောက် ရှိမယ်ထင်ပါတယ်။ ပထမအချက်ကတော့ ကျွန်တော်တို့နိုင်ငံဟာ နှစ်ပေါင်းများစွာ ဗဟိုဦးစီးစနစ်ကို ကျင့်သုံးခဲ့ပြီး ဒီမိုကရေစီစနစ်ကို ကူးပြောင်းခါစ အခြေမခိုင်သေးတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တဲ့အတွက် နိုင်ငံရေးသတင်းတွေ၊ ပဋိပက္ခသတင်းတွေ၊ ရွေးကောက်ပွဲသတင်းတွေ တင်ပြမှုနဲ့ပတ်သက်လာရင် အတွေ့အကြုံနည်းပါးပါတယ်။ ဒုတိယအချက်ကတော့ ကျင့်ဝတ်ပိုင်းဆိုင်ရာ လိုက်နာဆောင်ရွက်ဖို့ လေ့ကျင့်ပြုစုပျိုးထောင်ဖို့ လိုအပ်ပါတယ်။ တတိယအချက်ကတော့ ကျွန်တော်တို့အားလုံးဟာ သတင်းထိန်းချုပ်မှုများပြားတဲ့ ခေတ်စနစ်များအတွင်းမှာ ကာလကြာရှည်နေထိုင်ခဲ့ကြရတဲ့အတွက် သတင်းဦး/ သတင်းထူးမှန်သမျှကို ဝေဖန်ဆန်းစစ်မှု နည်းပါးပြီး အယုံလွယ်တတ်ပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့လို ဒီမိုကရေစီ မရင့်ကျက်၊ အခြေမခိုင်သေးတဲ့ နိုင်ငံတွေမှာ သတင်းမီဒီယာတွေကလည်း သတင်းထူး/ သတင်းဦးကို အဆောတလျင် ဖော်ပြကြတယ်။ ပြည်သူတွေကလည်း အယုံလွယ်ကြတယ်။ နောက်ဆုံးတော့ မလိုလားအပ်တဲ့ ပြဿနာတွေ၊ အရေးအခင်းတွေကို မီးလောင်ရာလေပင့်ပေးသလိုဖြစ်စေပြီး မတည်ငြိမ်မှုတွေနဲ့သာ ကြုံတွေ့နေရပါတယ်။ ဒါဟာ လွတ်လပ်မှုနဲ့ ကျင့်ဝတ်ဆိုင်ရာပြဿနာလို့သာ အလွယ်မှတ်ရပါတော့မယ်။

**ထိန်းကျောင်းရမယ့် အဖွဲ့အစည်းရှိဖို့လို**

ပြောရမယ်ဆိုရင် ဒီမိုကရေစီကျင့်စဉ်တွေ မခိုင်မာသေးတဲ့ ကျွန်တော်တို့နိုင်ငံအတွက် မှန်ကန်မျှတတဲ့ သတင်းအချက်အလက်တွေ ဖြန့်ဝေဖို့နဲ့ သတင်းမီဒီယာသမားတွေရဲ့ အကျိုးစီးပွားကို ကာကွယ်ပေးမယ့် အဖွဲ့အစည်းကြီးတစ်ရပ် မဖြစ်မနေလိုအပ်နေတာ လူတိုင်းသိကြပါတယ်။ အထူးသဖြင့် နိုင်ငံတိုင်းလိုလိုမှာ သတင်းမီဒီယာသမားတွေရဲ့ ကျင့်ဝတ်နဲ့ပတ်သက်ပြီး စောင့်ကြည့်လေ့လာထိန်းသိမ်းပေးဖို့နဲ့ သူတို့ရဲ့ အခက်အခဲတွေ၊ ပြဿနာတွေကို ကူညီဖြေရှင်းပေးနိုင်ဖို့ သတင်းမီဒီယာဆိုင်ရာ အဖွဲ့အစည်းကြီးတွေကို ဖွဲ့စည်းဆောင်ရွက်နေပါတယ်။

ကျွန်တော်တို့နိုင်ငံမှာတော့ ၂၀၁၄ ခုနှစ်ကစပြီး မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီကို ဖွဲ့စည်းဆောင်ရွက်နေတာ တွေ့ရတဲ့အတွက် ဝမ်းသာစရာကောင်းလှပါတယ်။ နိုင်ငံသားတိုင်း လွတ်လပ်စွာ ရေးသားထုတ်ဝေဖြန့်ချိနိုင်ဖို့၊ သတင်းမီဒီယာလုပ်ငန်းဟာ စတုတ္ထမဏ္ဍိုင်အဖြစ် ပီပြင်စွာရပ်တည်နိုင်ဖို့၊ သတင်းမီဒီယာသမားတွေရဲ့ ရပိုင်ခွင့်နဲ့ လွတ်လပ်ခွင့်တွေကို အပြည့်အဝရရှိစေဖို့၊ သတင်းမီဒီယာသမားတွေ လိုက်နာရမယ့်တာဝန်၊ ကျင့်ဝတ်၊ စည်းကမ်းကျင့်စဉ်တွေကို သတ်မှတ်ရေးဆွဲနိုင်ဖို့၊ နိုင်ငံသားတိုင်း သတင်းသိပိုင်ခွင့်ကို ဖြည့်ဆည်းပေးနိုင်ဖို့၊ သတင်းမီဒီယာတစ်ခုခုမှာ ရေးသားဖော်ပြ ထုတ်လွှင့်မှုတစ်ရပ်ရပ်နဲ့ပတ်သက်ပြီး တိုင်ကြားချက်၊ အငြင်းပွားချက်တွေ ဖြစ်ပေါ်လာရင် ညှိနှိုင်းဖြေရှင်းပေးဖို့အတွက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီကြီး ပေါ်ပေါက်ခဲ့ရတာ ဖြစ်ပါတယ်။ အဲဒီလုပ်ငန်းတွေကို အမှန်တကယ်လည်း ဆောင်ရွက်နိုင်ခဲ့ကြတာ တွေ့ရတဲ့အတွက် ကျွန်တော်တို့ အားရကျေနပ်မိတာ အမှန်ပါပဲ။ ကောင်စီမှာ ပါဝင်ခဲ့ကြတဲ့ ပုဂ္ဂိုလ်တွေဟာလည်း လစာတစ်ပြားတစ်ချပ်မှ မယူ၊ စေတနာအပြည့်နဲ့ ဆောင်ရွက်ပေးခဲ့ကြတာကို သတင်းမီဒီယာသမားတိုင်း တွေ့မြင်ခဲ့ကြပါတယ်။ အားရကျေနပ်ခဲ့ကြပါတယ်။

**အမြဲသတိ အသိရှေ့ထား**

အားလုံးသိကြပြီးတဲ့အတိုင်း မကြာသေးခင် ရက်ပိုင်းက မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်အချို့က နုတ်ထွက်ကြမယ်ဆိုတဲ့သတင်း ပျံ့နှံ့လာခဲ့ပါတယ်။ တစ်ဦးတစ်ယောက် နုတ်ထွက်ကြတာမဟုတ်ဘဲ အစုအဖွဲ့လိုက် နုတ်ထွက်ဖို့ ဆောင်ရွက်ကြတဲ့အတွက် နိုင်ငံသားတစ်ဦးအနေနဲ့ စိတ်မကောင်းဖြစ်ရပါတယ်။ အသိဉာဏ်ပညာ အထိုက်အလျောက်ရှိကြသူများ ဖြစ်တဲ့အပြင် အမှန်နဲ့ အမှား၊ အကျိုးနဲ့ အပြစ်ကို ခွဲခြားနိုင်ကြသူများဖြစ်တဲ့အတွက်လည်း ပြောစရာစကား မရှိအောင် ဆွံ့အမိပါတယ်။ မီဒီယာသမားတွေဟာ ယနေ့ဖြစ်ပေါ်နေတဲ့ ဖြစ်ရပ်တွေအပေါ် ပြည်သူကို မှန်မှန်ကန်ကန် သတင်းအချက်အလက်တွေပေးဖို့ လိုသလို ကျင့်ဝတ်စည်းကမ်းတွေ လိုက်နာဖို့ အတွက်လည်း ထိန်းသိမ်းဆောင်ရွက်ပေးဖို့ လိုအပ်နေချိန်ဖြစ်ပါတယ်။

အမှန်အတိုင်းပြောရရင် ဒီနေ့အချိန်မှာ ကောင်စီဝင်တွေအနေနဲ့ ကျောခိုင်းထွက်ခွာခြင်း မပြုသင့်ဘဲ သတင်းမီဒီယာသမားတွေရဲ့ အကျိုးအတွက် အတူတကွ ညီညီညွတ်ညွတ် ရင်ဆိုင်ဖြေရှင်းပေးရမယ့်အချိန် ဖြစ်ပါတယ်။ လွတ်လပ်ပြီး အမှီအခိုကင်းကင်း၊ အနှောင်အဖွဲ့ကင်းကင်း၊ အရောင်အသွေးကင်းကင်းနဲ့ သတင်းမီဒီယာလောကကြီးအကျိုးကို ဆောင်ရွက်ပေးရမယ့်အချိန် ဖြစ်ပါတယ်။ ပုထုဇဉ်လူသားများပီပီ ယုံကြည်ချက်၊ ရပ်တည်ချက်တွေ ကွဲပြားမှုရှိနိုင်ပေမယ့် မိမိတို့ တာဝန်ယူဆောင်ရွက်ရမယ့် အချိန်ကာလအထိ တာဝန်ကျေပွန်စွာ ဆောင်ရွက်ပေးကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ကျွန်တော့်အနေနဲ့ပြောရရင် ဆရာကြီး ဇဝနရဲ့ **"သတင်းစာတွေဟာ သမိုင်းကို မှတ်တမ်းတင်နေကြရုံသာမကဘဲ အနာဂတ်ကိုပါ ဖန်တီးနေကြတယ်"** ဆိုတဲ့စကားလိုပဲ သတင်းမီဒီယာကောင်စီဝင်တွေဟာ ခေတ်သမိုင်းတစ်ခုကို ဆောင်ရွက်ပေးနေရုံသာမက သတင်းမီဒီယာလောကရဲ့ အနာဂတ်ကိုပါ ဖန်တီးပေးနေသူတွေ ဖြစ်တဲ့အတွက် အလွန်အရေးပါသူတွေ ဖြစ်တယ်လို့ ခံစားမိပါတယ်။ မိမိရဲ့စိတ်ဆန္ဒတစ်ခုတည်းကို ဦးစားမပေးဘဲ သတင်းမီဒီယာလောကတစ်ခုလုံးကို ငဲ့ကွက်ထည့်တွက်ပြီး ပြန်လည်စဉ်းစားဆင်ခြင်ကြဖို့ ဖြစ်ပါတယ်။ သတိနဲ့အသိကိုရှေ့ရှုပြီး ပြန်လည်ပူးပေါင်းပါဝင်ပေးဖို့ မေတ္တာရပ်ခံပါတယ်။ ဒါမှသာ ကျွန်တော်တို့အားလုံး မျှော်လင့်နေတဲ့ ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံရဲ့ ဝိသေသလက္ခဏာတစ်ရပ်ကို ပိုမိုထုတ်ဖော်ပြသနိုင်မှာ ဖြစ်ပါတယ်။ ။

# ပြည်သူအချင်းချင်း သတင်းစကားကောက်နုတ်ချက်

၁။ နိုင်ငံကောင်းကျိုး၊ ပြည်သူလူထုအကျိုးအတွက် တာဝန်ဝတ္တရားများကို လုပ်ခွင်မပျက် ဆက်လက်ထမ်းဆောင်နေကြသော ဝန်ထမ်းကောင်းများကို ခြိမ်းခြောက်ဟန့်တားသူ၊ တားဆီးပိတ်ပင်သူ၊ တာဝန်ဝတ္တရားနှောင့်ယှက်သူများကို တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူပါလိမ့်မည်။

၂။ တိုင်းပြည်၊ လူမျိုး၊ ပြည်သူအကျိုးကို အစိုးရအဆက်ဆက် နှစ်ပေါင်းများစွာ အနစ်နာခံလျက် ထမ်းဆောင်ခဲ့ကြသော ဝန်ထမ်းများ၏ လုံခြုံမှုနှင့် ဘေးကင်းမှုကို ဥပဒေဖောက်ဖျက်ကျူးလွန်သူများစော်ကားခြိမ်းခြောက်ခြင်းမှ ထိရောက်စွာ ကာကွယ်ရန်ဖြစ်ပါသည်။

၃။ ပါတီနိုင်ငံရေး ကင်းရှင်းစွာဖြင့် နိုင်ငံပြည်သူအကျိုးအတွက် နိုင်ငံ့ဝန်ထမ်းများ၏ စေတနာအပြည့်အဝဖြင့် ရိုးသားကြိုးစားမှ မိသားစုလုံခြုံအေးချမ်းရာကြသော ဘဝကို စာနာနားလည်သောအားဖြင့် အနိုင်အထက် မတရားသဖြင့် တားဆီးနှောင့်ယှက်၊ သိက္ခာချခြင်းများကို မပြုလုပ်သင့်ပါကြောင်း ရိုးသားစွာ ဖော်ပြအပ်ပါသည်။

ဝန်ထမ်းပြည်သူတစ်ဦး

## နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းအကောင်အထည်ဖော်နိုင်မှု အခြေအနေသုံးသပ်ခြင်း အစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် State-Owned Enterprise (SOE) နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းအကောင်အထည်ဖော်နိုင်မှု အခြေအနေသုံးသပ်ခြင်း အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် ရုံးအမှတ် (၁၉) ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**ပြောကြား**

အစည်းအဝေးတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရှိ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းငါးခု၏ လုပ်ငန်းအကောင်အထည်ဖော်နိုင်မှု အခြေအနေ သုံးသပ်ခြင်း အစည်းအဝေး ပြုလုပ်ရခြင်းမှာ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းအကောင်အထည် ဖော်ရာတွင် ရငွေနှင့် သုံးငွေကို စနစ်တကျ စိစစ်ဆောင်ရွက်ရန်၊ ပိုမိုသုံးစွဲမှု ရှိ/ မရှိ ပြန်လည်သုံးသပ်ရန်၊ အမှန်လိုအပ်ချက်ထက်ပိုလျှံသည့် ဝန်ထမ်းများ မရှိစေရေး ပိုမိုခန့်ထားခြင်းများ မဖြစ်စေရန်၊ မလိုအပ်သည့် အသုံးစရိတ်များ ချွေတာရေး စိစစ်ဆောင်ရွက်ရန်၊ ကုန်ထုတ်လုပ်မှု ဆောင်ရွက်ရာတွင် တန်ဖိုးမြင့် ထုတ်ကုန်များ ရရှိအောင် ဆောင်ရွက်ရန်၊ နိုင်ငံတော်နှင့် အများပြည်သူတို့အတွက် အကျိုးပြုစေရေး အထူးအလေးထား ဆောင်ရွက်ရန်အတွက် ကျင်းပရခြင်း ဖြစ်ပါကြောင်း။

နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းများသည် Corporate Governance ကောင်းမွန်သော စီမံအုပ်ချုပ်မှု ရှိစေရန် စည်းကမ်းတကျရှိမှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူ၊ တာဝန်ခံမှုတို့ ကောင်းမွန်ရန် လိုအပ်ကြောင်း၊ မူဝါဒကောင်းများ ရှိရန်လိုအပ်ပြီး လုပ်ငန်းအကောင်အထည်ဖော်ရာတွင် လုပ်ငန်းစဉ် အဆင့်ဆင့် စနစ်တကျ ကောင်းမွန်လျှင် ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိမည်ဖြစ်ကြောင်း၊ နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းများသည် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ SOP များနှင့်အညီ ဆုံးဖြတ်ချက်များ ချမှတ်လုပ်ကိုင်ရန် လိုအပ်ကြောင်း၊ ဖွဲ့စည်းမှုအပိုင်းတွင်လည်း မိမိတို့ ရည်မှန်းချက်၊ ဦးတည်ချက်ကို ရရှိနိုင်မည့် စုဖွဲ့မှုမျိုးဖြစ်ရန်လိုအပ်ကြောင်း၊ မြို့နယ်အဆင့်ဝန်ထမ်းအထိ မိမိအဖွဲ့အစည်း၏ ဦးတည်ချက်၊ ရည်မှန်းချက်ကို သိရှိနေရန်လိုအပ်ကြောင်း၊ အကြောင်းကိစ္စ၊ ပြဿနာရှိလျှင် အဆင့်ဆင့် တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် မှန်ကန်ပြီး မြန်ဆန်နေရန် လိုအပ်ကြောင်း၊ Conflict of Interest(COI) မဖြစ်စေရေးကိုလည်း အထူးဂရုပြုဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ကောင်းမွန်သော စီမံအုပ်ချုပ်မှုဆောင်ရွက်နိုင်လျှင် ရလဒ်ကောင်းများ ရရှိလာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရှိ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများဖြစ်သည့် အမှတ်(၁) သတ္တုတွင်းလုပ်ငန်း၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်း၊ မြန်မာ့ ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် မြန်မာ့သစ်လုပ်ငန်းတို့မှ ဦးဆောင်ညွှန်ကြားရေးမှူးများက မိမိတို့လုပ်ငန်းအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို အသေးစိတ်ရှင်းလင်းတင်ပြရာ အမြဲတမ်းအတွင်းဝန် ဦးမင်းမင်းဦးက ဖြည့်စွက်ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကြာအင်းဆိပ်ကြီးမြို့နယ်၌ လမ်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**ကြာအင်းဆိပ်ကြီး ဖေဖော်ဝါရီ ၂၂**

နယ်စပ်ရေးရာ ဝန်ကြီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ရန်ပုံငွေကျပ် ၃၄၅ ဒသမ ၁ သန်းဖြင့် နှင်းသဇင်ဦးကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသော ကြာအင်းဆိပ်ကြီးမြို့နယ် တောင်ကလေး-ဘုရားသုံးဆူ ၅၃/၀ မိုင် လမ်းပေါ်တွင် ဖောက်လုပ်ခဲ့ပြီးဖြစ်သည့် ၂၂/၀ မိုင်အနက် ၁၀/၂ မိုင်အား ကျောက်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်ခဲ့ပြီးနောက် ကျန်မြေလမ်း ၁၁/၆ မိုင်အနက်မှ ၁/၄ မိုင် ကျောက်ခင်းခြင်း လုပ်ငန်းနှင့် ၎င်းလမ်းပေါ်ရှိ ပေ ၅၀ အာရ်စီ ကွန်ကရစ်တံတား နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အဆိုပါလမ်းလုပ်ငန်းခွင်သို့ ယနေ့တွင် ကြာအင်းဆိပ်ကြီးမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ မြို့နယ်တာဝန်ခံ ဦးထွန်းလင်းဇော် (လက်ထောက်ညွှန်ကြားရေးမှူး)နှင့် အဖွဲ့က သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါလမ်းသည် ကြာအင်းဆိပ်ကြီးမြို့နယ် ကျိုက်ဒုံမြို့မှ တောင်ကလေးသို့လည်းကောင်း၊ တောင်ကလေးမှ ဘုရားသုံးဆူမြို့သို့လည်းကောင်း ဆက်သွယ်ထားသော လမ်းဖြစ်ပြီး လက်ရှိတွင် လမ်းလုပ်ငန်း တစ်ခုလုံး၏ ၃၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်ကာ ယင်းလမ်းလုပ်ငန်း ပြီးစီးပါက ကျေးရွာအုပ်စု ခုနစ်အုပ်စုမှ ဒေသခံပြည်သူ ၂၀၉၇၆ ဦးတို့၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ များစွာ အထောက်အကူပြုမည် ဖြစ်ကြောင်း သိရသည်။

**ငွေကြယ်**

○

## မျိုးဆက်သစ်တို့ မိုးကောင်းကင်

အုပ်ချုပ်သူကို၊ ကန့်ကွက်လို၍
ကိုယ်၏မူလ၊ မြင့်မြတ်လှသော
ကြီးစွဝန်တာ၊ အဖြာဖြာနှင့်
ကျန်းမာရေးအမှု၊ မျက်ကွယ်ပြုလျက်
ပြည်သူ့မျက်နှာ၊ မထောက်ညှာဘဲ
ခုခါသူတို့သွားရက်ပြီ။
နားကြပ်ကိုင်ထား၊ ပညာရှိများက
ထားသည့်ကတိ၊ ပြုသည့်သစ္စာ
မထောက်ညှာသော် နစ်နာသည်ကား၊
ပြည်သူများတည့်
နာဖျားမကျန်း၊ ကြွေလုပန်းနှယ်
နွမ်းနယ်လှစွာ၊ မွေးလူနာတို့
ခုခါဒုက္ခ၊ တွေ့ကြုံရသော်
ကယ်မသူကိုတွေ့အောင်ရှာ။
တပ်မတော်ဆေးရုံများကိုသာ။
အားကိုး သူတို့ရောက်ခဲ့ရှာ။
ဘယ်သူပစ်ပစ်၊ မပစ်ပစ်လေ
ဘယ်သူချစ်ချစ်၊ မချစ်ချစ်လေ
မပစ်နိုင်သူကား၊ ပြည့်စစ်သားတည့်
ချစ်နိုင်သူကား၊ ပြည့်စစ်သားတည့်
မွေးဖွားလူနာ၊ မြတ်မာတာတို့
လာသာလာကြ၊ ကြိုဆိုကြ၏
ဖြူစွမေတ္တာ၊ သန့်စင်စွာဖြင့်
ခုခါကူဖေး၊ မွေးဖွားပေးသော်
ရင်သွေးရင်နှစ်၊ မျိုးဆက်သစ်တို့
ချစ်ဖွယ်လန်းဆန်း၊ အံ့မခန်းပင်
ပွင့်ပန်းတစ်ထောင်ကျော်ငါးရာ။
ပြည့်လုနီးပြီခဲ့သည်သာ။
သြော်.. တပ်မတော်သား၊ စစ်သည်များကား
တည်ထားကာစ၊ ရှေးအစမှ
ကာလယခု၊ ရပ်တည်မှုကား
ပြည်သူ့အပေါ်၊ ဘယ်ခါသော်မျှ
ယွင်းချော်မှောက်လှန်၊ မဖောက်ပြန်ခဲ့
ဖြောင့်မှန်စိတ်ထား၊ အရှိတရားကို
ထင်ရှားသက်သေ ၊ ပြလျက်ပေတည့်
စိတ်နေဖြောင့်မတ်၊ စိတ်ဓာတ်ဖြူစင်
ချစ်ခင်မြတ်နိုး၊ ပြည့်အကျိုးသာ
သယ်ပိုးနေလျက်၊ ခရီးဆက်မည်
မျိုးဆက်သစ်တို့မိုးကောင်းကင်။
တပ်မတော်အမှန်ဖြစ်သည်ပင်။ ။
(တပ်မတော်ဆေးဝန်ထမ်းများကို ဂုဏ်ပြုလျက်)

မြင်းမူမောင်နိုင်မိုး

# သတင်းမီဒီယာကောင်စီ (သို့မဟုတ်) လွတ်လပ်သည့် တစ်ခုတည်းသော မီဒီယာအဖွဲ့အစည်း

ဒေါက်တာသီတာတင်

မြန်မာနိုင်ငံမှာ သတင်းမီဒီယာကောင်စီကို ဥပဒေဖြင့် စတင်ဖွဲ့စည်းဖို့အတွက် ပြန်ကြားရေးဝန်ကြီးဌာနနဲ့ စာနယ်ဇင်းကောင်စီ(ယာယီ)တို့အကြား ပူးပေါင်းဆောင်ရွက်ခဲ့ကြတာကို ပြန်ပြောင်းသတိရမိတဲ့အတွက် ဒီဆောင်းပါးကို ရေးဖြစ်ခဲ့ပါတယ်။

ကျွန်မ ပြန်ကြားရေးဝန်ကြီးဌာနကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်စဉ်အချိန် ၂၀၁၂ ခုနှစ်လောက်မှာ မြန်မာနိုင်ငံရဲ့ မီဒီယာဖွံ့ဖြိုးရေးနဲ့ ပတ်သက်ပြီး ဆောင်ရွက်ဖို့ ပြန်ကြားရေးဝန်ကြီးဌာနနဲ့ စာနယ်ဇင်းလောကမှ ပုဂ္ဂိုလ်များ ညှိနှိုင်းကာ စာနယ်ဇင်းကောင်စီ(ယာယီ)ကို ဖွဲ့စည်းခဲ့တယ်လို့ သိရပါတယ်။ အဲဒီနောက် –

(က) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံသားတိုင်း လွတ်လပ်စွာ ရေးသားထုတ်ဝေဖြန့်ချိခွင့်ရှိသည့် သတင်းမီဒီယာလုပ်ငန်းများ ဖြစ်ပေါ်စေရန်၊

(ခ) သတင်းမီဒီယာလုပ်ငန်းသည် စတုတ္ထမဏ္ဍိုင်အဖြစ် ပီပြင်စွာရပ်တည်နိုင်စေရန်၊

(ဂ) သတင်းမီဒီယာများ၏ ရပိုင်ခွင့်နှင့် လွတ်လပ်ခွင့်များ အပြည့်အဝရရှိစေရန်၊

(ဃ) သတင်းမီဒီယာသမားများ လိုက်နာရမည့် တာဝန်၊ ကျင့်ဝတ်၊ စည်းကမ်းနှင့် ကျင့်စဉ်များကို ဆိုင်ရာလုပ်ငန်း၊ အဖွဲ့အစည်းများအတွင်း သတ်မှတ်ရေးဆွဲရန်၊

(င) နိုင်ငံသားတိုင်း၏ သတင်းသိပိုင်ခွင့်ကို ဖြည့်ဆည်းပေးရန်၊

(စ) သတင်းမီဒီယာတစ်ခုခုတွင် ရေးသားဖော်ပြထုတ်လွှင့်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ တစ်စုံတစ်ယောက်၏ တိုင်ကြားချက်၊ အငြင်းပွားချက်များကို နှစ်ဖက်ညှိနှိုင်းဖြေရှင်းသောနည်းလမ်းဖြင့် ကျေအေးပြေငြိမ်းစေရန်ဆိုတဲ့ ရည်ရွယ်ချက်ကောင်းတွေကို အကောင်ထည်ဖော်ဆောင်ရွက်ပေးနိုင်မည့် သတင်းမီဒီယာကောင်စီတစ်ခု ပေါ်ပေါက်လာစေဖို့ သတင်းမီဒီယာဥပဒေကြမ်းကို ပြန်ကြားရေးဝန်ကြီးဌာနနဲ့ စာနယ်ဇင်းကောင်စီ(ယာယီ)တို့အကြား ဆွေးနွေးညှိနှိုင်းရေးဆွဲခဲ့ကြပါတယ်။

ကျွန်မအနေနဲ့ ပြန်ကြားရေးဝန်ကြီးဌာနကိုယ်စား ဥပဒေကြမ်းကို ရေးဆွဲရေးမှာ ထဲထဲဝင်ဝင်ပါဝင်ခဲ့သူဖြစ်တာမို့ သတင်းမီဒီယာကောင်စီတစ်ခု ပေါ်ပေါက်လာရေးအတွက် ဥပဒေကြမ်းရေးဆွဲသူများအနေနဲ့ ဘယ်လောက် အားစိုက်ကြိုးပမ်းခဲ့ရသလဲဆိုတာ ယခုအချိန်အထိ အမှတ်ရနေဆဲ ဖြစ်ပါတယ်။ အချင်းချင်း ငြင်းခုံကာ အဖြေရှာ ညှိနှိုင်းခဲ့တာတွေ၊ နံနက် ၃ နာရီလောက်အထိ အလုပ်လုပ်ခဲ့ရတာတွေ၊ နိုင်ငံတကာရှိ သတင်းမီဒီယာကောင်စီတို့ရဲ့ သဘောသဘာဝ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ ဘဏ္ဍာရေး၊ လွတ်လပ်မှု၊ ကောင်စီဝင်များကို ရွေးချယ်မှုပုံစံ၊ မိမိနိုင်ငံနဲ့ သင့်တော်မှုရှိမယ့်အခြေအနေ၊ သတင်းသမားများ စောင့်စည်းအပ်တဲ့ တာဝန်၊ ကျင့်ဝတ်နဲ့ ရပိုင်ခွင့် အစရှိတာတွေကို လေ့လာကာ နိုင်ငံတကာအဆင့်မီ ဥပဒေတစ်ခု ထွက်လာစေဖို့ အချိန်များစွာပေးပြီး လေ့လာခဲ့ရပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနနဲ့ စာနယ်ဇင်းကောင်စီ(ယာယီ) တို့အကြား ဆွေးနွေးမှုအကြိမ်ကြိမ် ပြုလုပ်ကာ ၂၀၁၄ ခုနှစ် မတ်လတွင် သတင်းမီဒီယာဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။

ဥပဒေပြဋ္ဌာန်းပြီးနောက် မီဒီယာကဏ္ဍဖွံ့ဖြိုးရေးနဲ့ ပြည်သူ့အကျိုးပြုစေဖို့ သတင်းမီဒီယာကောင်စီဖွဲ့စည်းရေးကို ဆက်လက်ဆောင်ရွက်ကြရပါတယ်။ ဒီဥပဒေအရ သတင်းမီဒီယာကောင်စီ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ ဖွဲ့စည်းရာတွင် အဖွဲ့ဝင်များ၏ ရွေးချယ်မှုကြောင့် အတွင်းရေးမှူးအဖြစ် ကျွန်မဆောင်ရွက်ခဲ့ရပါတယ်။ ကျွန်မတို့ရဲ့ သတင်းမီဒီယာကောင်စီ ရွေးချယ်တင်မြှောက်ရေးအဖွဲ့နဲ့ စာနယ်ဇင်းကောင်စီ(ယာယီ)တို့အကြား သတင်းမီဒီယာကောင်စီဝင်များကို ရွေးချယ်တင်မြှောက်မယ့်ပုံစံနဲ့ နည်းလမ်းများကို အကျေအလည် ဆွေးနွေးကြပြီးနောက် မူကြမ်းကို ပြန်ကြားရေးဝန်ကြီးဌာနကို တင်ပြပြီး ဝန်ကြီးဌာနမှ အမိန့်ညွှန်ကြားချက် ထုတ်ပြန်ပေးခဲ့ပါတယ်။

အဲဒီနောက်မှာ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ကောင်စီဝင်လောင်း အဆိုပြုလွှာကို တောင်းခံကြပြီး သတ်မှတ်စည်းမျဉ်းများနဲ့ ကိုက်ညီမှု ရှိ၊ မရှိကို ရွေးချယ်တင်မြှောက်ရေးအဖွဲ့က စိစစ်လို့ ကိုက်ညီသူများစာရင်းကို ထုတ်ပြန်ပေးရပြီး ဥပဒေနဲ့အညီ ရွေးချယ်ပွဲကို ကျင်းပပေးရပါတယ်။ သတင်းမီဒီယာကောင်စီဝင်များအဖြစ် ရွေးချယ်ခံရသူများစာရင်းကို ပြန်ကြားရေးဝန်ကြီးဌာနမှတစ်ဆင့် နိုင်ငံတော်သမ္မတရုံးသို့ တင်ပြရပါတယ်။ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာထုတ်ပြန်ပြီးနောက် နည်းဥပဒေ (၁၄) အရ သမ္မတရှေ့မှောက်တွင် ကတိသစ္စာပြုကြရပါတယ်။ ဒီလိုနဲ့ သတင်းမီဒီယာဥပဒေ ပုဒ်မ ၁၂ အရ **“ကောင်စီသည် စာနယ်ဇင်းသမားများနှင့် စပ်လျဉ်း၍ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ လွတ်လပ်စွာ ဆောင်ရွက်နိုင်သည့် တစ်ခုတည်းသော အဖွဲ့အစည်းဖြစ်သည်”** ဟူသည့် မြန်မာနိုင်ငံရဲ့ ပထမဦးဆုံးသော သတင်းမီဒီယာကောင်စီကို အဘဦးခင်မောင်လေး {ဦးဖိုးသောကြာ (ယခုကွယ်လွန်)} ဥက္ကဋ္ဌအဖြစ် ဦးဆောင်သော ကောင်စီကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့ပါတယ်။

ပေးအပ်တဲ့တာဝန်များကို သက်တမ်းသုံးနှစ်ကြာ ကျေပွန်စွာဆောင်ရွက်ကြပြီးနောက် ဒုတိယအကြိမ် သတင်းမီဒီယာကောင်စီအသစ်ရွေးချယ်ဖို့ အချိန်ကျရောက်တဲ့အခါ သတင်းမီဒီယာကောင်စီ ရွေးချယ်တင်မြှောက်ရေးအဖွဲ့အသစ်ကို ဖွဲ့စည်းပြီး ဥပဒေနဲ့အညီ ယခင်အတိုင်းဆောင်ရွက်ကြရပါတယ်။ ကျွန်မတို့အဖွဲ့က ဒုတိယအကြိမ်သတင်းမီဒီယာကောင်စီဝင်များ စာရင်းကို ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၂ ရက်နေ့မှာ ကြေညာခဲ့ပါတယ်။ ဒုတိယအကြိမ် သတင်းမီဒီယာကောင်စီမှာ ဥက္ကဋ္ဌအဖြစ် ဦးဆောင်သူကတော့ အဘ ဦးအုန်းကြိုင် (ဟံသာဝတီ) (ယခုကွယ်လွန်) ဖြစ်ပါတယ်။

သတင်းမီဒီယာကောင်စီဝင်များ ဖြစ်လာသူများကိုကြည့်ရင် သတင်းမီဒီယာသမားများ၊ သတင်းအေဂျင်စီများ၊ ပုံနှိပ်ထုတ်ဝေသူများ၊ စာရေးဆရာများ၊ ကဗျာဆရာများ၊ ကာတွန်း ရုပ်ပြဆရာများ၊ လူမှုရေး၊ စီးပွားရေး၊ စာပေယဉ်ကျေးမှု၊ ဥပဒေရေးရာ၊ သိပ္ပံနဲ့ နည်းပညာဆိုင်ရာ အသိပညာရှင်နဲ့ အတတ်ပညာရှင် အသင်းအဖွဲ့များ၊ သမ္မတနဲ့ လွှတ်တော်နှစ်ရပ်မှ ရွေးချယ်ပေးပို့သည့်သူများ၊ တစ်သီးပုဂ္ဂလ ပါဝင်ရွေးချယ်ခံအနိုင်ရသူများနဲ့ မိမိတို့ဆိုင်ရာ အသင်းများမှာ ယှဉ်ပြိုင်အောင်မြင်ပြီးမှ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ကျင်းပတဲ့ ရွေးချယ်ပွဲမှာ ထပ်မံယှဉ်ပြိုင်၍ အနိုင်ရလို့ ကောင်စီဝင်များဖြစ်လာကြတဲ့သူများ ပါဝင်တာတွေ့ရပါတယ်။ တင်ပြချင်တာက ကောင်စီဝင်ဖြစ်လာသူများအနေနဲ့ အလွယ်တကူ ဖြစ်လာကြသူများမဟုတ်ကြပါ။ သူတို့ရဲ့ ဆိုင်ရာကဏ္ဍတွေမှာ နာမည်သတင်းရှိသူများဖြစ်တာ တွေ့ရပါတယ်။

ကောင်စီဝင်များဖြစ်လာပြီးနောက်တွင်လည်း သတင်းမီဒီယာဥပဒေ၊ ပုဒ်မ (၁၇) ပါ ပြဋ္ဌာန်းချက်များဖြစ်တဲ့ ကောင်စီရဲ့ အောက်ပါတာဝန်များကို ဆောင်ရွက်ကြရပါတယ်–

(က) သတင်းမီဒီယာကို စောင့်ကြည့်ခြင်းနှင့် အရည်အသွေးမြှင့်တင်ပေးခြင်း၊

(ခ) သတင်းမီဒီယာလုပ်ငန်းသုံးပစ္စည်းများ ပြည်ပမှ တင်သွင်းရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် သက်ဆိုင်ရာအစိုးရဌာနများနှင့် ညှိနှိုင်းခြင်း၊

(ဂ) သတင်းမီဒီယာဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများ ကျင်းပစီစဉ်ခြင်း၊

(ဃ) သတင်းဆိုင်ရာ ထူးချွန်သူများကို ဆုချီးမြှင့်ရေးအတွက် စာနယ်ဇင်းအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

**မြန်မာနိုင်ငံရဲ့ မီဒီယာကဏ္ဍကို ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ဌာနဆိုင်ရာများ၊ ပြည်တွင်း၊ ပြည်ပရှိ မီဒီယာဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်နေတဲ့ သတင်းမီဒီယာကောင်စီဝင်များရဲ့ တာဝန်တွေဟာ များပြားသလို၊ ဒီတာဝန်တွေကို လစာမယူဘဲ စိတ်စေတနာသန့်သန့်နဲ့ ဆောင်ရွက်နေကြသူများဖြစ်ကြလို့ လေးစားတန်ဖိုးထားထိုက်သူများလည်း ဖြစ်ကြပါတယ်။ ဘယ်လိုအခြေအနေ အချိန်အခါမျိုးမှာပဲဖြစ်ဖြစ် သတင်းမီဒီယာသမားတွေနဲ့ ပြည်သူတွေအကြား၊ သတင်းမီဒီယာသမားတွေနဲ့ တာဝန်ရှိအဖွဲ့အစည်းတွေအကြား ဆက်သွယ်ပေါင်းကူးညှိနှိုင်းပေးသူအဖြစ်နဲ့ သတင်းမီဒီယာကောင်စီရဲ့ အသုံးဝင်အားထားရမှုတန်ဖိုးမှာ အမြဲအရေးပါနေမှာဖြစ်ကြောင်း . . .**

(င) သတင်းမီဒီယာလုပ်ငန်းတိုးတက်ရေးအတွက် စီမံချက်များ ရေးဆွဲဆောင်ရွက်ခြင်း၊

(စ) လိုအပ်သည့်အချိန်တိုင်း သတင်းထုတ်ပြန်ခြင်း၊

(ဆ) ပြည်သူများ သတင်းမှန်သိခွင့်ရရှိရေးအတွက် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ လူထုအခြေပြုအဖွဲ့အစည်းများတွင် သတင်းထုတ်ပြန်ရေးတာဝန်ခံတစ်ဦး သတ်မှတ်ထားရှိရေးအတွက် ကောင်စီက ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဇ) မိမိလုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်များကို နိုင်ငံတော်သမ္မတထံ တစ်နှစ်လျှင်တစ်ကြိမ် မပျက်မကွက် အစီရင်ခံခြင်းတို့ကို ဆောင်ရွက်ကြပါတယ်။

ဒါ့အပြင် ပုဒ်မ(၁၈)အရ ကောင်စီရဲ့ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာမှာ လိုအပ်တဲ့ ကော်မတီများကို ဖွဲ့စည်းကာ လုပ်ငန်းတာဝန်တွေ သတ်မှတ်ပြီး ဆောင်ရွက်မှုများလည်း ရှိပါတယ်။ သာဓကအားဖြင့် ဒီဥပဒေပြဋ္ဌာန်းရခြင်း ရည်ရွယ်ချက်တစ်ခုဖြစ်တဲ့ သတင်းမီဒီယာတစ်ခုခုတွင် ရေးသားဖော်ပြ ထုတ်လွှင့်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ တစ်စုံတစ်ယောက်၏တိုင်ကြားချက်၊ အငြင်းပွားချက်များကို နှစ်ဖက်ညှိနှိုင်းဖြေရှင်းသောနည်းလမ်းဖြင့် ကျေအေးပြေငြိမ်းစေရန် အငြင်းပွားမှုနှင့် တိုင်ကြားမှုများ ညှိနှိုင်းဖြေရှင်းမှုကော်မတီ (Complaint committee) ကို ဖွဲ့စည်းကာ ဆောင်ရွက်ပေးပါတယ်။ ဒီလိုဆောင်ရွက်ပေးတဲ့အတွက် ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ၂၀၂၀ ပြည့်နှစ် မတ်လ ၃၁ ရက်အထိ တိုင်ကြားမှု ၁၆၂ ခုကို လက်ခံရရှိခဲ့ပါတယ်။ ၎င်းတို့အနက် ဖြစ်စဉ်ပေါင်း ၃၈ ခုကို ဖြေရှင်းပေးနိုင်ခဲ့ကာ တိုင်ကြားမှု ၁၀ ခုမှာ ပြန်လည်ရုပ်သိမ်းခဲ့ပါတယ်။ အထူးသဖြင့် တရားစွဲဆိုထားပြီးဖြစ်တဲ့ အမှုလေးခုကိုလည်း အငြင်းပွားမှုနှင့် တိုင်ကြားမှုများ ညှိနှိုင်းဖြေရှင်းမှုကော်မတီက ပြေလည်အောင် ဖြေရှင်းပေးနိုင်ခဲ့ပါတယ်။ ဒီဖြစ်စဉ်တွေကတော့–

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က Eleven Media Group ကို တရားရုံးမှာ တရားစွဲဆိုခဲ့တဲ့ အမှုကို သတင်းမီဒီယာကောင်စီက နှစ်ဖက်တွေ့ဆုံညှိနှိုင်းပေးခဲ့လို့ နှစ်ဖက်ကျေအေးကာ အမှုပြန်လည်ရုပ်သိမ်းခဲ့ကြပါတယ်။ ကျန်သုံးမှုက တပ်မတော်က RFA သတင်းဌာန၊ DVB သတင်းဌာန၊ Eleven Media Group သတင်းဌာနနှင့် ကန္တရဝတီတိုင်းမ်သတင်းဌာနတို့ကို တရားရုံးတွင် တရားစွဲဆိုထားမှုများကို သတင်းမီဒီယာကောင်စီမှ ကြားဝင်ညှိနှိုင်းဆောင်ရွက်ပေးခဲ့လို့ ပြေလည်သွားခဲ့ပါတယ်။ (၃၇) ကြိမ်မြောက် Universal Periodical Review (UPR) လုပ်ငန်း အဖွဲ့အစည်းအဝေးတွင် မြန်မာနိုင်ငံ၏ UPR အစီရင်ခံစာအပေါ် သုံးသပ်မှုကို ၂၅.၁.၂၀၂၁ ရက်နေ့ ဂျီနီဗာတွင် ကျင်းပပြုလုပ်ခဲ့ရာ ပြန်ကြားရေးဝန်ကြီးဌာန ကိုယ်စားလှယ်အဖြစ် ကျွန်မက ဖြေကြားရာတွင် သတင်းမီယာကောင်စီ၏ ဆောင်ရွက်နိုင်ခဲ့မှုများကို ထည့်သွင်းဆွေးနွေးတင်ပြခဲ့ပါတယ်။

သတင်းမီဒီယာကောင်စီက အခြားပြည်တွင်း၊ ပြည်ပ မီဒီယာဖွံ့ဖြိုးရေးဆောင်ရွက်တဲ့ အဖွဲ့အစည်းများနဲ့ ပူးပေါင်းပြီး သင်တန်းများ၊ သတင်းသမားများအတွက် မီဒီယာကျင့်ဝတ်၊ ရွေးကောက်ပွဲဆိုင်ရာသတင်းရေးသားတင်ပြရာမှာ လိုက်နာသင့်တဲ့ကျင့်ဝတ် အစရှိတဲ့ မီဒီယာဆိုင်ရာ ကျင့်ဝတ်စည်းကမ်းလိုက်နာစေရန်နဲ့ အတတ်ပညာများ တိုးပွားလာစေရန် ဆောင်ရွက်ပေးပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းကာ မဏ္ဍိုင်ကြီး လေးရပ် တွေ့ဆုံပွဲများကို ကျင်းပကာ သတင်းမှန်များကို

စာမျက်နှာ ၉ သို့ ❖

❂ ကျောဖုံးမှ

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ နိုင်ငံတော်၏အာဏာ ၃ ရပ်ကို ခေတ္တထိန်းသိမ်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ် ၅ ရပ် ချမှတ်၍ ဆောင်ရွက်လျက်ရှိရာ တည်ဆဲနိုင်ငံရေး၊ စီးပွားရေး၊ ငြိမ်းချမ်းရေးနှင့် နိုင်ငံခြားရေးရာ မူဝါဒများ ပြောင်းလဲခြင်းမရှိဘဲ အရှိန်ဟုန်မပြတ် ဆက်လက်အကောင်ထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာ့တပ်မတော်သည် ဩစတြေးလျ တပ်မတော်ကဲ့သို့ ဒီမိုကရေစီတပ်မတော်ဖြစ်ပြီး ဒီမိုကရေစီကို လေးစားတန်ဖိုးထားပါကြောင်း၊ ဒီမိုကရေစီမှာ လူတိုင်းမိမိသဘောဆန္ဒကို ဥပဒေနှင့်အညီ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ခွင့်ရှိကြောင်းကိုလည်း လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် သိရှိလိုက်နာလျက် ရှိပါကြောင်း၊ အရေးပေါ်ကာလ ၃ ပတ်ကျော်အတွင်း ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်မှုမှ ရန်လိုသည့် အကြမ်းဖက်ဆူပူမှု(Riot) များ၊ ၎င်းမှ မင်းမဲ့စရိုက်ဆန်သည့် လူအုပ်စု (Anarchy Mob) အသွင်သို့ ပြောင်းလဲခဲ့သည့် နေပြည်တော်၊ မန္တလေး၊ မော်လမြိုင်ဖြစ်စဉ်များနှင့် ပတ်သက်၍လည်း အနည်းဆုံး အင်အား၊ အနိမ့်ဆုံး အဆင့်မှစ၍ ဥပဒေနှင့်အညီ ဖြေရှင်းခဲ့ခြင်းမှအပ ကျန်ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်မှုများ၌ အင်အား အလွန်အကျွံသုံး၍ နှိမ်နင်းခဲ့ခြင်းမရှိပါကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအားလုံး ဥပဒေနှင့်အညီသာ အဆင့်ဆင့်ဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးသည်။

ထို့နောက် Vice Admiral David Johnston AO RAN ကလည်း သိလိုသည့်အချက်များကို ပြန်လည်ဆွေးနွေးရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ပြန်လည်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❖ စာမျက်နှာ ၈ မှ

အချိန်နဲ့တစ်ပြေးညီ ရယူထုတ်ပြန်နိုင်ရန်အတွက် ညှိနှိုင်းအဖြေရှာခဲ့ကြလို့ တိုးတက်မှုများလည်း ရှိခဲ့ပါတယ်။ မီဒီယာကဏ္ဍတိုးတက်ရန်ရည်ရွယ်ပြီး မြန်မာ့တပ်မတော်နဲ့ သတင်းမီဒီယာကောင်စီအကြား ဆွေးနွေးတွေ့ဆုံမှုများကိုလည်း ဆောင်ရွက်နိုင်ခဲ့ကြတာကိုလည်း တွေ့ရှိရပါတယ်။

သတင်းမီဒီယာဖွံ့ဖြိုးတိုးတက်စေဖို့ ကောင်စီဝင်များအနေနဲ့ ဥရောပနိုင်ငံများနှင့် အာရှဒေသနိုင်ငံများသို့ လေ့လာရေးသွားရောက်မှုများလည်း ပြုလုပ်ကြပါတယ်။ မှတ်မှတ်ရရ ၂၀၁၉ ခုနှစ်က ကောင်စီဥက္ကဋ္ဌကြီး အဘ ဦးအုန်းကြိုင်က ဥရောပသုံးနိုင်ငံ မီဒီယာလေ့လာရေးခရီးစဉ်တွင် ကိုယ်စားလှယ်အဖွဲ့၏ အတွင်းရေးမှူးအဖြစ် လိုက်ပါရန် ကျွန်မကို ဖိတ်ခေါ်ခဲ့ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ကျွန်မ မလိုက်ဖြစ်ခဲ့သော်လည်း သတင်းမီဒီယာကောင်စီနဲ့ ပြန်ကြားရေးဝန်ကြီးဌာနအကြား အပြန်အလှန်လေးစားမှုနဲ့ တန်ဖိုးထားမှုဆိုတဲ့ အငွေ့အသက်ကို ကျွန်မ အမှတ်ရတန်ဖိုးထားဆဲပါ။ ကောင်စီဝင်/ကောင်စီဝင်ဟောင်းအချို့ကို ပြန်ကြားရေးဝန်ကြီးဌာနမှာ ပြည်ထောင်စုဝန်ကြီးအဖြစ် တာဝန်အပ်နှင်းခံရသူ နှစ်ဦးနဲ့ ဒုတိယဝန်ကြီး / ဒုတိယဝန်ကြီးနှင့်အဆင့်တူ ရာထူးများကို တာဝန်အပ်နှင်းခံရသူ နှစ်ဦးရှိခဲ့ပြီး ဖြစ်ပါတယ်။

အချုပ်အားဖြင့် တင်ပြရလျှင် မြန်မာနိုင်ငံရဲ့ မီဒီယာကဏ္ဍကို ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ဌာနဆိုင်ရာများ၊ ပြည်တွင်း၊ ပြည်ပရှိ မီဒီယာဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်နေတဲ့ သတင်းမီဒီယာကောင်စီဝင်များရဲ့ တာဝန်တွေဟာ များပြားသလို၊ ဒီတာဝန်တွေကို လစာမယူဘဲ စိတ်စေတနာသန့်သန့်နဲ့ ဆောင်ရွက်နေကြသူများဖြစ်ကြလို့ လေးစားတန်ဖိုးထားထိုက်သူများလည်း ဖြစ်ကြပါတယ်။ ဘယ်လိုအခြေအနေ အချိန်အခါမျိုးမှာပဲဖြစ်ဖြစ် သတင်းမီဒီယာသမားတွေနဲ့ ပြည်သူတွေအကြား၊ သတင်းမီဒီယာသမားတွေနဲ့ တာဝန်ရှိအဖွဲ့အစည်းတွေအကြား ဆက်သွယ်ပေါင်းကူးညှိနှိုင်းပေးသူအဖြစ်နဲ့ သတင်းမီဒီယာကောင်စီရဲ့ အသုံးဝင်အားထားရမှုတန်ဖိုးအား အမြဲအရေးပါနေမှာဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

# ရန်ကုန်မြို့တော်ဝန် ဗိုလ်တထောင်မြို့နယ် ကုန်သည်လမ်းရှိ စီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်စစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ငွေး၊ ဒုတိယမြို့တော်ဝန် ဦးညီညီ၊ အတွင်းရေးမှူး ဦးညွန့်ဖေတို့သည် ရေစီးရေလာနှင့် ရေဆိုးစီမံခန့်ခွဲမှု လုပ်ငန်းတာဝန်ခံအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကျော်အောင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် ဗိုလ်တထောင်မြို့နယ် ကုန်သည်လမ်း အမှတ် (၃၅၁-၃၆၁) ရှိ ယခင်မြန်မာ့မီးရထားရုံးချုပ် ရုံးဟောင်းမြေနေရာရှိ စီမံကိန်းအဆောက်အအုံများ တည်ဆောက်မည့် လုပ်ငန်းခွင်သို့ သွားရောက်၍ အဆောက်အအုံဟောင်းအောက်တွင်ဖြတ်သန်းစီးဆင်းလျက်ရှိသည့် မြေအောက်ရေမြောင်း ပိတ်ဆို့မှု၊ ထိခိုက်ပျက်စီးမှုမဖြစ်ပေါ်စေရေး စစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။



ရန်ကုန်မြို့တော်ဝန်က မြေအောက်ရေမြောင်း ထိခိုက်ပျက်စီးမှု မဖြစ်ပေါ်စေရေး အထူးဂရုပြုဆောင်ရွက်ပေးရန်၊ မကြာမီ မိုးရာသီကာလအတွင်း ရန်ကုန်မြို့ ရေကြီးရေလျှံမှု မဖြစ်ပေါ်စေရေးအတွက် ရေစီးရေလာကောင်းမွန်စေရန်၊ အဆောက်အအုံဟောင်း ဖျက်သိမ်းစဉ် မြေအောက်ရေမြောင်းပိတ်ဆို့မှု မရှိစေရေး ဂရုပြုဆောင်ရွက်ပေးရန်၊ ရေကြီးရေလျှံမှု မဖြစ်ပေါ်စေရေးအတွက် စီမံကိန်းပါအဆောက်အအုံများ ဆောင်ရွက်သည့်အခါတွင် Detention Basin Area များ၊ Pump Station၊ ရေထိန်းဂိတ်တံခါးများပါ ထည့်သွင်းဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်သွားရန် မှာကြားသည်။

ဆောက်လုပ်ရေးလုပ်ငန်းများကြောင့် ရေမြောင်းများပိတ်ဆို့ပြီး မိုးရာသီကာလတွင် လမ်းများပေါ် ရေလျှံမှုများ ဖြစ်ပေါ်လာနိုင်သဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရေစီးရေလာနှင့် ရေဆိုးစီမံခန့်ခွဲမှု လုပ်ငန်းတာဝန်ခံအဖွဲ့မှ စဉ်ဆက်မပြတ် စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ဖေဖော်ဝါရီ ၂၂ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၁ ဦး တွေ့ရှိ

**COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

**(၂၂-၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၂၁-၂-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၂-၂-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆၈၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် (၁၁) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၄၈၃,၉၃၅) အား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၁,၇၆၁) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၃၆) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၃၁၈) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID–19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၃,၁၉၇) ဦး ရှိပါသည်။

* ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသည့် "ပါးစပ်နှင့် နှာခေါင်းစည်း မဖြစ်မနေ တပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (mask and face shield campaign)" ၌ ပါဝင်သော ဆောင်ရွက်ရမည့်အချက်များကို တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ ဆောင်ရွက်မှသာလျှင် ရောဂါကူးစက်ပြန့်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်မည်ဖြစ်ပါသည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

**ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ**

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၈၇၆၇၅၉၃ | ၁၈၉၇၃၄၀၁ | ၅၁၁၃၀၂ |
| ၂။ | အိန္ဒိယ | ၁၁၀၀၈၁၇၄ | ၁၀၇၀၃၀၂၅ | ၁၅၆၄၄၂ |
| ၃။ | ဘရာဇီး | ၁၀၁၆၈၁၇၄ | ၉၀၉၅၄၈၃ | ၂၄၆၅၆၀ |
| ၄။ | ရုရှား | ၄၁၇၇၃၃၀ | ၃၇၂၆၃၈၈ | ၈၃၆၃၀ |
| ၅။ | ဗြိတိန် | ၄၁၁၅၅၀၉ | ၂၄၉၄၂၁၈ | ၁၂၀၅၈၀ |
| ၆။ | ပြင်သစ် | ၃၆၀၅၁၈၁ | ၂၄၇၁၂၇ | ၈၄၃၀၆ |
| ၇။ | စပိန် | ၃၁၃၃၁၂၂ | ၂၄၉၇၉၅၆ | ၆၇၁၀၁ |
| ၈။ | အီတလီ | ၂၈၀၉၂၄၆ | ၂၃၂၄၆၃၃ | ၉၅၇၁၈ |
| ၉။ | တူရကီ | ၂၆၃၈၄၂၂ | ၂၅၂၃၇၆၀ | ၂၈၀၆၀ |
| ၁၀။ | ဂျာမနီ | ၂၃၉၅၈၅၁ | ၂၁၉၈၀၀၀ | ၆၈၄၅၈ |

**အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်**

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၂၈၈၈၃၃ | ၁၀၉၆၉၉၄ | ၃၄၆၉၁ |
| ၂။ | ဖိလစ်ပိုင် | ၅၆၃၄၅၆ | ၅၂၂၈၇၄ | ၁၂၀၉၄ |
| ၃။ | မလေးရှား | ၂၈၅၇၆၁ | ၂၅၂၆၂၃ | ၁၀၆၂ |
| ၄။ | မြန်မာ | ၁၄၁၇၆၁ | ၁၃၁၃၁၈ | ၃၁၉၇ |
| ၅။ | စင်ကာပူ | ၅၉၈၇၉ | ၅၉၇၃၁ | ၂၉ |
| ၆။ | ထိုင်း | ၂၅၅၀၄ | ၂၄၃၆၁ | ၈၃ |
| ၇။ | ဗီယက်နမ် | ၂၃၉၂ | ၁၇၁၇ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၅၆၈ | ၄၇၅ | ၀ |
| ၉။ | ဘရူနိုင်း | ၁၈၅ | ၁၇၈ | ၃ |
| ၁၀။ | လာအို | ၄၅ | ၄၂ | ၀ |

# တာဝန်ကျေပွန်ခဲ့သော ကျန်းမာရေးသူရဲကောင်းများ ပြန်လာပါ

ပြည်သူတစ်ဦး

ကျွန်တော်တို့အားလုံး အတိုင်းမသိ ချီးကျူးဂုဏ်ပြုခဲ့ကြပါသည်။ ပြည်သူတို့အပေါ်တွင် မေတ္တာ၊ စေတနာ၊ ကရုဏာများထားခဲ့ကြသည်ကို ယနေ့ထက်တိုင် မမေ့နိုင်ကြသေးပါ။ သူရဲကောင်းများကို မျှော်လင့်စောင့်စား နေကြပါသည်။ သူတို့မှာ ကူးစက်မြန် ကိုဗစ်-၁၉ ကပ်ရောဂါကြီး မြန်မာပြည်တွင် လှိုင်းကြီးလေထန်ဖြစ်နေစဉ်က ရှေ့တန်းမှ မားမားမတ်မတ်ရပ်၍ စွန့်လွှတ်စွန့်စားဆောင်ရွက်ပေးခဲ့ကြသော ကျန်းမာရေးသူရဲကောင်းများအား ဆိုလိုပါသည်။

အားလုံးသိရှိကြသည့်အတိုင်း အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်မြန်ရောဂါ ကိုဗစ်-၁၉ သည် ၂၀၂၀ ပြည့်နှစ် နှစ်ဆန်းမှစတင်၍ တစ်ကမ္ဘာလုံးတွင် ကူးစက်ဖြစ်ပွားခဲ့သည်။ မြန်မာနိုင်ငံသို့ ထိုရောဂါမရောက်သေးဘဲ ကမ္ဘာတစ်ခွင်ဖြစ်နေစဉ်ကတည်းက ပြည်သူများ ရောဂါကူးစက်ခြင်းမရှိစေရန် နိုးနိုးကြားကြား တက်တက်ကြွကြွ ဦးစွာဆောင်ရွက်ပေးခဲ့ကြသူများမှာ ကျန်းမာရေးဝန်ထမ်းများ ဖြစ်ပါသည်။ တစ်နိုင်ငံလုံး လွှမ်းခြုံ၍ ပြည်သူများ ကိုဗစ်-၁၉ ရောဂါ မကူးစက်ရေးကို စေတနာအပြည့်အဝထားပြီး လက်တွဲပူးပေါင်းဆောင်ရွက်ပေးနေစဉ် ၂၀၂၀ ပြည့်နှစ် မတ်လတွင် ကိုဗစ်-၁၉ ရောဂါပိုးရှိသူ မြန်မာပြည်တွင် တွေ့ရှိလာခဲ့ပါသည်။

ကိုဗစ်-၁၉ ရောဂါမြန်မာပြည်သို့ရောက်ရှိခဲ့ပြီး ရောဂါပိုးတွေ့ရှိသူ ပြည်သူတစ်ရာကျော်နှင့် သေဆုံးသူ ခုဂဏန်းမျှဖြင့် ကိုဗစ်-၁၉ ပထမလှိုင်းကို ကျော်ဖြတ်နိုင်အောင် ကျန်းမာရေးဝန်ထမ်းများက ရှေ့တန်းမျက်နှာစာမှ ပြည်သူ့အသက်များကို စွန့်စွန့်စားစား ကယ်တင်ဆောင်ရွက်ပေးခဲ့ကြပါသည်။ ဆက်လက်၍ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုမှာ လက်ရှိအချိန်အထိ နိုင်ငံတစ်ဝန်းမှ ပြည်သူနှစ်သန်းကျော်ကို ရောဂါပိုးရှိ၊ မရှိ စစ်ဆေးပေးခဲ့ပြီး ပြည်သူ တစ်သိန်းခွဲခန့်ကို ရောဂါပျောက်ကင်းအောင် ပြုစုကုသစောင့်ရှောက်မှုပေးခဲ့ကာ ကပ်ရောဂါ ဒုတိယလှိုင်းကိုထိန်းပေးထားခဲ့ပါသည်။

လက်ရှိအချိန်၌ ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါ ဆက်လက်ဖြစ်ပွားနေသော်လည်း မြန်မာနိုင်ငံတွင် ဖြစ်ပွားမှုမှာ တစ်ရာခိုင်နှုန်းအောက်သို့ တဖြည်းဖြည်းကျဆင်းလာပြီး တတိယလှိုင်း မဖြစ်အောင် ထိန်းသိမ်းလိုက်နိုင်ပြီဟုဆိုရမည်ဖြစ်သည်။ ထို့အပြင် ကိုဗစ်-၁၉ ရောဂါကို လုံးဝထိန်းချုပ်နိုင်ရန်အတွက် ကာကွယ်ဆေးထိုးခြင်း အစီအစဉ်ကို တစ်နိုင်ငံလုံးလွှမ်းခြုံ၍ စောစီးစွာ စတင်ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ကြောက်မက်ဖွယ်ကောင်းသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်ပေးခဲ့ကြသူများမှာ ကျန်းမာရေးဝန်ထမ်းများ ဖြစ်ပါသည်။

ကိုဗစ်-၁၉ ရောဂါ ဒုတိယလှိုင်းစပြီး အရှိန်အဟုန်မြင့်မားလာသော ၂၀၂၀ ပြည့်နှစ် ဩဂုတ်လကုန်မှစ၍ ပိုးတွေ့လူနာများ တစ်နေ့တခြားများပြားလာရာ ကန့်သတ်စောင့်ကြည့်ရေးစခန်းများ၊ ကုသရေးစခန်းများ၊ ဆေးရုံ၊ ဆေးခန်းများ မလုံလောက်မှုနှင့် ရောဂါရှာဖွေစစ်ဆေးကုသရေးအပိုင်းများတွင် အခက်အခဲများရှိလာခဲ့သော်လည်း အားမလျှော့၊ စိတ်မပျက်ဘဲ စွန့်စွန့်စားစား စေတနာထား ဆောင်ရွက်ပေးကြသူများမှာ ကျန်းမာရေးဝန်ထမ်းများ ဖြစ်ကြပါသည်။ ပြည်သူများ၏အသက်ခန္ဓာကို ကယ်ဆယ်စောင့်ရှောက်ရေးအတွက် မိုးထဲ၊ လေထဲအားမာန်ခဲကာ အနစ်နာခံဆောင်ရွက်ကြသူများမှာ ကျန်းမာရေးဝန်ထမ်း ဆရာဝန်၊ ဆရာမ၊ သူနာပြုများနှင့် ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူများ ဖြစ်ကြပါသည်။

တိုင်းပြည်တွင် မိုးထဲလေထဲ၊ လှိုင်းကြီးလေထန်ဆဲဖြစ်စေ၊ ယုတ်စွအဆုံး စစ်မီးတောက်လောက်နေချိန်ဖြစ်စေ ပြည်သူ့အကျိုးအတွက် နေ့ညမရွေး၊ အချိန်အခါမရွေး ဆောင်ရွက်ပေးကြရသူများမှာ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ ဖြစ်ကြပါသည်။ ထိုအထဲတွင် ပြည်သူများ၏ အသက်ကို ကယ်တင်စောင့်ရှောက်ရေး၊ ရောဂါသက်သာပျောက်ကင်းရေးအတွက် အားကိုးအားထားပြုကြရသူများမှာ ကျန်းမာရေးဝန်ထမ်းများ ဖြစ်ကြပါသည်။ ယခု ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေချိန်တွင် ကျန်းမာရေးဝန်ထမ်းများသည် ပြည်သူများ၏ရှေ့မှ မားမားမတ်မတ်ရပ်တည်ကာ စေတနာ၊ မေတ္တာ အပြည့်အဝဖြင့် ကာကွယ်စောင့်ရှောက်ကုသမှုများ ပြုလုပ်ပေးခဲ့ကြပေသည်။

**ယခုအခါ ပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကင်းဝေးရေးအတွက် ကာကွယ်ဆေးထိုးနှံပေးနေသော အချိန်အခါဖြစ်ပါသည်။ ပြည်သူ့ဆေးရုံများသို့ အခြေခံပြည်သူများ လာရောက်၍ အရေးပေါ် ဆေးကုသမှုခံယူရန်၊ ကျန်းမာရေးစောင့်ရှောက်မှု ခံယူရန် လိုအပ်နေသောအချိန် ဖြစ်ပါသည်။ ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်နေသော ပြည်သူများအား အချိန်နှင့်တစ်ပြေးညီ ကုသစောင့်ရှောက်မှု ပေးနိုင်ရေးအတွက် အခြေခံပြည်သူများကိုယ်စား ပြည်သူတစ်ယောက်အနေဖြင့် ပြည်သူ့ဆေးရုံများတွင် တာဝန်ထမ်းဆောင်ပေးပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်။**

ယမန်နှစ်က မြန်မာနိုင်ငံတွင် ရောဂါကပ်ဘေးအတွင်း မိုးထဲလေထဲတိုက်ပွဲဝင်ကာ ပြည်သူများကို ကာကွယ်စောင့်ရှောက်ပေးခဲ့ကြသည့် ဆရာဝန်၊ သူနာပြု၊ ဆေးဘက်ဆိုင်ရာပညာရှင်နှင့် ဆေးဝါးကျွမ်းကျင်သူများအားလုံးသည် ကိုဗစ်-၁၉ ကပ်ရောဂါမှာ ကူးစက်မြန်ရောဂါဖြစ်၍ ကုသပေးသူကိုသာမက မိသားစုပါ ကူးစက်နိုင်သည်ကို သိပါလျက်နှင့် ကိုယ်ကျိုးစွန့်အနစ်နာခံကာ မြန်မာပြည်သူပြည်သားများ၏အသက်ကို ကာကွယ်ပေးခဲ့သောကြောင့် နိုင်ငံတော်နှင့်အတူ ပြည်သူအားလုံးက လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုခဲ့ကြပေသည်။ စွန့်လွှတ်စွန့်စား သူရဲကောင်းများဟု သတ်မှတ်ခဲ့ကြပေသည်။

သို့သော် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် တိုင်းပြည်တွင် မျှော်လင့်မထားသည့် နိုင်ငံရေးအပြောင်းအလဲကြီးတစ်ရပ်နှင့် ကြုံတွေ့ခဲ့ရသည်။ အပြောင်းအလဲကို လက်မခံသူများ ရှိလာခဲ့သည်။ သဘောကွဲလွဲမှုများ ကြုံတွေ့ရသည်။ သဘောကွဲလွဲမှုများကို ဒီမိုကရေစီသဘောတရားအရ လက်ခံကြရမည် ဖြစ်သည်။ အပြောင်းအလဲကို လက်မခံ ဆန့်ကျင်ကန့်ကွက်မှုများကို နားလည်လက်ခံ သဘောပေါက်ပါသည်။ လက်ရှိယာယီအုပ်ချုပ်မှုစနစ်အား လက်မခံသည်ကိုအကြောင်းပြု၍ အများပြည်သူအကျိုးစီးပွားကို ထိခိုက်ဖျက်ဆီးမှုများကိုမူ ပြည်သူထဲက ပြည်သူတစ်ယောက်အနေဖြင့် ဆန့်ကျင်သဘောကွဲလွဲပါသည်။

ဝန်ထမ်းများ ပါတီနိုင်ငံရေးကင်းရှင်းရမည် ဆိုသည့်အချက်ကို ဖောက်ဖျက်လာမှုများအား စတင်မြင်တွေ့လာရသည်။ Civil Disobedience Movement (CDM) တွင် ပါဝင်ကြရန် စည်းရုံးလှုံ့ဆော်မှုအချို့ကို ပြုလုပ်လာကြသည်။ ဖေဖော်ဝါရီလ ၃ ရက်နေ့မှစ၍ ပြည်သူ့ဆေးရုံအချို့မှ ကျန်းမာရေးဝန်ထမ်းအချို့ ပါဝင်လှုပ်ရှားလာကြသည်။ လူတိုင်းတွင် မိမိယုံကြည်ရာကို ဆောင်ရွက်ခွင့်ရှိသည့် နိုင်ငံသားတိုင်း၏ မွေးရာပါအခွင့်အရေးဖြစ်သော်လည်း ဝန်ထမ်းများဖြစ်၍ ဝန်ထမ်းစည်းကမ်း၊ ကျင့်ဝတ်၊ ဥပဒေ၊ နည်းဥပဒေတို့ကိုလိုက်နာရန် တာဝန်ရှိပါသည်။ ကျန်းမာရေးဝန်ထမ်းများသည် ပြည်သူများ၏ ကျန်းမာရေးကို စောင့်ရှောက်ပေးရသည့် တာဝန်များအား မပစ်ပယ်မိရန် အရေးကြီးပါသည်။ အထူးသဖြင့် ဆရာဝန်၊ သူနာပြုများသည် အခြားဝန်ထမ်းများနှင့်မတူသည့် သစ္စာအဓိဋ္ဌာန်များကို ဦးထိပ်ပန်ဆင်ကြရသူများ ဖြစ်သည်။ ဆေးဆရာကျင့်ဝတ်များကို လိုက်နာကျင့်သုံးကြရပါသည်။ မိမိကြောင့် လူနာအားလုံး လုံးဝဘေးမဖြစ်စေရေးကို လိုက်နာကြရပါသည်။ ဆရာဝန်များ ရွတ်ဆိုကြသည့် ပထမဆုံး သစ္စာအဓိဋ္ဌာန်တွင် **“ကျွန်ုပ်သည် လူသားအားလုံးတို့၏ ကိုယ်၏ကျန်းမာရေး၊ စိတ်၏ချမ်းသာရေးကို ကျွန်ုပ်၏ အရေးကဲ့သို့ ယူဆပါအံ့”** ဟု ဆိုထားပါသည်။

သူနာပြုများတွင်လည်း သူနာပြုသစ္စာဓိဋ္ဌာန်ရှိကြပါသည်။ ဆရာဝန်၊ သူနာပြုများသည် တိုင်းပြည်တွင် မည်သည့်အခြေအနေ အချိန်အခါဖြစ်စေ သစ္စာမပျက်ခဲ့ကြပါပေ။ ပြည်သူပြည်သားအားလုံးတို့အပေါ်တွင် ရင်ဝယ်သားကဲ့သို့ စေတနာထားကာ ပြုစုကုသစောင့်ရှောက်ခဲ့ကြပါသည်။ ယမန်နှစ် ကိုဗစ်-၁၉ ဖြစ်ပွားစဉ်က ကျန်းမာရေးဝန်ထမ်းများအားလုံးသည် ကျန်းမာရေးကတိသစ္စာ၊ ကျင့်ဝတ်များကို လိုက်နာစောင့်ထိန်းကာ ပြည်သူများ ရောဂါကင်းဝေးရေးအတွက် ကိုယ်ကျိုးစွန့်အနစ်နာခံကာ ရှေ့တန်းမှတက်ကြွစွာ ဆောင်ရွက်ပေးခဲ့ကြသည်ကို အသိအမှတ်ပြုခဲ့ကြသလို အားလုံးက ဂုဏ်ပြုထားပါသည်။

ယခုအခါ နိုင်ငံတော်နှင့် ပြည်သူအပေါ်တွင် ထာဝစဉ်စောင့်ထိန်းလာခဲ့သော ကျန်းမာရေးသစ္စာအဓိဋ္ဌာန် ပျက်ယွင်းခဲ့ကြလေပြီ။ ကျန်းမာရေးဝန်ထမ်းအားလုံးတော့ မဟုတ်ပါ။ သစ္စာဓိဋ္ဌာန်စောင့်သိကြသူများလည်း ရှိကြပါသည်။ သို့သော် အချို့ ပြည်သူ့ဆေးရုံများတွင် တာဝန်ရှိသူဆေးဝန်ထမ်းများ၏ ဖိအားပေးမှုကြောင့် ဆေးရုံများ ပိတ်ခဲ့ရသည်ကို စိတ်မကောင်းဖွယ်ရာမြင်တွေ့ရပါသည်။ အချို့ပြည်သူ့ဆေးရုံများတွင် ဆရာဝန်ကြီးများ၊ သူနာပြုများအနေဖြင့် ဝေဒနာရှင်ပြည်သူများအား ကုသစောင့်ရှောက်မှု ပေးလိုသော်လည်း ပြင်ပမှ သွေးထိုးလှုံ့ဆော်မှုများနှင့် အချို့ဆရာဝန်များ၊ သူနာပြုများ၏ ဖိအားပေးမှုများ၊ ဆန္ဒပြသူများနှင့်ပူးပေါင်းကာ အကျပ်ကိုင်ဖိအားပေးမှုများကြောင့် အချို့ဆေးရုံများမှာ ပိတ်ခဲ့ရပါသည်။

မြို့ရွာများတွင် မရပ်ဆိုင်းရသောနေရာများမှာ ဆေးရုံနှင့် ရဲစခန်း ဖြစ်ပါသည်။ ဆေးရုံများ ပိတ်သိမ်းနေ၍ ရပ်ရွာအတွင်းမှ ဝေဒနာရှင်ပြည်သူများ အတိဒုက္ခရောက်ကြရပါသည်။ ပြည်သူလူထုအတွင်း၌ ကျန်းမာရေးမကောင်းသည့်ဝေဒနာရှင်များ နေ့စဉ်အမြောက်အမြားရှိနေပါသည်။ အခြေခံပြည်သူများ ကျန်းမာရေး ပုံမှန်ကုသမှု၊ အရေးပေါ် ကုသမှုများအတွက် ပြည်သူ့ဆေးရုံများကိုသာ အားကိုးကြရပါသည်။ ဥပမာအားဖြင့် ကလေးမီးဖွားလိုသူများ၊ ရောဂါအခံ ပြင်းထန်ဖောက်ပြန်လာသူများ၊ အရေးပေါ်ခွဲစိတ်ကုသရန် လိုအပ်သူများ၊ အသက်လုကုသပေးရန်လိုအပ်သူများအတွက် အားကိုးရာမဲ့ဖြစ်ခဲ့ရပါသည်။

မကြာသေးမီရက်ပိုင်းအတွင်းက ရပ်ကွက်အတွင်းမှ လင်မယားနှစ်ဦး စကားများရန်ဖြစ်ရာမှ လက်လွန်ခြေလွန်ဖြစ်ပြီး ပြည်သူ့ဆေးရုံသို့ အရေးပေါ် ပြေးရပါသည်။ သို့သော် နီးစပ်ရာ ပြည်သူ့ဆေးရုံမှာ ပိတ်ထားသဖြင့် ကုသနိုင်မည့်ဆေးရုံကို ရှာဖွေနေစဉ် လမ်းတွင်ပင် သွေးထွက်လွန် အသက်ပျောက်ခဲ့ရသည့် စိတ်မချမ်းမြေ့ဖွယ် ဖြစ်ရပ်တစ်ခုကို ကြားသိခဲ့ရသည်။ အလားတူပင် ရောဂါအသည်းအသန် အရေးပေါ်ဖြစ်၍ ပြည်သူ့ဆေးရုံသို့ အရောက်သွားရင်း လမ်းတွင်အသက်ပျောက်ခဲ့ရသူများရှိခဲ့ပါသည်။ ယခုအခါ တပ်မတော်ဆေးရုံများက ပြည်သူများ၏ ကျန်းမာရေးအခက်အခဲကို ကူညီဖြေရှင်းပေးသဖြင့် စိတ်သက်သာရာ ရကြပါသည်။

ထို့ကြောင့် ပြည်သူများ၏ အသက်ခန္ဓာရှင်သန်ရေး၊ ကျန်းမာရေးအတွက် အားကိုးအားထားပြုရာမှာ ဆရာဝန်၊ သူနာပြုများ ဖြစ်ပါသည်။ အခြေခံပြည်သူများအတွက် အားကိုးအားထားပြုရာမှာ ပြည်သူ့ဆေးရုံကြီးများ ဖြစ်ပါသည်။ ကျန်းမာရေးဝန်ထမ်းများ CDM ပြုလုပ်ခြင်းသည် ရောဂါဝေဒနာရှင် အခြေခံပြည်သူများ၏ ဘဝများ ပျက်စီးခြင်းလမ်းသို့ ရောက်စေပါသည်။ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် မိမိတို့စောင့်ထိန်းရမည်ဖြစ်သော ကတိသစ္စာများကို စောင့်သိ၍ နိုင်ငံနှင့်ပြည်သူ့အကျိုးကို ပျက်စီးစေလိုသော သွေးထိုးလှုံ့ဆော်မှုများအား ဖယ်ရှားကာ ပြည်သူ့ဆေးရုံများတွင် ပြန်လည်တာဝန်ထမ်းဆောင်ကြရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဆရာဝန်များ၊ သူနာပြုများ၊ ဆေးဘက်ဆိုင်ရာကျွမ်းကျင်ဝန်ထမ်းများ၊ အခြားသောအထောက်အကူပြု ဝန်ထမ်းများသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို စေတနာရှေ့ထား၍ ရှေ့တန်းမှ စွမ်းစွမ်းတမံကြိုးပမ်းအားထုတ်ခဲ့ကြသည့် သူရဲကောင်းများ ဖြစ်ပါသည်။ ပြည်သူများ၏ အသက်ကို ကယ်တင်ခဲ့သည့် ကျေးဇူးရှိသော၊ ဂုဏ်ပြုထိုက်သောသူများ ဖြစ်ပါသည်။ ဂုဏ်လည်း ဂုဏ်ပြုခဲ့ကြပါသည်။

ယခုအခါ ပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကင်းဝေးရေးအတွက် ကာကွယ်ဆေးထိုးနှံပေးနေသော အချိန်အခါဖြစ်ပါသည်။ ပြည်သူ့ဆေးရုံများသို့ အခြေခံပြည်သူများ လာရောက်၍ အရေးပေါ် ဆေးကုသမှုခံယူရန်၊ ကျန်းမာရေးစောင့်ရှောက်မှု ခံယူရန် လိုအပ်နေသောအချိန် ဖြစ်ပါသည်။ ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်နေသောပြည်သူများအား အချိန်နှင့်တစ်ပြေးညီ ကုသစောင့်ရှောက်မှု ပေးနိုင်ရေးအတွက် အခြေခံပြည်သူများကိုယ်စား ပြည်သူတစ်ယောက်အနေဖြင့် ပြည်သူ့ဆေးရုံများတွင် တာဝန်ထမ်းဆောင်ပေးပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။ ။



# ထိုင်းနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုတွင် ဝန်ကြီးချုပ် ပရာယုဒ်ချန်အိုချာ ပထမဆုံးထိုးနှံသူဖြစ်လာဖွယ်ရှိ

ဗန်ကောက် ဖေဖော်ဝါရီ ၂၂

ထိုင်းနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးဖြင့် စတင်မည်ဖြစ်ပြီး အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား ပထမဆုံးထိုးနှံမှုခံယူမည့်သူမှာ ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယုဒ်ချန်အိုချာ ဖြစ်လာဖွယ်ရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးပထမအသုတ်သည် ဖေဖော်ဝါရီ ၂၄ ရက်တွင် ထိုင်းနိုင်ငံသို့ ရောက်ရှိလာမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် အတည်ပြုပြောကြားခဲ့သည်။

ထို့အပြင် တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဒုတိယအသုတ်နှင့် တတိယအသုတ်တို့ကိုလည်း လာမည့်မတ်လနှင့် ဧပြီလအတွင်း ထိုင်းနိုင်ငံသို့ အသီးသီးရောက်ရှိလာရန် စီစဉ်ထားကြောင်းလည်း သိရသည်။

ထိုင်းနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု အစီအစဉ်အရ ကျန်းမာရေးဝန်ထမ်းများ၊ ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာနှင့် ထိတွေ့မှုရှိသူများ၊ နာတာရှည်ရောဂါဝေဒနာရှင်များနှင့် အသက် ၆၀ နှစ်နှင့် အထက်ရှိ သက်ကြီးရွယ်အိုများ ပါဝင်သောအုပ်စုကို ပထမဦးစားပေးထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်
■

# ရုရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၂၀၀၀ ကျော်ရှိ



မော်စကို ဖေဖော်ဝါရီ ၂၂

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၂၆၀၄ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၄၁၇၇၃၃၀ ဦးအထိ ရှိလာခဲ့ကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးစင်တာက ဖေဖော်ဝါရီ ၂၂ ရက်တွင် ပြောကြားခဲ့သည်။

ထို့ပြင် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၈၃၆၃၀ နှင့် ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူစုစုပေါင်း ၃၇၂၆၃၈၈ ဦးအထိရှိလာခဲ့ကြောင်း အဆိုပါ ကိုဗစ်-၁၉ ရောဂါတုံ့ပြန်ရေးစင်တာက ပြောကြားခဲ့သည်။

မြို့တော်မော်စကိုသည် ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကူးစက်သေဆုံးမှုတွင် အများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၇၂၃ ဦးရှိခဲ့ခြင်းကြောင့် မြို့တော်တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၉၆၉၅၅၇ ဦးအထိရှိလာခဲ့ကြောင်း သိရသည်။

ရုရှားနိုင်ငံသည် နိုင်ငံအတွင်း ထုတ်လုပ်သည့် Sputnik V ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် EpiVacCorona ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတို့ကို မှတ်ပုံတင်ခဲ့ပြီးနောက် လက်ရှိတွင် CoviVac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို တတိယမြောက်မှတ်ပုံတင်ခဲ့ပြီဖြစ်ကြောင်း ရုရှားနိုင်ငံဝန်ကြီးချုပ် မီခေးလ်မီရှူစတင်က ဖေဖော်ဝါရီ ၂၀ ရက်တွင် ကြေညာခဲ့သည်။

CoviVac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအများအပြားထုတ်လုပ်မှုကို မကြာမီစတင်မည်ဖြစ်ကြောင်းနှင့် ပထမဆုံးထုတ်လုပ်မည့် အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၁၂၀၀၀၀ သည်လည်း မတ်လလယ်ပိုင်းတွင် ပြည်တွင်းဈေးကွက်အတွင်းသို့ ရောက်ရှိလာမည်ဖြစ်ကြောင်း ရုရှားနိုင်ငံဝန်ကြီးချုပ် မီခေးလ်မီရှူစတင်က ပြောကြားခဲ့သည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်



# တရုတ်နိုင်ငံထုတ် Sinovac ကာကွယ်ဆေး အရေးပေါ်အသုံးပြုခွင့် ဖိလစ်ပိုင်နိုင်ငံ အတည်ပြု

မနီလာ ဖေဖော်ဝါရီ ၂၂

တရုတ်နိုင်ငံ Sinovac Biotech Ltd ထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၆၀၀၀၀၀ မပေးပို့မီ ဖိလစ်ပိုင်နိုင်ငံက အဆိုပါကာကွယ်ဆေး အရေးပေါ်အခြေအနေတွင် အသုံးပြုရန် အတည်ပြုလိုက်ပြီဖြစ်သည်။

တရုတ်နိုင်ငံထုတ် Sinovac ကာကွယ်ဆေးက ကိုဗစ်-၁၉ ရောဂါ တားဆီးကာကွယ်ရာတွင် ထိရောက်မှုရှိကြောင်း ဖိလစ်ပိုင်နိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဌာနအကြီးအကဲ အဲရစ်ဒိုမင်ဂိုက ပြောကြားခဲ့သည်။ ယခုနှစ်အတွင်း ပြည်သူ ၇၀ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးနှံပေးရန် ရည်မှန်းထားသည့် ဖိလစ်ပိုင်နိုင်ငံက Sinovac Biotech Ltd မှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ ၂၅ သန်း ဝယ်ယူရန် ကြိုးပမ်းလျက်ရှိသည်။

Pfizer Inc၊ BioNTech SE နှင့် AstraZeneca ဆေးဝါးကုမ္ပဏီများထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ကျန်းမာရေးဝန်ထမ်းများအား ဦးစားပေးကာ အကန့်အသတ်ဖြင့်သုံးစွဲရန် ဖိလစ်ပိုင်နိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဌာနက အတည်ပြုခဲ့ပြီးဖြစ်သည်။ ၂၀၂၀ ခုနှစ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရေးအစီအစဉ်အတွက် လုံလောက်သော ကိုဗစ်-၁၉ ကာကွယ်ဆေးများ မှာယူခဲ့ပြီးဖြစ်ကြောင်း ဖိလစ်ပိုင်အစိုးရက ပြောကြားခဲ့သည်။

ကာကွယ်ဆေးထိုးနှံရေး အစီအစဉ်က ပြီးခဲ့သည့်နှစ်တွင် ဖြစ်ပွားခဲ့သည့် စံချိန်တင် စီးပွားရေးကျဆင်းမှုကို ကုစားမည့် ဖိလစ်ပိုင်နိုင်ငံ၏ ကြိုးပမ်းမှုအတွက် အထောက်အကူပြုမည်ဖြစ်သည်။

ကိုးကား-ဘလွန်းဘာ့ဂ်
ဘာသာပြန်-ကျော်ထိုက်စိုး

# ၂၀၂၂ ခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအပြီးသတ် ထိုးနှံပေးသွားမည်ဟု ဆီနီဂေါကျန်းမာရေးနှင့် လူမှုရေးဝန်ကြီးပြောကြား

ဒါကာ ဖေဖော်ဝါရီ ၂၂

နိုင်ငံအတွင်းရှိ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံလိုသူ နိုင်ငံသားများအား ၂၀၂၂ ခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အပြီးသတ်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း ဆီနီဂေါနိုင်ငံ ကျန်းမာရေးနှင့်လူမှုရေးဝန်ကြီး အဒိုလာရီဒီအာက ယနေ့ပြောကြားသည်။

လက်ရှိအချိန်တွင် ဆောင်ရွက်မည့် အရေးပေါ် ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်တွင် ကျန်းမာရေးဝန်ထမ်းများနှင့် ကျန်းမာရေးချို့ယွင်းနေသူ အသက် ၆၀ နှစ်အထက်ရှိ သက်ကြီးရွယ်အိုများအား ဦးစားပေးထိုးနှံပေးသွားမည်ဖြစ်ကြောင်း နေ့စဉ်သတင်းစာတစ်စောင်ဖြစ်သည့် လီဆိုလီသတင်းစာသို့ ၎င်းက ပြောကြားသည်။ သို့သော် နိုင်ငံအတွင်းရှိ ဒေသတိုင်းမှာ လက်ရှိအချိန်၌ ယင်းလုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ဦးမည်မဟုတ်ကြောင်း ၎င်းကပြောကြားသည်။

ယခုဆောင်ရွက်မည့်အရေးပေါ် ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်တွင် နိုင်ငံ့လူဦးရေ၏ ၂၀ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးနှံပေးသွားနိုင်ရန် တာဝန်ရှိသူများက ရည်မှန်းထားကြောင်း ၎င်းက ပြောကြားသည်။

ကျွန်တော်တို့အနေနဲ့ ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်-၁၉ ကာကွယ်ဆေးထောက်ပံ့ရေး အစီအစဉ် (COVAX) ကနေပြီးတော့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ၁ သိန်း ၃ သောင်းရရှိရန် မျှော်မှန်းထားပြီး ရုရှားနိုင်ငံမှ Sputnik V ကိုဗစ်-၁၉ ကာကွယ်ဆေး ရရှိရန်လည်း ညှိနှိုင်းဆွေးနွေးနေကြောင်း ၎င်းက ပြောကြားသည်။ ဆီနီဂေါနိုင်ငံအနေဖြင့် တရုတ်နိုင်ငံ Sinopharm မှ ထုတ်လုပ်သော ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေ နှစ်သိန်းရရှိခဲ့ပြီး ဖြစ်သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ



# ဩစတြေးလျနိုင်ငံသို့ ပထမအသုတ် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ရောက်ရှိ

**ကင်ဘာရာ ဖေဖော်ဝါရီ ၂၂**

ဩစတြေးလျနိုင်ငံသို့ ဖေဖော်ဝါရီ ၂၂ ရက်က ပထမအသုတ် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ထောင်နှင့်ချီပြီး ရောက်ရှိလာခဲ့ကြောင်း သိရသည်။

ဩစတြေးလျနိုင်ငံ ကျန်းမာရေးနှင့် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဝန်ကြီး ဂရက်ဟန့်က မိမိတို့သည် နိုင်ငံသားများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အမြန်ဆုံးထိုးနှံပေးနိုင်ရန် ဆောင်ရွက်နေကြောင်း သတင်းထောက်များအား ပြောကြားသည်။ တောင်ပိုင်းဒေသ၏ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သုတေသနလုပ်ငန်းများအပေါ်တွင် ယုံကြည်မှုရှိကြောင်းနှင့် ဆေးဝါးဖြန့်ချိရာတွင် အခက်အခဲများလည်းရှိနိုင်ကြောင်း ဩစတြေးလျ တောင်ပိုင်းဒေသ ကျန်းမာရေးဝန်ကြီး စတီဗင်ဝိတ်က ပြောကြားသည်။ နိုင်ငံအတွင်းမှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတွေကို စိတ်ချစွာ အသုံးပြုနိုင်ကြောင်း အတည်ပြုချက်ရပြီးကတည်းက ကျွန်တော်တို့အနေနဲ့ ယခုလို ဆေးဝါးရောက်ရှိလာမယ့်နေ့ကို မျှော်လင့်တကြီး စောင့်နေရတာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ယခုအချိန်မှာ လုပ်ငန်းတွေကို စတင်ဆောင်ရွက်တော့မှာဖြစ်ပါတယ်ဟု ၎င်းက ပြောကြားသည်။

ဩစတြေးလျတောင်ပိုင်းဒေသ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးစတင်ထိုးနှံမည့် သီတင်းသုံးပတ်အတွင်း လူပေါင်း ၁၂၀၀၀ အား ကာကွယ်ဆေးထိုးနှံပေးနိုင်ရန် ဆောင်ရွက်မည်ဖြစ်ပြီး ၎င်းအုပ်စုတွင် ကျန်းမာရေးဝန်ထမ်းများလည်း ပါဝင်ကြောင်း သိရသည်။

နိုင်ငံသားများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရန် လိုက်နာရမည့်အချက်များကိုလည်း အသိပညာပေးသွားမည်ဖြစ်ကြောင်း စတီဗင်ဝိတ်က ပြောကြားသည်။ ကာကွယ်ဆေးထိုးနှံရာတွင် ရောဂါကူးစက်ရန် အခွင့်အလမ်းများသောသူများကို ဦးစားပေးထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**



ကျန်းမာရေးနှင့် သက်ကြီး ရွယ်အိုစောင့်ရှောက်ရေးဝန်ကြီး ဂရက်ဟန့်




# ကမ္ဘာတစ်ဝန်း၌ တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၄၃ သန်းကျော် သုံးစွဲပြီးဖြစ်

**ပေကျင်း ဖေဖော်ဝါရီ ၂၂**

ကမ္ဘာတစ်ဝန်းတွင် တရုတ်နိုင်ငံ၏ Sinopharm ကုမ္ပဏီထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၄၃ သန်းကျော်သုံးစွဲခဲ့ပြီးဖြစ်ပြီး ၎င်းတို့အနက် ကာကွယ်ဆေးအလုံးရေ ၃၄ သန်းကို တရုတ်ပြည်တွင်း၌ သုံးစွဲခဲ့ကြောင်း နိုင်ငံပိုင် စီစီတီဗွီရုပ်သံလွှင့်ဌာနက ဖေဖော်ဝါရီ ၂၁ ရက်တွင် ပြောကြားသည်။

ထို့အပြင် တရုတ်နိုင်ငံသည် လက်ရှိအချိန်အထိ ပြည်တွင်းဖြစ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ၁၆ မျိုးကို စမ်းသပ်မှုများပြုလုပ်ရန် အတည်ပြုခဲ့ပြီး ယင်းတို့အနက် ကာကွယ်ဆေးခြောက်မျိုးကို တတိယအဆင့် စမ်းသပ်မှုပြုလုပ်လျက်ရှိကြောင်း သိရသည်။

တရုတ်အစိုးရသည် တစ်နိုင်ငံလုံးတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထုတ်လုပ်ရေးစနစ် ၁၈ ခု တည်ထောင်ထားပြီး ယခုနှစ်ကုန်ပိုင်းတွင် ကာကွယ်ဆေးအလုံးရေ နှစ်ဘီလီယံခန့် ထုတ်လုပ်ပြီး လာမည့် ၂၀၂၂ ခုနှစ်တွင် ကာကွယ်ဆေးအလုံးရေ လေးဘီလီယံခန့်ထုတ်လုပ်မည်ဟု မျှော်လင့်ကြောင်း တရုတ်ကာကွယ်ဆေးထုတ်လုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဖင်ဒူအိုဂျာက ပြောကြားသည်။

ယင်းကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ လေးဘီလီယံသည် ကမ္ဘာတစ်ဝန်းလုံးရှိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးလိုအပ်မှု၏ ၄၀ ရာခိုင်နှုန်းခန့်ကို ကာမိသွားမည်ဟု မျှော်လင့်ကြောင်း ဖင်က ဂလိုဘယ်လ်တိုင်းမ်သတင်းစာသို့ ပြောကြားသည်။

တရုတ်ဆေးဝါးကုမ္ပဏီ CNBG ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်မျိုးကို ထုတ်လုပ်ပြီး ၎င်းဆေးဝါးနှစ်မျိုးအနက် ပေကျင်းရှိ ရုံးခွဲတွင် ထုတ်လုပ်သော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ယမန်နှစ် ဒီဇင်ဘာ ၃၀ ရက်နှင့် ယခုနှစ်ဖေဖော်ဝါရီ ၅ ရက်တို့က နိုင်ငံအတွင်း အရေးပေါ်သုံးစွဲရန် အသီးသီး အတည်ပြုခဲ့သလို ယခုအခါ အီရတ်၊ ပါကစ္စတန်နှင့် မော်ရိုကိုကဲ့သို့သော နိုင်ငံများတွင်လည်း အရေးပေါ်သုံးစွဲရန် အတည်ပြုထားကြောင်း သိရသည်။ ပေကျင်းအခြေစိုက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကုမ္ပဏီသည် တစ်နေ့လျှင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ တစ်သန်းနှုန်းဖြင့် ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

တရုတ်အစိုးရသည် ပြည်တွင်းထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို လက်ရှိအချိန်အထိ ဖွံ့ဖြိုးဆဲနိုင်ငံ ၅၃ နိုင်ငံသို့ ပံ့ပိုးပေးခဲ့ပြီးဖြစ်ရာ ကျန် ၂၂ နိုင်ငံသို့ ဆက်လက်တင်ပို့ပေးသွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ထုတ်ပြန်ချက်အရ သိရသည်။ ကမ္ဘာ့နိုင်ငံခေါင်းဆောင် ရှစ်ဦးသည် တရုတ်ထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဂလိုဘယ်လ်တိုင်းမ်**
**ဘာသာပြန်-ဂျေတီ**

# ဗီယက်နမ်နိုင်ငံက မတ်လအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု စတင်မည်

**ဟိုချီမင်း ဖေဖော်ဝါရီ ၂၂**

ဗီယက်နမ်နိုင်ငံက လာမည့်လအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ် စတင်မည်ဖြစ်ပြီး ကျန်းမာရေးဝန်ထမ်းများနှင့် သက်ကြီးရွယ်အိုများကို ဦးစားပေးထိုးနှံပေးမည်ဟု နိုင်ငံပိုင်မီဒီယာများက ယနေ့ ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံက ယခုနှစ်အတွင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဦးဆောင်သော COVAX အစီအစဉ်မှရရှိမည့် ကာကွယ်ဆေးအလုံးရေသန်း ၃၀ အပါအဝင် ကာကွယ်ဆေးအလုံးရေ သန်း ၆၀ ရရှိမည်ဖြစ်ပြီး AstraZeneca ကာကွယ်ဆေးအလုံးရေ ၂၀၄၀၀၀ မှာ ပထမအသုတ်အဖြစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် ရောက်ရှိမည်ဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဝယ်ယူရန် ရုရှား၊ အမေရိကန် ကာကွယ်ဆေးကုမ္ပဏီများနှင့် ယခင်က ဆွေးနွေးခဲ့ပြီး မေလမတိုင်မီ ပြည်တွင်းဖြစ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံနိုင်ရန် အသင့်ဖြစ်မည်ဟု ဗီယက်နမ်အစိုးရက ပြောသည်။

နှစ်လအတွင်း ပထမဆုံးအကြိမ် ပြည်တွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု တွေ့ရှိပြီးနောက် AstraZeneca ကာကွယ်ဆေးအရေးပေါ်အသုံးပြုရန် ဗီယက်နမ်နိုင်ငံက ပြီးခဲ့သည့်လအတွင်းက အတည်ပြုခဲ့သည်။ အစုလိုက်အပြုံလိုက် ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးခြင်းနှင့် တင်းကျပ်သော စည်းမျဉ်းများကြောင့် ဗီယက်နမ်နိုင်ငံက ဗိုင်းရပ်စ်ပျံ့နှံ့မှုကို လနှင့်ချီ ထိန်းချုပ်နိုင်ခဲ့သော်လည်း ပြည်တွင်းကူးစက်မှုမှာ တိုက်ဖျက်ရန် ခက်ခဲလာခဲ့သည်။

ဗီယက်နမ်နိုင်ငံ၌ လက်ရှိအချိန်ထိ အတည်ပြုကိုရိုနာဗိုင်းရပ်စ်ကူးစက်သူ ၂၃၈၃ ဦးနှင့် သေဆုံးသူ ၃၅ ဦးရှိကြောင်း သိရသည်။

**ကိုးကား-စထရိတ်တိုင်းမ်၊ ဘာသာပြန်-ကျော်ထိုက်စိုး**



# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၈၅၇၆၁ ဦးအထိ ရှိလာ

**ကွာလာလမ်ပူ ဖေဖော်ဝါရီ ၂၂**

မလေးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၁၉၂ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၂၈၅၇၆၁ ဦးအထိရှိလာခဲ့ကြောင်း မလေးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၂၂ ရက်တွင် ပြောကြားခဲ့သည်။

လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအနက်မှ သုံးဦးမှာ ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ကြောင်းနှင့် ၂၁၈၉ ဦးမှာ ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဟီဆမ်အဗ္ဗဒူလာက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။

လက်ရှိတွင် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရခြင်းကြောင့် သေဆုံးသူ ၁၀၆၂ ဦးရှိသွားပြီဖြစ်ကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၃၄၁၄ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၂၅၂၆၂၃ ဦးရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၁ သန်းကျော်ရှိလာ

**နယူးဒေလီ ဖေဖော်ဝါရီ ၂၂**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၄၁၉၉ ဦး ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် အဆိုပါရောဂါ ကူးစက်ခံရသူပေါင်း ၁၁၀၀၅၈၅၀ ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

ထို့အပြင် အိန္ဒိယ၌ ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းမှစ၍ ကိုဗစ်-၁၉ ရောဂါကြောင့် ၈၃ ဦး ထပ်မံသေဆုံးခဲ့ပြီးနောက် ထိုရောဂါဖြင့်သေဆုံးသူပေါင်း ၁၅၆၃၈၅ ဦး ရှိလာကြောင်း တရားဝင်အချက်အလက်များအရ သိရသည်။

သို့သော် အိန္ဒိယနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသောလူနာ ၁၀၆၉၉၄၁၀ ခန့်သည် ဆေးဝါးကုသမှု ခံယူခဲ့ပြီးနောက် ရောဂါကင်းစင်ပြီး ဆေးရုံများမှ ပြန်ဆင်းခဲ့ကြသဖြင့် လက်ရှိအချိန်တွင် လူနာ ၁၅၀၀၅၅ ဦးသာ နိုင်ငံတစ်ဝန်းရှိ ဆေးရုံများတွင် ဆေးဝါးကုသမှုခံယူလျက်ရှိသည်။



အိန္ဒိယအစိုးရသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီ ၁၆ ရက်မှစ၍ ဆောင်ရွက်ခဲ့ပြီး လက်ရှိအချိန်အထိ ပြည်သူ ၁၁ သန်းအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခဲ့သည်။ အိန္ဒိယနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုခံယူခဲ့သူများ အနက် အများစုမှာ ကျန်းမာရေးဝန်ထမ်းများဖြစ်ကြသည်။

အိန္ဒိယဗဟိုအစိုးရသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုထိန်းချုပ်ရန် ရောဂါစမ်းသပ်စစ်ဆေးမှုကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိပြီး ဖေဖော်ဝါရီ ၂၁ ရက်က လူဦးရေ ၆၂၀၂၁၆ ဦး၏ နမူနာကို စမ်းသပ်စစ်ဆေးခဲ့ခြင်းနှင့်အတူ လက်ရှိအချိန်အထိ လူဦးရေ ၂၁၁ သန်းနီးပါး၏ နမူနာကို ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စမ်းသပ်စစ်ဆေးနိုင်ခဲ့သည်။

မြို့တော်နယူးဒေလီမြို့သည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ အများဆုံးထိခိုက်လျက်ရှိသည့် နေရာများအနက် တစ်ခုအပါအဝင်ဖြစ်သော်လည်း ရောဂါကူးစက်မှုနှုန်း သိသိသာသာ ကျဆင်းလာခဲ့သည်မှာ လအတော်ကြာသွားပြီဖြစ်သည်။ နယူးဒေလီတွင် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၄၅ ဦး ထပ်မံတွေ့ရှိပြီး ထိုရောဂါကြောင့် သေဆုံးသူနှစ်ဦးရှိကြောင်း သိရသည်။

အိန္ဒိယအစိုးရသည် ပြည်တွင်းထုတ် Covishield နှင့် Covaxin ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်မျိုးကိုသုံးစွဲပြီး ပြည်သူများအား ထိုးနှံပေးလျက်ရှိသည်။ Serum ဆေးဝါးကုမ္ပဏီထုတ် Covishield ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို နိုင်ငံအတွင်း ပြည်နယ်နှင့် ဒေသအားလုံးသို့ ဖြန့်ဖြူးပေးပြီး Bharat ဆေးဝါးကုမ္ပဏီထုတ် Covaxin ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို တချို့ပြည်နယ်များသို့ ဖြန့်ဝေပေးကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ



# ဘရာဇီးနိုင်ငံ၌ လူဦးရေ ၅ ဒသမ ၈ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ်ထိုးနှံပေးပြီးဖြစ်

**ရီယိုဒီဂျနေးရိုး ဖေဖော်ဝါရီ ၂၂**

ဘရာဇီးနိုင်ငံ၌ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို လွန်ခဲ့သည့် လအတွင်းက စတင်ဆောင်ရွက်ခဲ့ပြီး လက်ရှိတွင် လူဦးရေ ၅ ဒသမ ၈ သန်းကျော် (နိုင်ငံလူဦးရေ၏ ၂ ဒသမ ၇၄ ရာခိုင်နှုန်း)မှာ ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုခံယူထားပြီးဖြစ်ကြောင်းနှင့် လူဦးရေ ၁၁၁၅၈၃၂ ဦး (နိုင်ငံလူဦးရေ၏ သုည ဒသမ ၅၃ ရာခိုင်နှုန်း)မှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်စလုံး ထိုးနှံမှုခံယူထားပြီးဖြစ်ကြောင်း သိရသည်။

ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုကြောင့် သေဆုံးသူ ၅၂၇ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၂၄၆၅၀၄ ဦးအထိရှိလာခဲ့ကြောင်း ဘရာဇီးနိုင်ငံကျန်းမာရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၂၁ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ထို့ပြင် ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၉၀၂၆ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၁၀၁၆၈၀၇၄ ဦးအထိရှိလာခဲ့ကြောင်းလည်း သိရသည်။

ဘရာဇီးနိုင်ငံသည် ကမ္ဘာ့နိုင်ငံများ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုတွင် အမေရိကန်နိုင်ငံပြီးနောက် ဒုတိယအများဆုံးနိုင်ငံဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုတွင် အမေရိကန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ပြီးနောက် တတိယအများဆုံးနိုင်ငံဖြစ်ကြောင်း သိရသည်။

ဘရာဇီးနိုင်ငံ၏ လူဦးရေအများဆုံးပြည်နယ်တစ်ခုဖြစ်သည့် ဆော်ပေါ်လိုပြည်နယ်သည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုအများဆုံး ပြည်နယ်ဖြစ်ပြီး လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၁၉၇၅၉၂၇ ဦးနှင့် သေဆုံးသူစုစုပေါင်း ၅၇၇၉၉ ဦးရှိကြောင်း သိရသည်။ ဆော်ပေါ်လိုပြည်နယ်နောက်တွင် ရီယိုဒီဂျနေးရိုးက ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၅၇၂၀၀၇ ဦး၊ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၃၂၁၇၃ ဦးဖြင့် ကူးစက်သေဆုံးမှုတွင် ဒုတိယအများဆုံးပြည်နယ်အဖြစ် ရပ်တည်လျက်ရှိ ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်

# မွန်ဂိုလီးယားနိုင်ငံ၌ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို ဖေဖော်ဝါရီ ၂၃ ရက်တွင် စတင်မည်

**အူလန်ဘာတာ ဖေဖော်ဝါရီ ၂၂**

မွန်ဂိုလီးယားနိုင်ငံ၌ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဖေဖော်ဝါရီ ၂၃ ရက်တွင် စတင်မည်ဖြစ်ကြောင်းနှင့် အဆိုပါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ကျန်းမာရေးဝန်ထမ်းများနှင့် လုံခြုံရေးတာဝန်ရှိသူများဖြင့် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း မွန်ဂိုလီးယားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး အာမာဆိုင်ခန်းက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ Serum ဆေးဝါးကုမ္ပဏီက ထုတ်လုပ်သည့် Covishield ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ တစ်သိန်းခွဲအား လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားပြုလုပ်သည့် ဖေဖော်ဝါရီ ၂၂ ရက်တွင် ကိုဗစ်-၁၉ ရောဂါအခြေအနေ ကော်မရှင်အကြီးအကဲအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မွန်ဂိုလီးယားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး အာမာဆိုင်ခန်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

မွန်ဂိုလီးယားနိုင်ငံသည် တရုတ်ဆေးဝါးကုမ္ပဏီ Sinovac မှ ထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ သုံးသိန်းကိုလည်း ဖေဖော်ဝါရီ ၂၂ ရက်တွင် လက်ခံရရှိခဲ့ကြောင်း သိရသည်။ မွန်ဂိုလီးယားနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်အရ နိုင်ငံလူဦးရေ၏ ၆၀ ရာခိုင်နှုန်း သို့မဟုတ် အနည်းဆုံး ၃ ဒသမ ၃ သန်းကို ကနဦးကာကွယ်ဆေးထိုးနှံပေးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ လက်ရှိတွင် မွန်ဂိုလီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၂၆၉၃ ဦးအထိရှိလာခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်



| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၁၂၀၂၈၂၈ | ဦး |
| သေဆုံးသူ | ၂၄၇၉၃၅၆ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၈၇၃၉၃၇၇၃ | ဦး |







## နိုင်ငံ့ဝန်ထမ်းများအပေါ် CDM လုပ်ဆောင်ရန် ဖိအားပေးမှုအပေါ် နိုင်ငံတော်အပေါ် သစ္စာရှိသော နိုင်ငံ့ဝန်ထမ်းကောင်းများ ကျေနပ်မှုမရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

နိုင်ငံ့ဝန်ထမ်းများအား CDM လုပ်ဆောင်ရန် ခြိမ်းခြောက်အကျပ်ကိုင်သည့် ဗီဒီယိုဖိုင်များကိုဖေဖော်ဝါရီ ၂၁ ရက်တွင် ပြည်သူများ သိရှိနိုင်စေရန် ထုတ်လွှင့်ပြသပြီး ဖြစ်သည်။ ယနေ့တွင်လည်း ၎င်းအမျိုးသမီး၏ ခြိမ်းခြောက် အကျပ်ကိုင်မှုများ ပြုလုပ်လျက်ရှိသည့် ဗီဒီယိုဖိုင်များ လူမှုကွန်ရက်စာမျက်နှာပေါ်၌ ထပ်မံပေါ်ထွက်လာခဲ့ကြောင်း သိရသည်။

အဆိုပါအမျိုးသမီးမှာ ဗိုလ်မြတ်ထွန်းလမ်း အထက(၂) ဗိုလ်တထောင်အနီး နေထိုင်သူဖြစ်ပြီး Future Bright Star Education Center ကို တည်ထောင်ထားသူ ဒေါ်သက်သက်ခိုင်ဖြစ်ကြောင်း သိရသည်။

၎င်းနှင့်ပတ်သက်၍ နိုင်ငံ့တာဝန်ကို ကျေပွန်စွာသစ္စာရှိရှိ တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများကလည်း တရားဝင်တိုင်ကြားမှုများ ပြုလုပ်ထားကြောင်းနှင့် သက်ဆိုင်ရာမှ တည်ဆဲဥပဒေများနှင့်အညီ အမှုဖွင့်၍ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

၎င်းဖြစ်စဉ်ကဲ့သို့ နိုင်ငံတော်နှင့် ပြည်သူလူထုအပေါ် သစ္စာရှိစွာဖြင့် တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများနှင့်ပတ်သက်၍ စော်ကားပြုမူမှုများ၊ Social punishment ပြုလုပ်မှုများ၊ အခြားဖိအားပေးအကျပ်ကိုင်မှုဖြစ်စဉ်များ ဖြစ်ပေါ်လာပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ဟံဇားတိုက်နယ်ဆေးရုံ၌ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ဆေးဝါးကုသမှုပေးရာတွင် ဆူပူလှုံ့ဆော်မှုဦးဆောင်သူများအား တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ဟံဇားတိုက်နယ်ဆေးရုံတွင် ဖေဖော်ဝါရီ ၃ ရက်မှစ၍ ဆရာဝန်တစ်ဦးနှင့် သူနာပြုရှစ်ဦးတို့သည် ဆေးမကုသဘဲ CDM လုပ်ဆောင်လာခဲ့ရာ ဟံဇားတိုက်နယ်ဒေသခံတို့က တပ်မတော်ထံ အကူအညီတောင်းခံလာသဖြင့် ဖေဖော်ဝါရီ ၁၇ ရက်မှ စတင်၍ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ဖေဖော်ဝါရီ ၂၁ ရက်တွင် မသမာသူတစ်စု၏ သွေးထိုးလှုံ့ဆော်မှုကြောင့် “ဆေးရုံဖွင့်လှစ်မှုနှင့် ဆေးကုသမှုအလိုမရှိ” ဟု ကြွေးကြော်မှုဖြင့် ဆူပူလှုံ့ဆော်မှုများ ဆောင်ရွက်ခဲ့ရာ လက်တွေ့ကုသမှုလိုအပ်၍ ကုသမှုခံယူနေသော လူနာနှင့် လူနာရှင်တို့၏ ကိုယ်တွေ့ကြုံတွေ့နေမှုများကို တွေ့မြင်ခဲ့ရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အခွင့်အရေးဆုံးရှုံးနစ်နာခံရသူတို့၏ တောင်းဆိုမှုအရ ဖြစ်စဉ်အားဖော်ထုတ်၍ ဦးဆောင်သူများကို တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် ကျန်ရုံးဌာနများ၊ ဆေးရုံများအနေဖြင့်လည်း ယခုကဲ့သို့ နှောင့်ယှက်ဟန့်တားခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများ ရှိပါက ထုတ်ပြန်ထားသော ဖုန်းနံပါတ်များ၊ E-mail လိပ်စာများသို့ ဆက်သွယ်၍ အသံဖိုင်၊ ဗီဒီယိုဖိုင်များဖြင့် ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ သတင်းပို့နိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## မုံရွာမြို့နယ် သက္ကယ်ကျင်းကျေးရွာ၌ မီးလောင်မှုဖြစ်ပွား

**မုံရွာ ဖေဖော်ဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် သက္ကယ်ကျင်းကျေးရွာ၌ ယမန်နေ့ နံနက် ၂ နာရီခွဲခန့်က ကြက်ခြံမီးလောင်ရာ ကြက်ကောင်ရေ ၂၀၀၀ နှင့် အဆောက်အအုံများ မီးလောင်ခဲ့သည်။

ဖြစ်စဉ်မှာ ကြက်ခြံအတွင်း သွယ်တန်းထားသော မီးသီးအပူလွန်ကဲ ရှော့ဖြစ်ရာမှ အကာထရံသို့ မီးကူးစက်လောင်ကျွမ်းခြင်းဖြစ်ကြောင်း မုံရွာခရိုင် မီးသတ်ဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

မီးလောင်မှုကြောင့် ကြက်အကောင် ၂၀၀၀၊ သွပ်မိုး ဝါးခြမ်းကာ မြေစိုက် ကြက်ခြံတစ်လုံး၊ ၁၅ ပေပတ်လည် ဝါးခြမ်းကာ မြေစိုက်နှင့် သွပ်မိုးကပ်ကာမြေစိုက် နေအိမ်နှစ်လုံး၊ ကပ်မိုးကပ်ကာ မြေစိုက်လောင်စာတောင့်တဲတစ်လုံး မီးလောင်ဆုံးရှုံးခဲ့သည်။ မီးလောင်ရာသို့ မုံရွာခရိုင်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်နှင့်အတူ လယ်ဇင်ရွာနှင့် သက္ကယ်ကျင်းရွာမှ မီးငြိမ်းသတ်ယာဉ် နှစ်စီးနှင့် ရေသယ်ယာဉ် နှစ်စီးဖြင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံများဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြောင်း သိရသည်။ မီးလောင်မှုနှင့်ပတ်သက်၍ ဦးဝင်းကျော်အား မုံရွာမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **လူလေး**

# CDM ကြောင့် ဘယ်သူထိခိုက်သလဲ

**မိုးကြိုး**

အိန္ဒိယနိုင်ငံတွင် ဆားအပေါ်အခွန်ကောက်ခံမှုနှင့် ပတ်သက်ပြီး ၁၉၃၀ ပြည့်နှစ် မတ်လတွင် မဟတ္တမဂန္ဒီက ဗြိတိသျှအစိုးရကို ဆန့်ကျင်ကာ ဆားထွက်ရှိရာ ပင်လယ်သို့ လမ်းလျှောက်ဆန္ဒပြရာမှ CDM (Civil Disobedience Movement) ဆိုသည့် အသုံးအနှုန်းစတင်ခဲ့သည်ဟု ဆိုရပါမည်။

မဟတ္တမဂန္ဒီက CDM လုပ်ဆောင်ရာတွင်

၁။ ဗြိတိသျှထုတ် လူသုံးကုန်ပစ္စည်း အဝတ်အထည်များကို မဝတ်ရန်၊
၂။ လယ်သမားများက အစိုးရကို အခွန်မပေးရန်၊
၃။ ဗြိတိသျှတို့၏ သစ်တောဥပဒေကို ဆန့်ကျင်သည့်အနေဖြင့် သစ်တောမြေများပေါ်တွင် တိရစ္ဆာန်များ မွေးမြူခြင်းများလုပ်ရန်တို့ကို လှုံ့ဆော်ခဲ့ပါသည်။ ဗြိတိသျှအစိုးရကိုသာ ဆန့်ကျင်ခြင်းဖြစ်ပြီး ပြည်သူများ ဒုက္ခရောက်အောင် မလုပ်ခဲ့ပါ။

သမိုင်းဆရာ၊ လေ့လာသူ၊ သုတေသီတို့၏ အဆိုအရ ၁၉၃၀ ပြည့်နှစ် မတ်လ ၁၂ ရက်နေ့မှ ဧပြီလ ၅ ရက်နေ့အထိ ၂၄ ရက်ကြာ လမ်းလျှောက်ဆန္ဒပြ၍ မဟတ္တမဂန္ဒီ ခေါင်းဆောင်သော CDMလှုပ်ရှားမှုသည် အောင်မြင်မှုမရှိဟု သုံးသပ်ကြပါသည်။

CDM အတွေးအခေါ်သည် နှစ်ပေါင်း ၉၀ ကျော် ဆွေးမြည့်နေပါပြီ။ လွန်ခဲ့သော နှစ်ပေါင်း ၉၀ ကျော်ကပင် အောင်မြင်မှုမရခဲ့သော CDM သည် ဒစ်ဂျစ်တယ်ခေတ်တွင် အောင်မြင်မှုမရနိုင်ပါ။ အစိုးရ၏ လည်ပတ်နေသောယန္တရားကို မည်သို့မျှ အနှောင့်အယှက်မပေးနိုင်ပါ။ သို့သော် ပြည်သူများကိုတော့ အခက်အခဲများစွာ ဖြစ်စေမည်ဖြစ်ပါသည်။

ပြည်သူများတွေ့ကြုံနိုင်သည့် အခက်အခဲများကို အကျဉ်းတင်ပြရလျှင်-

၁။ ကျင့်ဝတ်မဲ့စွာ လူနာများကို ကျောခိုင်းသွားသော ဆရာဝန်များကြောင့် ပြည်သူများ ကျန်းမာရေးနှင့် ပတ်သက်ပြီး အခက်အခဲများ ဖြစ်လာပါသည်။ အထူးသဖြင့် ပြည်သူ့ဆေးရုံများကို အားကိုးနေရသော အခြေခံလူတန်းစားများ ဒုက္ခရောက်ရပါသည်။

၂။ တာဝန်သိစွာ တာဝန်ထမ်းဆောင်နေသော ဘဏ်ဝန်ထမ်းများကို ရုံးမတက်အောင် အတင်းအကျပ်ဖိအားပေးခြင်း၊ လူမှုသိက္ခာကျဆင်းအောင် အရှက်ခွဲခြင်းတို့ကြောင့် ဘဏ်များ ဝန်ဆောင်မှု ရပ်ရပါသည်။ လခပေးရန် အခက်အခဲများရှိလာလျှင် ပြည်သူများ စားဝတ်နေရေး ခက်ခဲပါမည်။

၃။ CDM သည် အစိုးရကို ဆန့်ကျင်ရန်ဖြစ်သော်လည်း ပုဂ္ဂလိကဆိုင်များ၊ ဈေးများကို ပိတ်ပင်ခြင်း၊ အများသုံး ဘတ်စ်ကားများ၊ အခြေခံလူတန်းစားသုံးသော ရထားများ၊ သင်္ဘောများ မထွက်အောင် တားဆီးပိတ်ပင်ခြင်းသည် အများပြည်သူကို ဒုက္ခရောက်အောင် ပြုလုပ်နေခြင်းဖြစ်သည်ကို ပြည်သူများ သတိပြုဆင်ခြင်သင့်၊ ဤလုပ်ရပ်များသည် ပက်လက်လှန်ပြီး တံတွေးထွေးသကဲ့သို့ ဖြစ်နေပါသည်။

၄။ မြန်မာနိုင်ငံတွင် ပင်စင်စား ကိုးသိန်းကျော်ရှိပါသည်။ လစဉ် ၂၂ ရက်နေ့သည် ပင်စင်လစာစထုတ်နိုင်သောရက် ဖြစ်ပါသည်။ ဘဏ်များ ဝန်ဆောင်မှုမပေးနိုင်ခြင်း၊ ဆန္ဒပြသူများက လမ်းများကို ပိတ်ဆို့ထားခြင်းကြောင့် ပင်စင်စားကြီးများ လစာထုတ်ရန် အခက်အခဲ ဖြစ်နေပါသည်။ အစိုးရကို ပစ်မှတ်ထားတိုက်ခိုက်သော CDM သည် နှစ်ပေါင်းများစွာ ပြည်သူကို အလုပ်အကျွေးပြုခဲ့သော ဝန်ထမ်းဟောင်းကြီးများကို ထိခိုက်စေသည်ကို ပြည်သူတို့ သတိပြုသင့်ပါသည်။

၅။ ဒီမိုကရေစီစံနှုန်းများအရ လွှတ်တော်များတွင် မဲခွဲသည့်အခါ ထောက်ခံသူ၊ ကန့်ကွက်သူ၊ ကြားနေဟူ၍ ဆန္ဒမဲပေးကြရပါသည်။ CDM လှုံ့ဆော်သူများက သဘောမတူသူများသာမက ကြားနေသူများကိုပင် တိုက်ခိုက်ခြင်း၊ လူမှုသိက္ခာ ကျဆင်းအောင်ပြုလုပ်ခြင်းများသည် အေးချမ်းစွာနေလိုသော ပြည်သူများကို များစွာထိခိုက်စေပါသည်။ အဓမ္မကို ဓမ္မက တိုက်သည်ဟု ကြွေးကြော်နေသော်လည်း မိမိကိုယ်တိုင်က အဓမ္မသမားများ ဖြစ်နေသည်ကို သတိပြုစေလိုပါသည်။

၆။ အခွန်မပေးရန် လှုံ့ဆော်နေသည်ကိုလည်း တွေ့ရပါသည်။ CDM ကို လှုံ့ဆော်နေသူ အများစုသည် အခွန်ပေးနေသူများ မဟုတ်ပါ။ အခွန်ပေးလျှင်လည်း အနည်းငယ်မျှသာ ဖြစ်နိုင်ပါသည်။ အစိုးရကို အခွန်အများဆုံးပေးဆောင်သော ကုမ္ပဏီကြီးများ၊ လုပ်ငန်းရှင်များ၊ လူပုဂ္ဂိုလ်များ CDM တွင် မပါဝင်ပါ။ အခွန်မပေးရန် လှုံ့ဆော်ခြင်းဖြင့် CDM မအောင်မြင်နိုင်ပါ။

၇။ မြန်မာနိုင်ငံတွင် ကျေးရွာ ၃၃၀၀၀ ကျော်ရှိပြီး ကျေးလက်နေပြည်သူ ၃၃ သန်းကျော်ရှိပါသည်။ ကျေးလက်နေပြည်သူများသည် အေးချမ်းစွာ နေလိုကြပါသည်။ အဘက်ဘက်မှ နိမ့်ကျနေသည့် ကျေးလက်နေပြည်သူတို့၏ဘဝကို မြှင့်တင်ရပါမည်။ မြို့ကြီးများတွင်နေပြီး လျှပ်စစ်မီး၊ ပညာရေး၊ ကျန်းမာရေးကအစ ကျေးလက်နေပြည်သူများထက် အခွင့်အရေးများစွာ ရနေသူများက CDM လုပ်ခြင်းသည် မြန်မာနိုင်ငံရှိ ကျေးလက်နေပြည်သူများ၏ဘဝများကို လျစ်လျူရှုရာ ရောက်ပါသည်။

နိဂုံးချုပ်အနေဖြင့် ယနေ့နိုင်ငံတွင် လှုံ့ဆော်နေသော CDM သည် အစိုးရကို မထိခိုက်ဘဲ ပြည်သူများ အထူးသဖြင့် အခြေခံလူတန်းစားများနှင့် ကျေးလက်နေပြည်သူများကိုသာ ထိခိုက်ပါသည်။ နိုင်ငံတော်အစိုးရက အခွင့်အရေးပေးထားချိန်တွင် မိမိတို့တာဝန်များကို ပြန်လည်ထမ်းဆောင်ကြပါ။ ဒီမိုကရေစီဘိုးအေကြီး အမေရိကန်နိုင်ငံမှ ထုတ်ဝေသော “The Journal of Philosophy” 1961 တွင် ပါရှိသောဆောင်းပါးတွင် ပညာရှင် Hugo A Bedau က “ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ၊ တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ CDM လုပ်လျှင် တရားဥပဒေအရ အရေးယူလို့ ရပါတယ်၊ ထောင်ကျနိုင်ပါတယ်” လို့ ရေးခဲ့ပါသည် ခင်ဗျား။ ။

**ယနေ့ နိုင်ငံတွင် လှုံ့ဆော်နေသော CDM သည် အစိုးရကို မထိခိုက်ဘဲ ပြည်သူများ အထူးသဖြင့် အခြေခံလူတန်းစားများနှင့် ကျေးလက်နေပြည်သူများကိုသာ ထိခိုက်ပါသည်။ နိုင်ငံတော်အစိုးရက အခွင့်အရေးပေးထားချိန်တွင် မိမိတို့တာဝန်များကို ပြန်လည်ထမ်းဆောင်ကြပါ။**

## ကချင်ပြည်နယ်အတွင်း လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော တပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ငွေများပေးအပ်

**မြစ်ကြီးနား ဖေဖော်ဝါရီ ၂၂**

ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီက ပြည်နယ်အတွင်း လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများအတွက် ထောက်ပံ့ငွေများ ပေးအပ်ပွဲကို ယနေ့ ညနေ ၃ နာရီတွင် ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံး ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ ကျင်းပသည်။

ထောက်ပံ့ငွေများပေးအပ်ပွဲတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်က ထောက်ပံ့ပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ယနေ့ နိုင်ငံ၏ အခြေအနေကြောင့် နိုင်ငံတစ်ဝန်းတွင် ဆူပူဆန္ဒပြမှုများ ပေါ်ပေါက်လျက်ရှိရာတွင် မိမိတို့ ပြည်နယ်လည်းပါဝင်ပါကြောင်း၊ မိမိတို့ ပြည်နယ်အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အတည်ငြိမ်ဆုံးနှင့် ထိခိုက်မှုအနည်းဆုံး ဖြေရှင်းဆောင်ရွက်နိုင်သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်သူများရှိသကဲ့သို့ ဆူပူအကြမ်းဖက်မှုများဖြစ်အောင် သွေးထိုးလှုံ့ဆော်သူများလည်းရှိနေသည့်အတွက် ယခုလို တည်ငြိမ်အေးချမ်းမှုမရှိသည့် အခြေအနေတွင် နေ့၊ ည မပြတ် လုံခြုံရေးတာဝန်ယူ ထမ်းဆောင်နေကြရသည့် တပ်မတော်သားများအား မိမိတို့ကောင်စီအနေဖြင့် အသိအမှတ်ပြုကျေးဇူးတင်သည့်အနေဖြင့် တတ်နိုင်သမျှ ယခုလို ထောက်ပံ့ပေးအပ်ရခြင်းနှင့် ရှေ့လျှောက် မိမိတို့နှင့်လက်တွဲပြီး တည်ငြိမ်အောင် လုပ်ဆောင်ပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပြည်နယ်အတွင်း လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော တပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ငွေကျပ်သိန်း ၂၅၀ အား ထောက်ပံ့ပေးအပ်ရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မြတ်သက်ဦးနှင့် တပ်နယ်မှူးဗိုလ်မှူးချုပ် ကျော်ကျော်နိုင်တို့က လက်ခံရယူခဲ့ကြောင်း သိရသည်။



**ပြည်နယ်(ပြန်/ဆက်)**

## ရေဦးမျိုးသန့်ခြံမှ ရောမင်းနှင့်ပေါ်ဆန်းရင်မျိုးစပါးများ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိ

**ရေဦး ဖေဖော်ဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့ရှိ ရေဦးမျိုးသန့်ခြံမှ အထွက်နှုန်းကောင်းမွန်သော မျိုးကောင်းမျိုးသန့်များကို ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းလှိုင်ဦးထံမှ သိရသည်။

“ရေဦးမျိုးသန့်ခြံက ထုတ်လုပ်တဲ့ မျိုးသန့်မျိုးပွားမျိုးစေ့တွေကို နွေစပါးစိုက်ရာသီမှာ မျိုးစေ့ထုတ် တောင်သူတွေ၊ မျိုးစေ့ထုတ်သမဝါယမအသင်းစုတွေက မျိုးစေ့ထုတ် စိုက်ပျိုးထုတ်လုပ်လို့ထွက်ရှိတဲ့ မျိုးစေ့တွေကို စိုက်ပျိုးရေးတောင်သူတွေက လာမယ့် မိုးစပါးစိုက်ရာသီမှာ အဆင်သင့်စိုက်ပျိုးနိုင်မှာဖြစ်တယ်၊ မျိုးစေ့ထုတ်စိုက်ချင်တဲ့ အခြားတောင်သူတွေရှိရင်လည်း ရေဦးမျိုးသန့်ခြံမှာ ဝယ်ယူနိုင်ပါတယ်” ဟု တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောသည်။

ရေဦးမျိုးသန့်ခြံမှ မိုးစပါးစိုက်ရာသီမှ စိုက်ပျိုးထုတ်လုပ်ထားသည့် မျိုးသန့်မျိုးပွားမျိုးစေ့အဖြစ် ရောမင်းမျိုးစေ့ တင်း ၂၁၀၀နှင့် ရွှေဘိုပေါ်ဆန်းရင်မျိုးစေ့တင်း ၁၃၀၀ ကို ထုတ်လုပ်ထားရာ ယခုလက်ရှိအချိန်တွင် ရောမင်းမျိုးစေ့ တင်း ၆၅၀ နှင့် ရွှေဘိုပေါ်ဆန်းရင်မျိုးစေ့ ငါးတင်းအား တန့်ဆည်မြို့နယ်ရှိ သမဝါယမအသင်းသို့ ဖြန့်ဖြူးပေးထားကြောင်းနှင့် မျိုးစေ့ထုတ် စိုက်ပျိုးလိုသည့် အခြားတောင်သူများအနေဖြင့်လည်း ယင်းမျိုးစေ့များကို မှာယူစိုက်ပျိုးနိုင်ကြောင်း သိရသည်။

**ဝင်းဦး**
**(ဧယျာတိုင်း)**

## မြန်မာ့စီးပွားရေးဘဏ်(ဘားအံ)၌ ပင်စင်လစာများစတင်ထုတ်ပေး

## မွန်းတည့် ၁၂ နာရီထိ ပင်စင်စား ၅၃၀ ကို ငွေကျပ်သိန်းပေါင်း ခုနစ်ရာကျော်ထုတ်ပေး

**ဘားအံ ဖေဖော်ဝါရီ ၂၂**

ကရင်ပြည်နယ် ဘားအံမြို့ မြန်မာ့စီးပွားရေးဘဏ် ဘားအံခရိုင်ဘဏ်ခွဲ၌ ယနေ့ နံနက် ၈ နာရီခန့်မှ စတင်၍ ကာကွယ်ရေးပင်စင်စား၊ မြို့ပြပင်စင်စားနှင့် နိုင်ငံရေးပင်စင်စားများအား ပင်စင်လစာငွေများ စတင်ထုတ်ပေးခဲ့ရာ မွန်းတည့် ၁၂ နာရီထိ လေးနာရီအတွင်း ပင်စင်စား ၅၃၀ ခန့်ကို ပင်စင်လစာ ငွေကျပ် ၇၃၆ သိန်းကျော် ထုတ်ပေးခဲ့ကြောင်း သိရသည်။

ပင်စင်လစာများထုတ်ပေးရာတွင် ယခင်က အတိုင်း ပုံမှန်ထုတ်ပေးလျက်ရှိပြီး မြန်မာ့စီးပွားရေး ဘဏ် ဘားအံခရိုင် ဘဏ်ခွဲအနေဖြင့် အစိုးရရုံးပိတ်ရက်များမှလွဲ၍ ပိတ်ရက်မရှိ ပုံမှန်ဖွင့်လှစ်လျက်ရှိကာ အများပြည်သူတို့၏ အကျိုးကျေးဇူးကို ရှေးရှု၍ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး စည်းကမ်းနှင့်အညီ ဘဏ်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်လစာများကို လစဉ် ၂၁ ရက်မှ စတင်ထုတ်ပေးလေ့ရှိသော်လည်း ယခုလတွင် ၂၁ ရက်သည် ရုံးပိတ်ရက်ဖြစ်သဖြင့် ယနေ့နံနက်မှစ၍ စတင်ထုတ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ လစဉ် ၂၁ ရက်မှစ၍ မည်သည့်ရက်တွင်မဆို လာရောက်ထုတ်ယူနိုင်ကြောင်း၊ လုံခြုံရေးအခြေအနေအရ တင်းကျပ်မှုအနည်းငယ်ရှိသော်လည်း မည်သူမဆို ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို ရယူနိုင်ကြောင်း၊ ပင်စင်စားများ၏အခက်အခဲ၊ ကိုဗစ်ကာလ စီးပွားရေးလုပ်ငန်းရှင်များ၏ အခက်အခဲများကို စာနာနားလည်သည့်အတွက် ပိတ်ရက်မရှိ(အစိုးရရုံးပိတ်ရက်များမှလွဲ၍) အများပြည်သူအဆင်ပြေစေရေး ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို ပုံမှန်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



ရွှေတောင်မြို့၌ အငြိမ်းစားဝန်ထမ်းများ လစာထုတ်ယူနေစဉ်။

## တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ ဈေးများ၊ စတိုးဆိုင်ခန်းများ ပုံမှန်အတိုင်း ရောင်း/ဝယ်ဖောက်ကားလျက်ရှိ၊ မြန်မာ့စီးပွားရေးဘဏ်များနှင့် ဘဏ်ခွဲအသီးသီးတို့၌ အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာများ အဆင်ပြေချောမွေ့စွာထုတ်ပေးလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ဖေဖော်ဝါရီ ၂၀ ရက်နှင့် ၂၁ ရက်နေ့များမှစ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ ဖေဖော်ဝါရီ ၂၂ ရက်တွင် ဈေးများ၊ စတိုးဆိုင်ခန်းများ အားလုံး ဖွင့်လှစ်ရောင်းချခြင်းမပြုရန် ခြိမ်းခြောက် အကျပ်ကိုင်သည့် ကောလာဟလသတင်းများ ထွက်ပေါ်ခဲ့သည်။ ထိုသို့ ကောလာဟလသတင်းများ ထွက်ပေါ်ခဲ့သော်လည်း ယနေ့တွင် နိုင်ငံတစ်ဝန်းလုံး မြို့နယ်အသီးသီးရှိ ဈေးများ၊ စတိုးဆိုင်ခန်းများသည် မိမိတို့၏ မိသားစုစားဝတ်နေရေးအတွက် ပုံမှန်အတိုင်း အေးချမ်းစွာ ရောင်းဝယ်ဖောက်ကားလျက်ရှိကြသည်။

ထို့ပြင် မြန်မာ့စီးပွားရေးဘဏ်များနှင့် ဘဏ်ခွဲများတွင် အငြိမ်းစားဝန်ထမ်းများ လွယ်ကူချောမွေ့စွာပင်စင်လစာများ ထုတ်ယူနိုင်စေရန်အတွက် ယနေ့နံနက်ပိုင်းမှစတင်၍ သက်ဆိုင်ရာဘဏ်များ၌ လုံခြုံရေးများဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ ပင်စင်စား အငြိမ်းစားဝန်ထမ်းများ အဆင်ပြေချောမွေ့စွာ လာရောက်ထုတ်ယူလျက်ရှိကြောင်း သိရသည်။

အငြိမ်းစားဝန်ထမ်းများအနေဖြင့် ပင်စင်လစာများ လစဉ် ၂၁ ရက် တစ်ရက်တည်းတွင်သာ စုပြုံထုတ်ယူခြင်းအစား လစဉ် ၂၁ ရက်နောက်ပိုင်း ဘဏ်ဖွင့်သည့် ရက်များတွင် ထုတ်ယူခြင်း၊ Mobile Money စနစ် အသုံးပြု၍ နီးစပ်ရာ Mobile Agent များတွင် ထုတ်ယူခြင်းတို့ဖြင့် အဆင်ပြေစွာထုတ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



## မိုင်းယောင်း၌ အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာငွေများ ပုံမှန်ထုတ်ပေး

**မိုင်းယောင်း ဖေဖော်ဝါရီ ၂၂**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်မြန်မာ့စီးပွားရေး ဘဏ်၌ ပင်စင်စားပြည်သူများ အား ယနေ့နံနက်ပိုင်းမှစတင်၍ ပင်စင်လစာငွေများကို ပုံမှန်ထုတ်ပေးလျက်ရှိသည်။

ပင်စင်လစာငွေများ ထုတ်ပေးရာတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များအတိုင်း ဘဏ်အတွင်းသို့ ဝင်ရောက်ရာတွင် နှာခေါင်းစည်းကို စနစ်တကျ တပ်ဆင်စေခြင်း၊ လက်သန့်ဆေးရည်ဖြင့် လက်ဆေးစေခြင်းနှင့် ပင်စင်လစာငွေများထုတ်ပေးရာ၌ စနစ်တကျဖြစ်စေရေးအတွက် အလှည့်ကျဖြင့် ထုတ်ပေးလျက်ရှိကြောင်း မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာ ဦးဝင်းကျော်ထွေးထံမှ သိရသည်။

မိုင်းယောင်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ်၌ အငြိမ်းစားဝန်ထမ်း လစာငွေထုတ်ယူသည့် ပြည်သူ ၁၅၀ ကျော်ရှိရာ ယမန်နေ့မှစ၍ ဘဏ်ဖွင့်သည့် နေ့ရက်များတွင် ပင်စင်လစာငွေများ ပုံမှန်ထုတ်ယူနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိကြောင်း မြန်မာ့စီးပွားရေးဘဏ် မန်နေဂျာထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျိုက်မရောမြို့ မြန်မာ့စီးပွားရေးဘဏ်ခွဲ၌ ပင်စင်လစာငွေထုတ်ပေး

**ကျိုက်မရော ဖေဖော်ဝါရီ ၂၂**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် မြန်မာ့စီးပွားရေး ဘဏ်ခွဲ၌ အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာ ငွေများကို ကိုဗစ်-၁၉ရောဂါကာကွယ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ယနေ့နံနက် ၈ နာရီမှစတင်၍ စနစ်တကျ ထုတ်ပေးလျက်ရှိသည်။

ထိုသို့ထုတ်ပေးရာတွင် အငြိမ်းစားပင်စင်ထုတ်ယူမည့် ဝန်ထမ်းဦးရေမှာ ၇၀၀ ကျော်ရှိသဖြင့် လူစုလူဝေးမဖြစ်ပေါ်စေရန် အဖွဲ့လိုက်ခွဲ၍ တစ်ဖွဲ့လျှင် လူဦးရေ ၃၀ သတ်မှတ်ကာ ထုတ်ပေးနေပြီး ဖေဖော်ဝါရီ ၂၂ ရက်မှစတင်ကာ ၂၆ ရက်ထိ နေ့စဉ် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း ထုတ်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်မြန်မာ့စီးပွားရေးဘဏ်ခွဲမှ သိရသည်။

**ချိုချို(ပြန်/ဆက်)**

# ပဲခူးမြို့နယ်၌ ကျန်းမာရေးညွှန်ကြားချက်နှင့်အညီ ပင်စင်လစာများ ထုတ်ပေး

**ပဲခူး ဖေဖော်ဝါရီ ၂၂**

ပဲခူးမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများ၌ နိုင်ငံ့ဝန်ထမ်း (ပင်စင်စား) ၁၂၀၄၁ ဦးရှိရာ ဖေဖော်ဝါရီလအတွက် ပင်စင်လစာများကို ယနေ့မှစတင်၍ ပဲခူးမြို့ မြန်မာ့စီးပွားရေးဘဏ်၌ ဘဏ်ဝန်ထမ်းများက ကျန်းမာရေး ညွှန်ကြားချက်နှင့်အညီ အလှည့်ကျ သတ်မှတ်နေ့အလိုက် စနစ်တကျ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

ပဲခူးမြို့နယ်အတွင်း၌ မြို့ပြ ပင်စင် ၅၈၄၀၊ ကာကွယ်ရေး ပင်စင် ၅၇၅၉ ဦး၊ နိုင်ငံရေးပင်စင် ၃၄၈ ဦး၊ မြန်မာ့စီးပွားရေးဘဏ် ပင်စင် ၉၁ ဦး၊ ဗဟိုဘဏ်ပင်စင် သုံးဦး စုစုပေါင်း ၁၂၀၄၁ ဦးရှိရာ ပဲခူးမြို့ မြန်မာ့စီးပွားရေးဘဏ် ဝန်ထမ်းများက ယနေ့နံနက် ၆ နာရီခွဲမှစတင်၍ ညနေ ၃ နာရီ အထိ မြို့တွင်းကြီးရပ်ကွက်၊ နန်းတော်ရာရပ်ကွက်၊ ရုံးကြီး ရပ်ကွက်၊ ရှင်စောပုရပ်ကွက်၊ လိပ်ပြာကန်ရပ်ကွက်၊ ပုဏ္ဏားစု ရပ်ကွက်၊ ပန်းလှိုင်ရပ်ကွက် စသည့်ရပ်ကွက်များ၌ နေထိုင်သည့် မြို့ပြပင်စင်စား ၁၀၅၄ ဦး၊ ကာကွယ်ရေးပင်စင်စား ၈၁၁ ဦး၊ နိုင်ငံရေးပင်စင်စား ၂၈ ဦး စုစုပေါင်း ၁၈၉၃ ဦးတို့အား စတင်ထုတ်ပေးခဲ့သည်။

ဆက်လက်၍ ဖေဖော်ဝါရီ ၂၃ ရက်တွင် နံနက် ၇ နာရီခွဲမှ ညနေ ၃ နာရီအထိ ဈေးပိုင်း၊ ညောင်ဝိုင်း (တောင်/မြောက်)၊ သွန်းဘုရား၊ ကျောက်ကြီးစု၊ ဇိုင်းဂနိုင်း (တောင်/မြောက်) ရပ်ကွက်များရှိ ပင်စင်စားများအားလည်းကောင်း၊ ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၈ နာရီမှ ညနေ ၃ နာရီအထိ မဇင်း၊ ကလျာဏီ၊ ကျွန်းသာယာ၊ ဟသ်ာကုန်း၊ ဗိုလ်ကုန်း၊ ဟံသာဝတီ၊ ရွာသစ်၊ မြို့သစ် စသည့်ရပ်ကွက်များရှိ ပင်စင်စားများအားလည်းကောင်း၊ ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၈ နာရီမှ ညနေ ၃ နာရီအထိ ဥဿာမြို့သစ်ရပ်ကွက်ကြီး (၁/၂/၃/၄/၅/၆/၇/၈/၉)ရပ်ကွက်များရှိ ပင်စင်စားများအားလည်းကောင်း၊ ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၈ နာရီမှ ညနေ ၃ နာရီအထိ ဘုရားကြီးမြို့ အမှတ် (၁/၂/၃) ရပ်ကွက်များ၊ အင်းတကော်မြို့ အမှတ် (၁/၂/၃/ ၄/၅/၆) ရပ်ကွက်များနှင့် ကျေးရွာအုပ်စု ၆၂ အုပ်စု၌ နေထိုင်ကြသည့် အငြိမ်းစားဝန်ထမ်း ပင်စင်စားများအားလည်းကောင်း ပင်စင်လစာများ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အငြိမ်းစားဝန်ထမ်း ပင်စင်စားများအနေဖြင့် ပင်စင်လစာ လာရောက်ထုတ်ယူကြရာတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိစေရန် ကာကွယ်နိုင်ရေးအတွက် နှာခေါင်းစည်းများ တပ်ဆင်လာကြရမည်ဖြစ်ပြီး သတ်မှတ်ရက်များတွင် အကြောင်း အမျိုးမျိုးကြောင့် မအားလပ်၍ လာရောက်ထုတ်ယူခြင်းမပြုနိုင်သည့် အငြိမ်းစားဝန်ထမ်း ပင်စင်စားများအနေဖြင့် ပင်စင်လစာကို ရုံးဖွင့်သည့်နေ့တိုင်း ဘဏ်ဖွင့်ချိန်အတွင်း လာရောက် ထုတ်ယူနိုင်ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**



# နိုင်ငံတစ်ဝန်း၌ အငြိမ်းစားဝန်ထမ်းများအား မြို့နယ် မြန်မာ့စီးပွားရေးဘဏ်များတွင် ပင်စင်လစာများထုတ်ပေး

နိုင်ငံတစ်ဝန်း၌ မြို့နယ် မြန်မာ့စီးပွားရေးဘဏ်များတွင် ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၇ နာရီမှစတင်၍ အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာများကို ကိုဗစ်ကာလ ကျန်းမာရေးစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ စနစ်တကျ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

မာန်အောင်မြို့နယ်



ဓာတ်ပုံ – မြို့နယ်(ပြန်/ဆက်)

မိုင်းဖြတ်မြို့နယ်



ဓာတ်ပုံ – သန်းထွန်းအေး(ပြန်/ဆက်)

ပင်းတယမြို့



ဓာတ်ပုံ – ပင်းတယ(ပြန်/ဆက်)

ကန့်ဘလူမြို့နယ်



ဓာတ်ပုံ – အောင်ဝင်းငြိမ်း(ကန့်ဘလူ)

ပခုက္ကူမြို့နယ်



ဓာတ်ပုံ – ဆလိုင်းကိုကီး

လိုင်းဘွဲ့မြို့နယ်



ဓာတ်ပုံ – မြို့နယ်(ပြန်/ဆက်)

ကော့ကရိတ်မြို့နယ်



ဓာတ်ပုံ – ခင်မျိုးဝင်း(ပြန်/ဆက်)

ရေနံချောင်းမြို့



ဓာတ်ပုံ – ရေနံ့သာ

ကြို့ပင်ကောက်မြို့နယ်



ဓာတ်ပုံ – ဇေယျာထွန်း(ပြန်/ဆက်)



## စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ မုံရွာမြို့ အောင်ချမ်းသာပင်မဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးနေမှုအား ကြည့်ရှုစစ်ဆေး

**မုံရွာ ဖေဖော်ဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်းနှင့် အဖွဲ့သည် ယနေ့ မွန်းလွဲ ၃ နာရီက မုံရွာမြို့ အောင်ချမ်းသာပင်မဓာတ်အားခွဲရုံမှ ရေအရင်းအမြစ်အသုံးချရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာနပိုင် ၁၃၂/၆၆ ကေဗွီ ၄၅ အမ်ဗွီအေအား ဝန်အားလျှော့ချနိုင်ရေးအတွက် မုံရွာမြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအချို့အား ဓာတ်အားဖြန့်ဖြူးပေးနေသည့် ၆၆/၁၁ ကေဗွီ ၂၀ အမ်ဗွီအေ ထရန်စဖော်မာအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနပိုင် ၁၃၂/၃၃ ကေဗွီ ၁၀၀ အမ်ဗွီအေ ထရန်စဖော်မာမှ ပြောင်းလဲတပ်ဆင် ဓာတ်အားပေးနိုင်ရေးနှင့် Solar ဓာတ်အားပေးစက်ရုံမှခွဲရုံသို့ ဆက်သွယ်မည့် Switchbay တည်ဆောက်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ မကြာမီကာလတွင် နွေရာသီရောက်ရှိတော့မည်ဖြစ်ရာ လျှပ်စစ်ဓာတ်အားသုံးစွဲမှု ပိုမိုများပြားမည်ဖြစ်သောကြောင့် လိုအပ်သည့် ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် ပြုပြင်ဖြည့်ဆည်းပေးလျက်ရှိရာတွင် ကုန်ကျစရိတ်များအား အထက်အဖွဲ့အစည်းသို့ တာဝန်ရှိသူ၏ ရှင်းလင်းတင်ပြမှုအပေါ် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မန်တုံမြို့၌ ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်

**မန်တုံ ဖေဖော်ဝါရီ ၂၂**

ရှမ်းပြည်နယ် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုံမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးနေလင်းဦးနှင့် တာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၀ ရက်က ကွင်းဆင်းစစ်ဆေးသည်။

ပန်ဆန်းကျေးရွာအုပ်စု ပန်လုံကျေးရွာတွင် စိမ့်စမ်းရေသွယ်တန်းခြင်း ၄ မိုင် ၄ဖာလုံ၊ နမ့်ဟိုင်းကျေးရွာအုပ်စု ကောင်းမှူးကျေးရွာတွင် စိမ့်စမ်းရေသွယ်တန်းခြင်း သုံးမိုင်အား ဆောင်ရွက်လျက်ရှိသည်။

လုပ်ငန်းဆောင်ရွက်မှုအနေဖြင့် ပစ္စည်းများစုဆောင်းခြင်း၊ ရေပိုက်သွယ်တန်းရန် မြောင်းတူးခြင်း၊ ရေတားတမံတည်ဆောက်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေကန်တည်ဆောက်ခြင်းတို့အား ဆောင်ရွက်ရမည်ဖြစ်ပြီး ပန်လုံကျေးရွာတွင် လုပ်ငန်းဆောင်ရွက်မှု ၃၀ ရာခိုင်နှုန်းပြီးစီးကာ ကောင်းမှူးကျေးရွာတွင် ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်သည်။

**စည်သူမောင်မောင်**
**(ပြန်/ဆက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူသို့ အသိပေးချက်

နိုင်ငံတော်၏အကျိုးကို သယ်ပိုးဆောင်ရွက်ရန်အတွက် နိုင်ငံ့တာဝန်များကို မပျက်မကွက် ဆက်လက်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများ လုပ်ငန်းခွင်မဝင်နိုင်အောင် နိုင်ငံတော်ကို ဆန့်ကျင်နှောင့်ယှက်မှုပြုနေသူအချို့က နည်းအမျိုးမျိုးဖြင့် ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်းများ ပြုလုပ်နေကြောင်းကို ကြားသိနေရပါသည်။ ဖိအားပေးခြိမ်းခြောက်သူများအနေဖြင့် ယင်းလုပ်ရပ်များသည် ဥပဒေနှင့် ဆန့်ကျင်သကဲ့သို့ မိမိ၏အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ကျင့်သုံးခြင်းဆိုင်ရာ မူသဘောတရားများနှင့်လည်း ဆန့်ကျင်နေပါသည်။ ဝန်ထမ်းမဟုတ်သူ ပြည်သူလူထုအချင်းချင်းကြားတွင်လည်း အလားတူ ပြုလုပ်မှုများရှိနေကြောင်းကိုလည်း ကြားသိရပါသည်။ မည်သူမဆို မိမိ၏အခွင့်အရေးများနှင့်လွတ်လပ်ခွင့်များကို ကျင့်သုံးရာတွင် အခြားသူများ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို အသိအမှတ်ပြုရန် လိုအပ်ပါသည်။ ထို့အပြင် အများပြည်သူအေးချမ်းသာယာရေးနှင့် အကျိုးစီးပွားဖြစ်ထွန်းရေးတို့ကို ဖြည့်ဆည်းရန်အတွက် ဥပဒေအရ သတ်မှတ်ထားသည့် ကန့်သတ်ချက်များအတိုင်း လိုက်နာကျင့်သုံးရန်လိုအပ်ပါသည်။ သို့ပါ၍ ဖိအားပေးခြိမ်းခြောက်ခံရသူများ၏ အခွင့်အရေး ထိပါးနှောင့်ယှက်ခံရမှုများကို ဥပဒေကြောင်းအရ ကုစားပေးနိုင်ရေးနှင့် ထိပါးနှောင့်ယှက်သူများကို ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေးအတွက် အောက်ပါဖုန်းနံပါတ်များနှင့် e-mail လိပ်စာများသို့ ဆက်သွယ်တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များနှင့် e-mail လိပ်စာများ**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ဖုန်းနံပါတ်များ | e-mail လိပ်စာများ |
|---|---|---|---|
| ၁ | နေပြည်တော် | ၀၆၇-၅၅၀၂၅၁<br>၀၆၇-၅၅၀၂၅၂<br>၀၆၇-၅၅၀၂၅၃<br>၀၆၇-၅၅၀၂၅၄<br>၀၆၇-၅၅၀၂၅၅ | mpf-naypyitaw@e-moha.gov.mm |
| ၂ | ကချင်ပြည်နယ် | ၀၇၄-၂၅၂၆၆၇၁<br>၀၇၄-၂၅၂၆၆၇၂ | mpf-kachin@e-moha.gov.mm |
| ၃ | ကယားပြည်နယ် | ၀၈၃-၂၂၂၄၃၁၅<br>၀၈၃-၂၂၂၄၃၁၆ | mpf-kayar@e-moha.gov.mm |
| ၄ | ကရင်ပြည်နယ် | ၀၅၈-၂၀၂၁၀၉၆<br>၀၅၈-၂၀၂၁၀၀၉ | mpf-kayin@e-moha.gov.mm |
| ၅ | ချင်းပြည်နယ် | ၀၇၀-၂၀၂၂၁၁၁<br>၀၇၀-၂၀၂၂၃၃၃ | mpf-chin@e-moha.gov.mm |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၀၇၁-၂၀၂၆၂၅၃<br>၀၇၁-၂၀၂၆၂၅၄ | mpf-sagaing@e-moha.gov.mm |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၀၅၉-၂၀၂၄၀၂၉<br>၀၅၉-၂၀၂၄၀၃၀ | mpf-tanintharyi@e-moha.gov.mm |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၀၅၂-၂၂၀၁၉၂၀<br>၀၅၂-၂၂၀၁၉၂၁ | mpf-bago@e-moha.gov.mm |
| ၉ | မကွေးတိုင်းဒေသကြီး | ၀၆၃-၂၀၂၈၈၅၅<br>၀၆၃-၂၀၂၈၈၅၆ | mpf-magway@e-moha.gov.mm |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၀၂-၄၀၃၅၈၉၁<br>၀၂-၄၀၃၅၈၉၂<br>၀၂-၄၀၃၅၈၉၃<br>၀၂-၄၀၃၅၈၉၄<br>၀၂-၄၀၃၅၈၉၅ | mpf-mandalay@e-moha.gov.mm |
| ၁၁ | မွန်ပြည်နယ် | ၀၅၇-၂၀၂၇၈၈၀<br>၀၅၇-၂၀၂၇၈၈၄ | mpf-mon@e-moha.gov.mm |
| ၁၂ | ရခိုင်ပြည်နယ် | ၀၄၃-၂၀၂၄၅၅၇<br>၀၄၃-၂၀၂၄၅၅၈ | mpf-rakhine@e-moha.gov.mm |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၀၁-၈၃၀၀၀၁၁<br>၀၁-၈၃၀၀၀၁၂<br>၀၁-၈၃၀၀၀၁၃<br>၀၁-၈၃၀၀၀၁၄<br>၀၁-၈၃၀၀၀၁၅ | mpf-yangon@e-moha.gov.mm |
| ၁၄ | ရှမ်းပြည်နယ် | ၀၈၁-၂၀၂၂၄၁<br>၀၈၁-၂၀၂၂၄၂ | mpf-shan@e-moha.gov.mm |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၂၀၂၃၁၀၃<br>၀၄၂-၂၀၂၃၁၀၆ | mpf-ayeyarwaddy@e-moha.gov.mm |

## ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်သုံးဆီများ လုံလောက်စွာရှိပြီး ပုံမှန်ရောင်းချပေးလျက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်သုံးဆီများ အလုံအလောက်ရှိပြီး ပြည်သူလူထုအတွက် စက်သုံးဆီဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများကို တိုင်းဒေသကြီးအတွင်းရှိ စက်သုံးဆီဆိုင်များတွင် ပုံမှန်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**ရောင်းချပေးလျက်ရှိ**

ပြည်သူအများ စိုးရိမ်ပူပန်နေရသော သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ စက်ရုံအလုပ်ရုံများနှင့် ပုဂ္ဂလိက ကဏ္ဍများ၏ အထွေထွေလုပ်ငန်းများတွင် အသုံးပြုလျက်ရှိသော စက်သုံးဆီများဖြစ်သည့် အောက်တိန်း 92 နှင့် 95၊ ဓာတ်ဆီ၊ ဒီဇယ်နှင့် အခြားစက်သုံးဆီအမျိုးမျိုးကို ရန်ကုန်မြို့ရှိ ဌာနဆိုင်ရာ စက်သုံးဆီကန်များ၊ ပုဂ္ဂလိကပိုင်ဆီကန်များ၊ အခြားအသင်းအဖွဲ့များပိုင် ဆီကန်များတွင် အလုံအလောက်ရှိပြီး အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ သယ်ယူပို့ဆောင်ရောင်းချပေးလျက်ရှိသည်။

စက်သုံးဆီဆိုင်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံစက်သုံးဆီအသင်းအတွင်းရေးမှူး ဒေါက်တာဝင်းမြင့်က တိုင်းဒေသကြီးအတွင်း စက်သုံးဆီဆိုင်များပိတ်ထားခြင်းမရှိပါကြောင်း၊ အားလုံးကိုလုံလုံလောက်လောက်ရောင်းပေးနေပါကြောင်း၊ လက်ကျန်နည်းသည်ဟု အပြင်မှပြောနေကြသော်လည်း ယခင်ပုံမှန်အတိုင်း အရန်ဆီအနေဖြင့် နှစ်လစာလောက်ကျန်ရှိပြီး ထူးထူးခြားခြား လျော့ကျသွားတာမျိုး မရှိပါကြောင်းနှင့် တိုင်းဒေသကြီးအတွင်း စက်သုံးဆီဆိုင်၂၀၀ ကျော်ရှိကြောင်း ဆက်သွယ်မေးမြန်းချက်ကို ဖြေကြားခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဤခရီး နီးချင်ပါသလား

ကိုတိုး

> ❒ ဒီခရီးနီးစေချင်ပါတယ်။ ပြည်သူအားလုံးရဲ့ ဆန္ဒကလည်း ဒီလိုပဲဖြစ်မှာပါ။ ဒီလုပ်ငန်းစဉ် မြန်မြန်ပြီးဖို့၊ တိကျမှန်ကန်တဲ့ ရွေးကောက်ပွဲနဲ့ အနိုင်ရလာတဲ့ ပါတီကို နိုင်ငံတော်အာဏာ ပြန်လည်အပ်နှင်းပြီး ဒီမိုကရေစီလမ်းကြောင်းကို ဆက်လက်လျှောက်လှမ်းနိုင်ဖို့အတွက် အရေးပေါ်ကာလဟာ မကြာလေ ကောင်းလေပါပဲ။
>
> ❒ ဒီလိုမြန်မြန်ဆန်ဆန်ဖြစ်ဖို့အတွက် နိုင်ငံတော်အေးချမ်းသာယာဖို့ လိုပါတယ်။ ဒါမှသာ အစိုးရအနေနဲ့ လုပ်စရာရှိတာတွေ မြန်မြန်ဆန်ဆန် လုပ်နိုင်မှာပါ။ အဲဒီလိုမဟုတ်ဘဲ ဆူပူအုံကြွမှုတွေ၊ အကြမ်းဖက်မှုဆန်တဲ့လုပ်ရပ်တွေ ရှိနေပြီး အေးချမ်းသာယာမှုမရှိရင် လုပ်ငန်းစဉ်တွေဟာ နှောင့်နှေးပြီး ခရီးမရောက်နိုင်ဖြစ်မှာပါ။ ဒါကို အဓိကစဉ်းစားသင့်ပါတယ်။

တပ်မတော်က နိုင်ငံတော်တာဝန်ယူခဲ့တာ သုံးပတ်ခန့်ရှိခဲ့ပါပြီ။ ဒီလို တာဝန်ယူခဲ့ရတာဟာ အရင်းခံအကြောင်းတချို့နဲ့ လတ်တလော အကြောင်းရင်းက ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလမှာ ပြုလုပ်ခဲ့တဲ့ ရွေးကောက်ပွဲဟာ မှန်ကန်မှု မရှိနိုင်ခြင်း၊ တရားမျှတမှုမရှိခဲ့ခြင်း၊ မဲစာရင်းများ မှားယွင်းနေခြင်း၊ မဲမသမာမှု ဖြစ်နိုင်ခြင်း စတာတွေကြောင့် ဒါတွေကို ဖြေရှင်း ဆောင်ရွက်ပေးဖို့ နိုင်ငံရေးပါတီတချို့နဲ့ တပ်မတော်က ထောက်ပြတောင်းဆိုခဲ့သော်လည်း တာဝန်ရှိသူအဆင့်ဆင့်က လက်မခံ၊ ငြင်းပယ်ပြီး လျစ်လျူရှုခဲ့လို့ ဒီအဆင့်ကို ရောက်ခဲ့ရတာပါ။

တပ်မတော်က ဘာလို့ ဒီတာဝန်ကို ယူရတယ်ဆိုတာကို စတင်တာဝန်ယူတဲ့ ၁-၂-၂၀၂၁ ရက်နေ့ နံနက်မှာပဲ ပြည်သူလူထုကို ရှင်းလင်းတင်ပြခဲ့ပါတယ်။ ဒီလို အမှားတွေရှိခဲ့လို့၊ တာဝန်ရှိသူတွေက ဒီလို ဒီလို ပျက်ကွက်ခဲ့ကြလို့၊ တာဝန်ယူမှု တာဝန်ခံမှု မရှိဘဲ ဖြစ်သင့်တာထက် ဖြစ်ချင်တာ ဦးစားပေးလုပ်ကြလို့ အမှားမဖြစ်အောင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံ့တာဝန်များကို ယူခဲ့တာဖြစ်ပါတယ်။ တကယ်တော့ ပြီးခဲ့တဲ့ ရွေးကောက်ပွဲရဲ့ ဖြောင့်မတ်မှန်ကန်မှုကို ဝေဖန်ထောက်ပြခဲ့တာ တပ်မတော်တစ်ခုတည်း မဟုတ်ပါဘူး။ ရွေးကောက်ပွဲဝင်ခဲ့တဲ့ ပါတီ ၁၉ ပါတီနဲ့ မဲဆန္ဒရှင်များ အပါအဝင်ဖြစ်ပါတယ်။

### တပ်မတော်က အာဏာသိမ်းတာ မဟုတ်ပါ

တပ်မတော်က နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများနဲ့အညီ နိုင်ငံတော်ကို ထိန်းသိမ်းစောင့်ရှောက်ပြီး အရေးပေါ်ကာလ ပြဋ္ဌာန်းချက်များအရ လိုအပ်သည်များ ဆောင်ရွက်ပြီးစီးပါက အခြေခံဥပဒေနဲ့အညီ တရားမျှတ၍ လွတ်လပ်သော ပါတီစုံ ဒီမိုကရေစီရွေးကောက်ပွဲ ကျင်းပပါလိမ့်မယ်။ အနိုင်ရတဲ့ပါတီကို နိုင်ငံတော်တာဝန်ကို စနစ်တကျ လွှဲပြောင်းပေးအပ်သွားမှာဖြစ်ကြောင်း အတိအလင်း ထုတ်ပြန်ကြေညာပြီးဖြစ်ပါတယ်။ ဒီနေ့ မီဒီယာတချို့မှာ ဖော်ပြနေသလို ပြည်ပနိုင်ငံတချို့က စွပ်စွဲနေသလို အာဏာသိမ်းတယ်ဆိုတာ မဟုတ်ပါဘူး။

ခုချိန်မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို အသစ်ပြန်လည်ဖွဲ့စည်းပြီး ပြီးခဲ့တဲ့ ရွေးကောက်ပွဲ မဲစာရင်းတွေကို စစ်ဆေးနေပါတယ်။ စစ်ဆေးတွေ့ရှိချက်တွေကို တင်ပြခဲ့တာ နှစ်ကြိမ် ရှိပါပြီ။ ပထမအကြိမ်မှာ တစ်နိုင်ငံလုံး ရွေးကောက်ပွဲ မကျင်းပနိုင်သည့်ဒေသများ မပါ ကော်မရှင်စာရင်းအရ ဆန္ဒမဲပေးခွင့်ရှိသူ (၃၈) သန်းကျော်ဖြစ်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရဲ့ စာရင်းအရ (၃၂) သန်းကျော်သာ ဖြစ်ကြောင်း ခြားနားချက်ကို ထုတ်ပြန်ပါတယ်။ ကော်မရှင်ရဲ့ မဲစာရင်းဟာ အမှန်တကယ်အခြေခံရမယ့် စာရင်းထက် ခြောက်သန်းခန့် ပိုနေတယ်လို့ ဆိုလိုတာဖြစ်ပါတယ်။

နောက်ကြေညာချက် တစ်ခုမှာတော့ ပြည်ထောင်စုနယ်မြေ နေပြည်တော် မြို့နယ် ရှစ်မြို့နယ်ရဲ့ ဆန္ဒမဲပေးမှုစာရင်းများကို စစ်ဆေးရာမှာ ကော်မရှင်ရဲ့ စာရင်းအရ ကိုးသိန်းကျော်ဖြစ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ အခြေခံစာရင်းအရ ခုနစ်သိန်းကျော်သာ ဖြစ်ကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူ၊ နိုင်ငံသားစိစစ်ရေးကတ်တစ်ခုတည်းနဲ့ မဲစာရင်းသုံးကြိမ်နှင့်အထက် ပါဝင်နေသူများ၊ နှစ်ကြိမ်ပါဝင်နေသူများ စာရင်းဟာ နှစ်သိန်းနီးပါး ဖြစ်နေကြောင်း ထုတ်ပြန်ကြေညာထားပါတယ်။ အလားတူ ကျန်နယ်မြေဒေသများရဲ့ ဆန္ဒမဲစာရင်းများကိုလည်း ဆက်လက်စစ်ဆေးပြီး တွေ့ရှိချက်များကို ထုတ်ပြန်သွားမည်ဖြစ်ကြောင်း ကြေညာထားပါတယ်။

### အကြောင်းကြောင့် အကျိုးဖြစ်လာတာပါ

တပ်မတော်က နိုင်ငံတော်တာဝန်ကို ဘာလို့ယူခဲ့ရတာလဲဆိုတဲ့အချက်ဟာ ထင်ရှားနေပါပြီ။ တစ်နိုင်ငံလုံး စစ်ဆေးပြီးရင် ဒီထက်ပိုများလာပြီး မဲမသမာမှုတွေ ရှိခဲ့တယ်ဆိုတာ ပေါ်လွင်ထင်ရှားလာမယ်လို့ ယူဆပါတယ်။ တချို့ကတော့ တပ်မတော်က သက်သက်မဲ့ အကြောင်းရှာပြီး မတရားအာဏာသိမ်းတာလို့ပြောကြတယ်။ မူလတင်ပြကတည်းက အထောက်အထားအချက်အလက် ခိုင်လုံလို့တင်ပြသင့်တာ တင်ပြခဲ့တယ်လို့ ယုံကြည်ပါတယ်။

ဒီအခြေခံ အကြောင်းတရားတွေကို ထောက်ပြဝေဖန်ပြီး ရှင်းလင်းပေးဖို့ တောင်းဆိုခဲ့တာ တပ်မတော်တစ်ခုတည်းမဟုတ်ပါဘူး။ မသမာမှု အလုပ်ခံရတယ်လို့ ယုံကြည်ယူဆတဲ့ ပါတီတွေ၊ မဲဆန္ဒရှင်တွေလည်း ပါပါတယ်။ နောက်တစ်ခုက ဒီလို စစ်ဆေးမှုလုပ်ဖို့ တပ်မတော်မှာ တာဝန်မရှိဘူးလို့ တချို့ကပြောကြတယ်။ မဆိုင်တာဝင်လုပ်ပြီး သက်သက်မဲ့ အာဏာလိုချင်လို့လုပ်တာလို့ စွပ်စွဲကြတယ်။ မဟုတ်ပါဘူး။ တပ်မတော်က နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အတိုင်း တာဝန်ရှိခဲ့လို့သာ လိုက်နာဆောင်ရွက်ခဲ့တာပါ။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) အခန်း (၁) နိုင်ငံတော်အခြေခံမူများ ပုဒ်မ (၄၀) အရ ခုလို အခြေအနေမျိုးမှာ တပ်မတော်ကို တာဝန်ယူခွင့်ပြုထားပါတယ်။ တိတိကျကျ ပြောရရင် ပုဒ်မ (၄၀) ပုဒ်မခွဲ (ဂ) အရ ဒီတာဝန်ကို ယူရတာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီသာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို ကျော်လွန်လုပ်ဆောင်ခြင်း မဟုတ်တာကို တွေ့ရပါတယ်။

ဖြစ်ပေါ်လာတဲ့ ပြဿနာတွေကို စဉ်းစားဆင်ခြင်ဖြေရှင်းဆောင်ရွက်ကြရာမှာ မျှမျှတတ မှန်မှန်ကန်ကန် ရှုမြင်သုံးသပ် လုပ်ဆောင်သင့်ပါတယ်။ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲနဲ့လိုရာတွေးပြီး ဖြစ်ချင်တာ ဖြစ်ရမယ်လို့ အတွေးနဲ့ တစ်ဖက်သတ် မလုပ်သင့်ကြပါဘူး။ အကျိုးအကြောင်း ဆီလျော်အောင်တွေးတောလုပ်ဆောင်ကြရမှာပါ။ သေချာတာတစ်ခုရှိပါတယ်။ ၂၀၂၀ ရွေးကောက်ပွဲမှာ အခုလို မဲမသမာမှု မမျှတမှုတွေ မရှိခဲ့ရင် တပ်မတော်က အခုလို ပါဝင်ပတ်သက်လုပ်ဆောင်စရာအကြောင်း လုံးဝမရှိပါဘူး။ မှန်မှန်ကန်ကန်သာ လုပ်ခဲ့ကြမယ်ဆိုရင် တပ်မတော်က ဒီလောက်အထိ ပါဝင်ဆောင်ရွက်စရာ အကြောင်းမရှိလို့ ယုံကြည်ပါတယ်။

ဒါကြောင့် အခုအခြေအနေမှာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အစိုးရယန္တရားကို ပြိုလဲပျက်စီးအောင် လုပ်နေကြသူများဟာ အကြောင်းကြောင်းကြောင့်သာ အကျိုးဖြစ်တယ်ဆိုတာကို နားလည်နိုင်ကြဖို့ လိုအပ်ပါတယ်။ အမှန်တရားကို လက်ခံသင့်ပါတယ်။ ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲ အတွေးအခေါ်တွေကို ခဏဘေးဖယ်ထားသင့်ပါတယ်။ နိုင်ငံရဲ့ အန္တရာယ်နဲ့ ပြည်သူလူထုအကျိုးကို ခွဲခွဲခြားခြား ဦးစားပေးသင့်ပါတယ်။ မမှန်ကန်၊ မမျှတတဲ့ တစ်ဖက်သတ် အတွေးအခေါ် အယူအဆတွေနဲ့ မဖြစ်သင့်၊ မလုပ်သင့်တာတွေ ဆက်လုပ်နေကြမယ်ဆိုရင်တော့ နိုင်ငံ့ရှေ့ရေးပါ ပိုမိုရှုပ်ထွေးပြီး ပြည်သူလူထုသာ ဒုက္ခဆင်းရဲဖြစ်မှာပဲ။ တပ်မတော်ရဲ့ စီမံခန့်ခွဲအုပ်ချုပ်မှုဟာ ပျော့ပျောင်းညင်သာ ရှိနေပါတယ်။

ဒီနေ့ တပ်မတော်က တာဝန်ယူနေတဲ့ကာလရဲ့ စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှုစနစ်ကို သုံးသပ်ရရင် လုပ်သင့်လုပ်ထိုက်တာ၊ ဖြစ်သင့်ဖြစ်ထိုက်တာထက် ပိုလုပ်တယ်လို့ မမြင်မိပါဘူး။ လုပ်သင့်တဲ့ အတိုင်းအတာကို လျှော့လျှော့ပေါ့ပေါ့ စဉ်းစားလုပ်ဆောင်နေတယ်လို့ မြင်ပါတယ်။ နိုင်ငံတကာနှင့် ပြည်တွင်းကပါ လက်သင့်ခံနိုင်တဲ့ အခြေအနေနဲ့ လုပ်ဆောင်နေတယ်လို့ မြင်ပါတယ်။ တကယ်လို့သာ ပြည်ပကရော၊ ပြည်တွင်းကပါ စွပ်စွဲသလို တပ်မတော်က အာဏာကို မက်လို့ယူခဲ့တာဆိုရင် နိုင်ငံတော်စီမံအုပ်ချုပ်မှုယန္တရားထဲမှာ ခုလို အရပ်ဘက်အဖွဲ့အစည်းက ပုဂ္ဂိုလ်တွေ၊ အတွေ့အကြုံရင့်ကျက်ပြီး မျှမျှတတ ရပ်တည်ခဲ့တဲ့ နိုင်ငံရေးသမားတွေ၊ တတ်သိပညာရှင်တွေ၊ ပါသင့်ပါထိုက်တဲ့ပုဂ္ဂိုလ်တွေကို ယခုလို တာဝန်ပေးဖို့ရာ ထည့်သွင်းစဉ်းစားမှာ မဟုတ်ပါဘူး။ ဒီတစ်ချက်နဲ့တင် တပ်မတော်ရဲ့ စေတနာက ရှင်းလင်းလှပါတယ်။

လက်ရှိအုပ်ချုပ်မှုယန္တရား ဖွဲ့စည်းပုံကိုကြည့်ရင် တပ်မတော်ရဲ့ သွားမည့်လမ်းကြောင်း၊ ရည်ရွယ်ချက်နဲ့ ဦးတည်ချက်တွေက ပေါ်လွင်ပါတယ်။ အရေးပေါ်ကာလကို ပျော့ပျောင်းညင်သာစွာနဲ့ ညှိညှိနှိုင်းနှိုင်း တိုင်တိုင်ပင်ပင် အေးချမ်းသာယာစွာနဲ့ အောင်မြင်အောင် လုပ်ဆောင်သွားမယ့်သဘော တွေ့ရပါတယ်။ ဒါတွေဟာ အထူးပြောစရာ၊ ထူးပြီးရေးပြစရာ မလိုပါဘူး။ လက်ရှိဆောင်ရွက်မှုတွေကို ကြည့်ရင် အမှန်အတိုင်း မြင်ရမှာပါ။

ရုံးမတက်နဲ့ ရုန်းထွက်ကြဆိုတဲ့ CDM ဆန္ဒပြမှုဟာ လူမှုကွန်ရက်နဲ့ နောက်ကွယ်ကနေ စည်းရုံးလှုံ့ဆော် မှိုင်းတိုက်မှုနောက်ကို လိုက်ပါစီးမျောနေကြတဲ့ လှုပ်ရှားမှုတစ်ခုပါ။

ဒီလှုပ်ရှားမှုတွေကနေ အကြမ်းဖက်ပုံစံတွေ လုပ်လာပါတယ်။ တည်ဆဲဥပဒေများကို ဖောက်ဖျက်ကျူးလွန်လာတာတွေ တွေ့ရပါတယ်။ တစ်ဦးချင်းရဲ့လွတ်လပ်မှုနဲ့ လုံခြုံမှုကို ခြိမ်းခြောက် ရန်ရှာထိပါးလာကြပါတယ်။ အနိုင်ကျင့်မှုတွေရှိလာပါတယ်။ ငါနဲ့မတူ ငါ့ရန်သူ လုပ်လာကြပါတယ်။ ဘာမှမသိနားမလည်တဲ့ အရွယ်မရောက်သေးတဲ့ ကလေးငယ်တွေကို ရှေ့တန်းတင် ပွဲထုတ်လာတာမျိုး တွေ့ရပါတယ်။ အော်ခိုင်းတဲ့ဟာကိုသာ အော်နေကြတာ။ ဘာမှန်းညာမှန်း မသိတဲ့လူတွေ အများကြီးပါမှာပါ။

အခုဒီလှုပ်ရှားမှုဖြစ်လာတာ တစ်လပြည့်ပါတော့မယ်။ နိုင်ငံတော်အစိုးရက စောင့်ကြည့်နေခဲ့ပါတယ်။ သည်းခံခွင့်လွှတ်နေခဲ့ပါတယ်။ ညင်ညင်သာသာ ဆောင်ရွက်နေပါတယ်။ အလုပ်မဆင်းတဲ့ နိုင်ငံ့ဝန်ထမ်းတွေကို အလုပ်ပြန်ဆင်းကြဖို့ မေတ္တာရပ်ခံနေပါတယ်။ မေတ္တာရပ်ခံတယ်၊ တိုက်တွန်းတယ်၊ ပန်ကြားတယ်ဆိုတဲ့ လမ်းခရီးကို လျှောက်နေတာပါ။ ခွင့်လွှတ်တဲ့လမ်းစဉ်နဲ့ သဘောထားကြီးကြီး လုပ်နေပါတယ်။

တကယ်တော့ နိုင်ငံ့ဝန်ထမ်းဆိုတာ ဘယ်လိုပြုကျင့်ရမယ်ဆိုတာ အထူးပြောနေစရာ မလိုပါဘူး။ အဓိကကတော့ နိုင်ငံတော်ကို သစ္စာစောင့်သိဖို့၊ ပါတီနိုင်ငံရေးကင်းဖို့၊ ပြည်သူ့အကျိုးကို တာဝန်ကျေပွန်အောင် ထမ်းဆောင်ဖို့၊ တည်ဆဲဥပဒေများကို လေးစားလိုက်နာကြဖို့၊ “ဝန်ထမ်းကျင့်ဝတ်” ကို လေးစားလိုက်နာဖို့ လိုပါတယ်။ ဝန်ထမ်းတွေ အလုပ်မဆင်းရင် ပြည်သူလူထုပဲ နစ်နာမှာပါ။ အစိုးရကို ထိခိုက်မှာတော့ မဟုတ်ပါဘူး။ အစိုးရမှာ မထိခိုက်အောင် လုပ်ဆောင်မယ့် လုပ်ငန်းစနစ်တွေ ရှိပြီးသားနေမှာပါ။ လိုအပ်ရင် လိုအပ်သလို စီမံဆောင်ရွက်သွားမှာ သေချာပါတယ်။

အခုကို မှားယွင်းလွဲချော်တဲ့ ပိတ်ဆို့တားဆီးမှုတွေကြောင့် ပြည်သူလူထုတွေ တော်တော်ဒုက္ခရောက်နေကြပါပြီ။ လက်လုပ်လက်စားတွေ၊ မိသားစုတွေ ကိုယ်ရောစိတ်ပါ ဆင်းရဲနေကြပါပြီ။ ဒီအတိုင်းကြာလေ ပြည်သူတွေ ဒုက္ခပိုရောက်လေပါပဲ။ ဒါကြောင့် CDM ကို ဖန်တီးနေကြသူတွေ၊ မှိုင်းတိုက်ပေးနေကြသူတွေ၊ ဥပဒေကို ဖောက်ဖျက်ပြီး ဆူပူအုံကြွမှုကို အားပေးအားမြှောက် လုပ်နေကြသူတွေ ရပ်တန်းက ရပ်သင့်ပါပြီ။ အတွေးမှန်၊ အမြင်မှန်နဲ့ လုပ်သင့်/ မလုပ်သင့်ကို ခွဲခြားသိမြင်ဖို့ အချိန်တန်နေပါပြီ။ ပြည်သူလူထုကို နှိပ်စက်ဒုက္ခပေးမိတဲ့အမှားကို နောင်တရဖို့ အချိန်တန်ပြီ။

### ဒီအတိုင်းဆက်ကြာကြာဖြစ်သွားရင် ဘာဖြစ်မလဲ

နိုင်ငံတော်ကို တာဝန်ယူထားတဲ့ တပ်မတော်က လုပ်ငန်းစဉ် ငါးရပ်ချမှတ်ထားပြီးပြီ၊ အသိပေးထားပြီးပါပြီ။ အရေးပေါ်ကာလ သတ်မှတ်ပြဋ္ဌာန်းချက်ကာလအတွင်းမှာ လုပ်ငန်းများ ပြီးပြတ်အောင် ဆောင်ရွက်ပြီးပါက တရားမျှတတဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပပြီး အနိုင်ရရှိသော ပါတီအား နိုင်ငံတော်အာဏာကို စနစ်တကျ လွှဲပြောင်းပေးအပ်မည်ဖြစ်ကြောင်း အသိပေးထားပြီး ဖြစ်ပါတယ်။

စာမျက်နှာ ၂၀ သို့ ❍

# ရခိုင်ပြည်နယ်၌ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုအား ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ လှည့်လည်ကြည့်ရှု

**စစ်တွေ ဖေဖော်ဝါရီ ၂၂**

ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းက ရခိုင်ပြည်နယ်၌ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် စစ်တွေမြို့ ကျေးပင်ကြီးရပ်ကွက်ရှိ အမှတ်(၇) အခြေခံပညာအလယ်တန်းကျောင်းသို့သွားရောက်ပြီး ဆရာ ဆရာမများအား တွေ့ဆုံနှုတ်ဆက်ကာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်စစ်တွေတပ်နယ်မှတပ်ဖွဲ့ဝင်များ ပူးပေါင်းပြီး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ ဆက်လက်၍ စစ်တွေမြို့ ပြည်တော်သာရပ်ရှိ အမှတ်(၅)အခြေခံပညာအထက်တန်း ကျောင်းခွဲ(ရေတပ်)ကျောင်း၊ ပြည်တော်သာရပ်ကွက်အမှတ်(၁၅) အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် ဘောလုံးကွင်းရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတို့တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ လှည့်လည်ကြည့်ရှုစဉ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က အခြေခံပညာကျောင်းများ၌ လိုအပ်ချက်များအား သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသော တပ်ဖွဲ့ဝင်များသည် အခြေခံပညာကျောင်းများ၌ ကျောင်းတွင်း၊ ကျောင်းပြင် သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များဝိုင်းဝန်းရှင်းလင်းခြင်း၊ ကျောင်းသား ကျောင်းသူများ အန္တရာယ်ရှိနိုင်သော သစ်ပင်များအား ခုတ်ဖြတ်ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်စဉ် စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ကလည်း အမှိုက်သိမ်းယာဉ်များဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

## ပြည်သူများသို့ ပန်ကြားချက်

၁။ မြန်မာ့စီးပွားရေးဘဏ်သည် နိုင်ငံ့ဝန်ထမ်းလစာများနှင့် အငြိမ်းစားဝန်ထမ်းလစာများအား လစဉ်ထုတ်ပေးမှုကို ဆောင်ရွက်လျက်ရှိပါသည်။ အငြိမ်းစားဝန်ထမ်းများအနေဖြင့် ပင်စင်လစာထုတ်ယူခြင်းကို လစဉ် ရုံးဖွင့်ရက် (၂၁)ရက်နေ့ တစ်ရက်တည်းတွင်သာ စုပြုံထုတ်ယူရန် မလိုအပ်ဘဲ မိမိအဆင်ပြေမည့် အခြားဘဏ်ဖွင့်သည့်ရက်များတွင်လည်း လွယ်ကူအဆင်ပြေစွာ ထုတ်ယူနိုင်ရန် ဆောင်ရွက်ပေးထားပြီးဖြစ်ပါသည်။

၂။ နိုင်ငံ့ဝန်ထမ်းများ၏ လစာနှင့်စရိတ်များ ထုတ်ယူနိုင်ရန် ဌာနဆိုင်ရာများအနေဖြင့် သတ်မှတ်ထားသည့် နေ့ရက်များအတိုင်း ပုံမှန်လစာထုတ်ယူနိုင်ရေးကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၃။ အငြိမ်းစားဝန်ထမ်းများအနေဖြင့် ပင်စင်လစာငွေများအား လစဉ် (၂၁) ရက် တစ်ရက်တည်းတွင်သာ စုပြုံထုတ်ယူခြင်းအစား လစဉ် (၂၁) ရက်နောက်ပိုင်း ဘဏ်ဖွင့်သည့်ရက်များတွင် ထုတ်ယူခြင်း၊ Mobile Money စနစ် အသုံးပြု၍ နီးစပ်ရာ Mobile Agent များတွင်ထုတ်ယူခြင်းတို့ကို အဆင်ပြေစွာ ထုတ်ယူနိုင်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

**မြန်မာ့စီးပွားရေးဘဏ်**

# မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီမှ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ဝန်ထမ်းများအား ထောက်ပံ့ငွေများပေးအပ်

**မန္တလေး ဖေဖော်ဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီမှ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ဝန်ထမ်းများအား ထောက်ပံ့ငွေပေးအပ်ပွဲကို ယနေ့ နံနက် ၉ နာရီခွဲက မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံးရှိ အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။



ရှေးဦးစွာ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုက အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်(၅)ရပ်ကို အသေးစိတ်ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှိ ဌာနစိတ်အသီးသီးတို့တွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများအနေဖြင့် လုပ်ငန်းခွင်မပျက် လုပ်ကိုင်နေကြသည်ကို တွေ့ရှိရသဖြင့် ကျေးဇူးတင်ဝမ်းမြောက်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ပျက်ကွက်နေသော ဝန်ထမ်းများအနေဖြင့်လည်း နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို ရှေးရှု၍ မိမိလုပ်ငန်းခွင်သို့ အမြန်ပြန်လည်ဝင်ရောက်ရန်နှင့် တာဝန်သိစွာဖြင့် အလုပ်ခွင်သို့ ပြန်လည်ဝင်ရောက်သူများကို တစ်စုံတစ်ရာအရေးယူမှုများ ပြုလုပ်သွားမည်မဟုတ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ကြေညာထားသည်ကို တာဝန်ရှိသူအဆင့်ဆင့်က နားလည်သဘောပေါက်စေရန် အသိပေးပြောကြားပေးလိုကြောင်း၊ ထို့အပြင် ဝန်ထမ်းများအနေဖြင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် စည်းစည်းလုံးလုံးဖြင့် မိသားစုသဖွယ်ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများ၏ အခက်အခဲများရှိပါကလည်း မိမိတို့အနေဖြင့် ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းချက်များနှင့်အညီ လိုက်နာ၍ နိုင်ငံ့တာဝန်များကို အရှိန်အဟုန်မပြတ် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း အကျယ်တဝင့် ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီမှ ထောက်ပံ့ငွေများကိုပေးအပ်ရာ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှိ ဌာနခွဲ(၁)မှ ဝန်ထမ်း ၄၇ ဦးအတွက် ဦးစီးအရာရှိ ဒေါ်ငြိမ်းလှလှအောင်ထံသို့ လည်းကောင်း၊ အဖွဲ့ဝင်(၁)ဗိုလ်မှူးကြီးကျော်ကျော်မင်းက ဌာနခွဲ(၂) ဝန်ထမ်း ၃၇ ဦးအတွက် ဦးစီးအရာရှိ ဦးမျိုးနေခြည်ထံသို့ လည်းကောင်း၊ အဖွဲ့ဝင်(၂) ဦးမျိုးအောင်က ဌာနခွဲ(၃) ဝန်ထမ်း ၁၀၁ ဦးအတွက် ဦးစီးအရာရှိ ဦးဆန်ဆွန့်ထံသို့ လည်းကောင်း၊ အဖွဲ့ဝင်(၃) ဦးသိန်းဌေးက ဌာနခွဲ(၄) ဝန်ထမ်း ၇၃ ဦးအတွက် ဦးစီးအရာရှိ ဒေါ်နန်းစုစုဇင်ထံသို့ လည်းကောင်း၊ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အတွင်းရေးမှူး ဦးမြင့်လွင်က တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးရုံးမှ ဝန်ထမ်း ၄၅ ဦး အတွက် ဒုရဲအုပ်အောင်ကျော်လင်းထံသို့ လည်းကောင်း အသီးသီးပေးအပ်ခဲ့ကြပြီး တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားခဲ့သည်။

ယနေ့ ပြုလုပ်သည့် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီမှ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ဝန်ထမ်းများအား ထောက်ပံ့ငွေပေးအပ်ရာတွင် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ၌ တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်း ၃၀၃ ဦးကို တစ်ဦးလျှင် ငွေကျပ် သုံးသောင်းနှုန်းနှင့် ခေါက်ဆွဲခြောက် နှစ်ကာတွန်းစီ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

○ စာမျက်နှာ ၁၉ မှ

ဒါကြောင့် ဒီခရီးနီးဖို့ လိုပါတယ်။ ဒီခရီး နီးစေချင်ပါတယ်။ ပြည်သူအားလုံးရဲ့ ဆန္ဒကလည်း ဒီလိုပဲဖြစ်မှာပါ။ ဒီလုပ်ငန်းစဉ် မြန်မြန်ပြီးဖို့၊ တိကျမှန်ကန်တဲ့ ရွေးကောက်ပွဲနဲ့ အနိုင်ရလာတဲ့ပါတီကို နိုင်ငံတော်အာဏာပြန်လည်အပ်နှင်းပြီး ဒီမိုကရေစီလမ်းကြောင်းကို ဆက်လက်လျှောက်လှမ်းနိုင်ဖို့အတွက် အရေးပေါ်ကာလဟာ မကြာလေကောင်းလေပါပဲ။

ဒီလိုမြန်မြန်ဆန်ဆန်ဖြစ်ဖို့အတွက် နိုင်ငံတော်အေးချမ်းသာယာဖို့ လိုပါတယ်။ ဒါမှသာ အစိုးရအနေနဲ့ လုပ်စရာရှိတာတွေ မြန်မြန်ဆန်ဆန် လုပ်နိုင်မှာပါ။ အဲဒီလိုမဟုတ်ဘဲ ဆူပူအုံကြွမှုတွေ၊ အကြမ်းဖက်မှုဆန်တဲ့လုပ်ရပ်တွေ ရှိနေပြီး အေးချမ်းသာယာမှုမရှိရင် လုပ်ငန်းစဉ်တွေဟာ နှောင့်နှေးပြီး ခရီးမရောက်နိုင်ဖြစ်မှာပါ။ ဒါကို အဓိကစဉ်းစားသင့်ပါတယ်။

တပ်မတော်အနေနဲ့ အခက်အခဲတွေ ဘယ်လိုတွေ့တွေ့၊ အကျပ်အတည်းတွေ ဘယ်လိုကြုံကြုံ သူချမှတ်ထားတဲ့ လမ်းကြောင်းအတိုင်း အတတ်နိုင်ဆုံး သိမ်မွေ့ညင်သာစွာ စနစ်တကျ လုပ်စရာရှိတာကို အဆင့်ဆင့် ဆက်လုပ်သွားမယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် ဒီလုပ်ငန်းစဉ်ဟာ မြန်လေကောင်းလေပါပဲ။ သားရွှေအိုးထမ်းလာတာကို မြန်မြန်မြင်ကြဖို့အတွက် လက်ရှိကာလမှာ ငြိမ်းချမ်းသာယာဖို့ လိုပါတယ်။ ဒီလိုဖြစ်အောင် ပြည်သူအားလုံးက ဝိုင်းဝန်းကူညီ ထိန်းသိမ်းပေးကြဖို့ တိုက်တွန်းချင်ပါတယ်။

ဒါက ကျွန်တော့်ရဲ့ အတွေ့အကြုံအရ လက်ရှိအခြေအနေနဲ့ပတ်သက်ပြီး တွေ့ရှိချက်၊ ယူဆချက်နဲ့ အကြံပြုတင်ပြချက်များသာ ဖြစ်ပါတယ်။

အားလုံးအတွေးအခေါ် အယူအဆ မှန်ကန်နိုင်ကြပါစေ။

နိုင်ငံတော်ကြီး အေးချမ်းသာယာပါစေ။

နိုင်ငံတော်တည်ဆောက်ရေးတွင် ပြည်သူများပါဝင်ပူးပေါင်းနိုင်ကြပါစေ။

ကျန်းမာချမ်းသာကြပါစေ။

# ကျောက်ဆည်မြို့နယ်အတွင်း ကျေးရွာ ၁၃ ရွာ၌ ရွာတွင်းလမ်းများအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်လျက်ရှိ

**ကျောက်ဆည် ဖေဖော်ဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာ ၁၃ ရွာ၌ မြို့ပြနှင့် ကျေးလက်ကွာဟမှုမရှိစေရေး၊ ကျေးရွာတွင်းလမ်းများအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ထိုသို့ ကွန်ကရစ်လမ်းများခင်းနိုင်ရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းအဖြစ် ငွေကျပ်သိန်း ၁၀၀ နှင့် ပြည်သူထည့်ဝင်ငွေများ၊ လုပ်အားများပူးပေါင်းကာ အရှည် ၁၀၀၅ ပေ၊ အနံ ၁၂ ပေ၊ ဒု ၆ လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းများ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ စီမံကိန်းအဖြစ် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများကို ပတ္တာ၊ ကျီးအိပ်၊ ငှက္ကတောင်၊ အနောက်ရွာနန်း၊ တောင်နောက်၊ တံတားဦးကုန်း၊ သမန်းသာ၊ တံတားဦးလေး၊ တောင်တော်၊ မြောင်းဘောင်၊ ညွန့်ပင်၊ မန်ကျည်းတော၊ မြို့သာ၊ ကိုးပင်၊ ခတက်ကုန်းကျေးရွာများတွင် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပြီး ကျီးအိပ်၊ တံတားဦးလေး၊ တောင်တော်၊ အနောက်ရွာနန်း ကျေးရွာများတွင် လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းကျော်ပြီးစီးကြောင်းနှင့် ကျန်ကျေးရွာများတွင် လုပ်ငန်းများဆောင်ရွက်နိုင်ရေးပစ္စည်းများ စုဆောင်းလျက်ရှိကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

■

# ကျောက်ပန်းတောင်းမြို့နယ် မန်ကျည်းသီးပွဲရုံများသို့ မန်ကျည်းသီးမှည့်များ စတင်ဝင်ရောက်

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၂၂**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် မန်ကျည်းသီးမှည့်များဈေးကွက်သို့ စတင်ဝင်ရောက်လာနေပြီး မန်ကျည်းလှောင်ပွဲစားများ မန်ကျည်းသီးမှည့်များ စတင်ကောက်ယူနေပြီဖြစ်ကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် ကျေးရွာအုပ်စု ၁၀၉ အုပ်စုရှိပြီး ကျေးရွာပေါင်း ၃၃၉ ရွာရှိကာ ကျေးရွာတိုင်းတွင် မန်ကျည်းပင်၊ မန်ကျည်းတောများ အလွန်ပေါများကာ မန်ကျည်းသီး သီးနှုန်းမှာလည်း ယခုနှစ်ထက် အသီးသီးနှုန်းကောင်းမွန်ပြီး မန်ကျည်းသီးဆွတ်ခူးရောင်းချချိန်ရာသီ စလာပြီဖြစ်ကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်ထွက်မန်ကျည်းသီးများအနက် နတ်ကန်လည်၊ လျှော်တော၊ ပြင်မကျီး၊ ညောင်ဖြူ ပင်၊ မုန့်ကုန်းကျေးရွာထွက် မန်ကျည်းသီးများသည် အကျည်း အသားပါရှိမှုများခြင်း၊ မန်ကျည်းအတောင့် (အဆစ်) ရှည်ခြင်းများကြောင့် ပွဲစားများ အကြိုက်ဖြစ်ကာ မန်ကျည်းဈေးနှုန်းမှာလည်း အခြားဒေသထွက် မန်ကျည်းသီးများထက် ဈေးနှုန်းပိုပေး၍ဝယ်ယူရကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် မန်ကျည်းသီးမှည့်များ စတင်ရောင်းချနေပြီဖြစ်ရာ မန်ကျည်းသီးမှည့်အစေ့နှင့် အကြောမသင်ရသေး တစ်ပိဿာကျပ် ၁၀၀၀ မှ ၁၁၀၀၊ အစေ့ထုပ်၊ အကြောသင်ပြီး တစ်ပိဿာ ကျပ် ၂၁၀၀ ပေးဝယ်ရကာ မန်ကျည်းသီး အကြောသင်၊ အစေ့ထုတ် တစ်ပိဿာ ထုပ်ခ ကျပ် ၂၅၀ ပေးရကြောင်း၊ မန်ကျည်းသီး အကြောသင်၊ အစေ့ထုတ်သမတစ်ဦး တစ်ရက်လျှင် ၁၅ ပိဿာခန့် ပြီးစီးကြောင်းသိရကာ မန်ကျည်းစေ့ တစ်တင်း ကျပ် ၅၀၀၀ ဖြင့် ပြန်ရောင်းရကြောင်းလည်း မန်ကျည်းပွဲစား ဒေါ်ခင်မြက ရှင်းပြသည်။



အကြောသင်၊ အစေ့ထုတ်ပြီးသား မန်ကျည်းသီးများအား အမိုးအကာလုံခြုံသည့်နေရာတွင် နှစ်ပတ်လည်လှောင်ထားပြီး ဈေးနှုန်းတက်ချိန် ပြန်လည်ရောင်းချကြကြောင်း သိရသည်။ **ကိုထိန် (KPD)**

# တိုင်ထောင်ပဲစိုက်ပျိုးသည့်တောင်သူများ ဈေးကောင်းရရှိ

**ပွင့်ဖြူ ဖေဖော်ဝါရီ ၂၂**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ မဲဇလီရေလွှဲဆည်ရေဖြင့် တိုင်ထောင်ပဲများ အောင်မြင်ဖြစ်ထွန်းပြီး တိုင်ထောင်ပဲသီး တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀ ကျော် ရောင်းချရသဖြင့် မိသားစုဝင်ငွေရရှိကာ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် သမန်းရင်းကျေးရွာ ဒေသခံတောင်သူများထံမှ သိရသည်။

တိုင်ထောင်ပဲ စိုက်ပျိုးရေးလုပ်ငန်းသည် စိုက်ပျိုးပြီး အချိန်တစ်လကြာပါက ဈေးကွက်ဝင် တိုင်ထောင်ပဲကို စတင်ဆွတ်ခူးရောင်းချရပြီး စိုက်ပျိုးရာတွင်လည်း တစ်ပင်နှင့်တစ်ပင် အနည်းဆုံး တစ်တောင်အကွာ စိုက်ပျိုးရကြောင်းနှင့် အသီးအပွင့်များမတင်မီ အတန်းလိုက် တိုင်ထောင်ခြင်းလုပ်ငန်းများ ကြိုတင်ဆောင်ရွက်ထားရှိသည်။

“တိုင်ထောင်ပဲသီးနှံ အပင်ရေ ၇၀၀ လောက် စိုက်ပျိုးထားတာဖြစ်ပါတယ်။ လက်ရှိမှာတော့ ပိဿာချိန် ၁၀၀ ကျော်လောက် ဆွတ်ခူးရောင်းချနေရပါပြီ။ ဈေးနှုန်း ကတော့ တစ်ပိဿာကိုငွေကျပ် ၁၂၀၀၊ ၁၃၀၀ လောက်ရောင်းချရပါတယ်။ ဖောက်သည်ဝယ်ယူတဲ့သူတွေက ခြံအထိလာရောက် ဝယ်ယူကြပါတယ်။ အပြင်ထွက်ပြီး ရောင်းစရာမလိုတော့ ခရီးစရိတ် အကုန်အကျလည်း သက်သာတဲ့အတွက် တိုင်ထောင်ပဲ သီးနှံစိုက်ပျိုးရေးလုပ်ငန်းက တောင်သူတွေအတွက် အလွန်အဆင်ပြေပါတယ်” ဟု ပွင့်ဖြူမြို့နယ် သမန်းရင်းကျေးရွာမှ တစ်ပိုင်တစ်နိုင် တိုင်ထောင်ပဲစိုက်သူ ကိုသန့်ဇင်ဦးက ပြောကြားသည်။

ပွင့်ဖြူမြို့နယ်ကျေးလက်နေ တောင်သူများသည် နေ့စဉ် မိသားစုဝင်ငွေရရှိရေးအတွက် ဟင်းသီးဟင်းရွက်၊ စားပင်သီးနှံမျိုးစုံ စိုက်ပျိုးရာတွင် သီးထပ်သီးညှပ်များအဖြစ် စိုက်ပျိုးလုပ်ကိုင်ကြပြီး အောင်မြင်ဖြစ်ထွန်းသည့်အတွက် တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးလုပ်ငန်းမှာ စီးပွားရေးတွက်ခြေကိုက်လျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင် (ပြန်/ဆက်)**



# မုံရွာခရိုင်အတွင်းရှိ စိုက်ဧက ၂၀၀၀ ကျော်ကို GAP အသိအမှတ်ပြုလက်မှတ် ထုတ်ပေး

**မုံရွာ ဖေဖော်ဝါရီ ၂၂**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်အတွင်းရှိ စိုက်ဧက ၂၀၀၀ ထောင်ကျော်ကို GAP အသိအမှတ်ပြုလက်မှတ် ထုတ်ပေးနိုင်ခဲ့ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးဌာနရုံး GAP ဌာနစိတ်တာဝန်ခံထံမှ သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ GAP စိုက်ပျိုးနည်းစနစ်ကို ၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ် သရက်သီးနှံကနေ စတင်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်၊ နှစ်စဉ်လည်း GAP သီးနှံ စိုက်ဧကတွေ တိုးတက်အောင် ဆောင်ရွက်ခဲ့တာကြောင့် မုံရွာခရိုင်မှာ သီးနှံအမျိုးပေါင်း ၁၇ မျိုး၊ စိုက်ဧက ၃၀၀၀ ကျော်ကို GAP နည်းနဲ့ ဆောင်ရွက်နိုင်ခဲ့ရာ ယနေ့အချိန်ထိ သီးနှံ ၁၀ မျိုး၊ စိုက်ဧက ၂၀၀၀ ကျော်ကို GAP အသိအမှတ်ပြုလက်မှတ် ထုတ်ပေးနိုင်ခဲ့ပါတယ်၊ ကျန်တဲ့တောင်သူတွေကို GAP လက်မှတ်ရရှိဖို့ကိုလည်း ကျွန်မတို့အနေနဲ့ ဆောင်ရွက်နေပါတယ်" ဟု တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန GAP ဌာနစိတ်တာဝန်ခံ ဒေါ်မြမြငွေးက ပြောကြားသည်။

မုံရွာခရိုင်အတွင်း၌ GAP နည်းစနစ်ကို ၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီမှ ယနေ့အချိန်အထိ သီးနှံ ၁၀ မျိုး၊ စိုက်ဧက ၂၂၆၁ ဒသမ ၉၀ ဧကကို GAP အသိအမှတ်ပြုလက်မှတ် ထုတ်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။

မုံရွာခရိုင်အတွင်း မြို့နယ်အလိုက် GAP လက်မှတ်ထုတ်ပေးမှုအနေဖြင့် မုံရွာမြို့နယ်တွင် သီးနှံ ငါးမျိုး၊ စိုက်ဧက ၂၀၉ ဧက၊ ချောင်းဦးမြို့နယ်တွင် သီးနှံခြောက်မျိုး၊ စိုက်ဧက ၅၇၈ ဧက၊ အရာတော်မြို့နယ်တွင် သီးနှံခြောက်မျိုး၊ စိုက်ဧက ၅၄၆ ဒသမ ၅၀ ဧက၊ ဘုတလင်မြို့နယ်တွင် သီးနှံခုနစ်မျိုး၊ စိုက်ဧက ၉၂၈ ဒသမ ၄၀ ဧက ကို ထုတ်ပေးခဲ့ခြင်းဖြစ်သည်။

"စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ GAP စိုက်ပျိုးနည်းစနစ်ကို ဘေးကင်းလုံခြုံပြီး အာဟာရပြည့်ဝတဲ့အစားအစာတွေ ထုတ်လုပ်နိုင်ဖို့၊ လုပ်ငန်းစဉ်ကွင်းဆက်တစ်လျှောက်လုံး စိုက်ပျိုးထုတ်လုပ်သူအပါအဝင် လုပ်ကိုင်လျက်ရှိတဲ့ အလုပ်သမားတွေ ပိုးသတ်ဆေးအဆိပ်သင့်မှု အန္တရာယ် လျော့ကျစေဖို့၊ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်လျှော့ချနိုင်ဖို့ အစရှိတဲ့ ရည်ရွယ်ချက်တွေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်နေတာဖြစ်ပါတယ်" ဟု ဒေါ်မြမြငွေးက ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း GAP စနစ်ဖြင့် စိုက်ပျိုးထားသည့် တောင်သူများအနေဖြင့် GAP အသိအမှတ်ပြုလက်မှတ် လျှောက်ထားရာတွင် လွယ်ကူလျင်မြန်စေရေးအတွက် Online မှတစ်ဆင့် လျှောက်ထားနိုင်ရန် ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**လူလေး**



# ရေနံချောင်းမြို့နယ်၌ ကောက်ပဲသီးနှံအပြင် ဟင်းသီးဟင်းရွက်ကို တွဲဖက်စိုက်ပျိုး

**ရေနံချောင်း ဖေဖော်ဝါရီ ၂၂**
ရေနံချောင်းမြို့နယ်အတွင်းရှိ ကျေးရွာအချို့၌ ပဲမျိုးစုံ၊ ဆီထွက်သီးနှံများအား အဓိကထားပြီး စိုက်ကြသည့်အပြင် ဟင်းသီးဟင်းရွက်ကို စိုက်ပျိုးလုပ်ကိုင်နေကြောင်း မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် တောင်သူများထံမှ သိရသည်။

ရေနံချောင်းမြို့နယ် ဘူးကျွန်းကျေးရွာအုပ်စု၊ မာန်မြေကျေးရွာအုပ်စု၊ ကျမ်းကိုင်ကျွန်း ကျေးရွာအုပ်စု၊ ဖောင်းကေတာကျေးရွာအုပ်စု၊ ပင်းဝကျေးရွာအုပ်စုရှိ ကျေးရွာတို့၌ တောင်သူများသည် ကုလားပဲ၊ စားတော်ပဲ၊ ပဲလွန်း၊ နေကြာ၊ မြေပဲ စသည့် သီးနှံများကို မိရိုးဖလာလုပ်ငန်းအဖြစ် စိုက်ပျိုးကြသည့်အပြင် အချို့တောင်သူများမှာ ကန်စွန်း၊ ချဉ်ပေါင်ဖူး၊ ခရမ်းသီး၊ ခရမ်းချဉ်၊ မုန်လာဥ၊ ဟင်းနုနွယ်၊ ခဝဲ၊ ကင်ပွန်းချဉ်၊ သခွာသီး စသည့်ဟင်းသီးဟင်းရွက်များကို တစ်ဖက်တစ်လမ်းမှ နေ့စဉ်ဝင်ငွေရရှိစေရန်အတွက် တွဲဖက်လုပ်ကိုင်ကြကြောင်း သိရသည်။

ပုံမှန် နှစ်စဉ်စိုက်သည့် ပဲများသည် ပဲလွန်းနီ၊ ကုလားပဲ အမျိုးစုံစိုက်ကြောင်း၊ ၎င်းအပြင် ဟင်းသီးဟင်းရွက်စိုက်သည့် တောင်သူများလည်းရှိကြောင်း၊ ဘူး၊ သခွား၊ ပဲတိုင်ထောင်၊ နံနံနှင့် ဆလတ် စသည်တို့ကို စိုက်ပျိုးသဖြင့် နေ့စဉ်မိသားစုဝင်ငွေရကြောင်း ဖောင်းကေတာကျေးရွာအုပ်စု တောင်သူဦးထွန်းအေးက ပြောကြားသည်။

ရေနံချောင်းမြို့နယ်၌ ကောက်ပဲသီးနှံများအား မိုးရေကိုအဓိကထား၍ စိုက်ရသော ယာမြေနှင့် ဧရာဝတီမြစ်ရေနှင့် ချောင်းရေကို အဓိကထားစိုက်ရသော ကိုင်းမြေ၊ ချောင်းမြေနုတို့၌ လုပ်ကိုင်ကြကြောင်း၊ လက်ရှိ ဟင်းသီးဟင်းရွက်ကိုလည်း စိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရသည်။

**ရွှေမန်းကျည်း**

■

## မယ်စဲ့မြို့နယ်၌ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်

**မယ်စဲ့ ဖေဖော်ဝါရီ ၂၂**
ကယားပြည်နယ် မယ်စဲ့မြို့နယ်ရှိ ဖားဆောင်း-မယ်ဆည်နမ်-မယ်စဲ့-နမ့်မန်း ဘီပီ(၁၃)လမ်းပေါ်၌ လမ်းဦးစီးဌာန၏ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေများဖြင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက် လျက်ရှိသည်။

ဖားဆောင်း-မယ်ဆည်နမ်-မယ်စဲ့-နမ့်မန်း ဘီပီ(၁၃) လမ်းပေါ်၌ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ဝမ်ကန်ကျေးရွာနှင့် ဟွေပါလန်ကျေးရွာအကြားနှင့် နမ့်မန်း ဘီပီ(၁၃) စစ်ဆေးရေးဂိတ်အနီးတို့တွင် မြေသားတာပေါင်ချဲ့၍ လမ်းကွေ့ဖြောင့်ခြင်းလုပ်ငန်း၊ ကွေ့ဖြောင့်သည့်အပိုင်းအား ကတ္တရာခင်းခြင်းလုပ်ငန်း၊ အဆိုပါလမ်းပေါ်တွင် Box Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းနှင့် လမ်း



နယ်တိုင် ၉၆ တိုင် စိုက်ထူခြင်းလုပ်ငန်း၊ လမ်းညွှန်ဆိုင်းဘုတ်တိုင် ၅၀ စိုက်ထူခြင်းလုပ်ငန်း၊ မယ်ဆည်နမ်-ဟိုဂျစ်လမ်းပေါ်တွင် Box Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်လျက်ရှိရာ အချို့လုပ်ငန်းများမှာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်လမ်းဦးစီးဌာနဦးစီးမှူး ဦးဝင်းနိုင်ထံမှ သိရသည်။

**ဝတ်ရည်**
**(ပြန်/ဆက်)**

## ဖာပွန်မြို့၌ ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးတိုက်ကျွေး



**ဖာပွန် ဖေဖော်ဝါရီ ၂၂**
ကရင်ပြည်နယ် ဖာပွန်မြို့၌ အသက်ခြောက်လမှ ငါးနှစ်အောက် ကလေးများအား ပုံမှန်ကာကွယ်ဆေးတိုက်ကျွေးခြင်းကို ယနေ့ နံနက် ၉ နာရီက အနောက်ဘက်ကမ်းကျေးရွာ ဆေးပေးခန်း၌ တိုက်ကျွေးပေးခဲ့သည်။

ထိုသို့ ပုံမှန်ကာကွယ်ဆေးတိုက်ကျွေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ နှာခေါင်းစည်းများ စနစ်တကျတပ်ဆင်စေခြင်း၊ စနစ်တကျ လက်ဆေးခြင်းများကိုဆောင်ရွက်စေပြီး ကျန်းမာရေးဝန်ထမ်းများက အသက်ခြောက်လမှ ငါးနှစ်အောက်ကလေးများအား ဗီတာမင်အေနှင့် သံချဆေးတိုက်ကျွေးခြင်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်များနှင့်အညီ ကာကွယ်ဆေးတိုက်ကျွေးပေးခဲ့ကြောင်း သိရသည်။

**စိုင်းကျော်ဝဏ္ဏ၊ စောအောင်မျိုးလွင် (ပြန်/ဆက်)**

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ပညာပေးနှိုးဆော်

**ရွာသစ်**
ကယားပြည်နယ် ရွာသစ်မြို့ မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ခြင်းကို ဖေဖော်ဝါရီ ၂၁ ရက် ည ၇ နာရီက ရပ်ကွက်များသို့ လှည့်လည်နှိုးဆော်ခဲ့ကြသည်။

အဆိုပါ မီးဘေးအန္တရာယ် အသိပေးနှိုးဆော်ခြင်းများဆောင်ရွက်ရာတွင် လျှပ်စစ်မီး၊ မီးဖိုမီးသုံးစွဲရာတွင် လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ မီးဖိုမီး၊ ခြင်ဆေးမီး၊ ဖယောင်းတိုင်မီး၊ အမွှေးတိုင်မီးများကို အသုံးပြုပြီးလျှင် အပြီးသတ်ငြိမ်းထားကြရန်၊ အမှိုက်များမီးရှို့ရာတွင် သတိထားကြရန်၊ အိမ်ပြင်ပသို့ထွက်ခွာမည်ဆိုပါက မီးခလုတ်များအား သေချာစစ်ဆေးပြီးမှ ထွက်ခွာရန်၊ ဆေးလိပ်မီးအား စည်းကမ်းမဲ့ စွန့်ပစ်ခြင်းမပြုကြရန်၊ မီးချိတ်၊ မီးကတ်များ ထားရှိကြရန်နှင့် မီးသတ်ဆေးဘူးများ ဆောင်ထားကြရန် စသည့်သတိပြုရမည့်အချက်များကို ရွာသစ်နယ်မြေ မီးသတ်စခန်း လက်ထောက်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းဇော်နှင့် ဝန်ထမ်းများက လိုက်လံနှိုးဆော် သတိပေးခဲ့ကြောင်း သိရသည်။

**နန်းဆွေဆွေအေး (ပြန်/ဆက်)**

**မြဝတီ**
ကရင်ပြည်နယ် မြဝတီမြို့တွင် ခရိုင်မီးသတ်ဦးစီးဌာနမှ ပြည်သူများအနေဖြင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန်၊ မီးလောင်မှုမဖြစ်ပွားစေရန်နှင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးများမဖြစ်ပေါ်စေရန်အတွက် ရည်ရွယ်၍ ဖေဖော်ဝါရီ ၁၉ ရက် ည ၈ နာရီခွဲက မြို့တွင်း၊ ရပ်ကွက်နေရာများ၌ မီးဘေးအန္တရာယ် အသိပညာပေးလိုက်လံနှိုးဆော်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လိုက်လံနှိုးဆော်ရာတွင် မြဝတီခရိုင် မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များက ပြည်သူများ လျှပ်စစ်မီးအသုံးပြုရာတွင် စနစ်တကျအသုံးပြုရန်၊ မီးသတ်ဆေးဘူးများ၊ မီးချိတ်၊ မီးကတ်များ၊ ရေပုံး၊ သဲပုံးများ စနစ်တကျထားရှိရန်နှင့် မီးလောင်မှုဖြစ်ပွားနိုင်သည့်အချက်အလက်များ၊ မီးအသုံးပြုရာတွင် အထူးဂရုပြုဆောင်ရွက်ရန်၊ လျှပ်စစ်မီးအသုံးပြုရာတွင် လိုက်နာဆောင်ရွက်ရမည့်အချက်များကို မြို့အတွင်း၌ အသံချဲ့စက်ဖြင့် လှည့်လည်နှိုးဆော်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မြင်းမူမြို့နယ်၌ ကုန်ထုတ်လမ်း အဆင့်မြှင့်တင်

**မြင်းမူ ဖေဖော်ဝါရီ ၂၂**
စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွင်း နိုင်ငံတော်၏ ခွင့်ပြုရန်ပုံငွေများဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ယခုဆောင်ရွက်လျက်ရှိသည့် ပဲကူကျေးရွာကုန်ထုတ်လမ်းကို ဇန်နဝါရီ ၁၆ ရက်မှစတင်ကာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ လမ်းအရှည် သုံးမိုင်ခုနစ်ဖာလုံရှိကာ လမ်းအကျယ် ၁၂ ပေနှင့် ဒုကိုးလက်မရှိကြောင်း၊ လုပ်ငန်းပြီးစီးမှုမှာ ၈၀ ရာခိုင်နှုန်းဖြစ်ကြောင်းနှင့် ယင်းကုန်ထုတ်လမ်းပြီးစီးသွားပါက အဆိုပါကျေးရွာမှထွက်ရှိသည့် လယ်ယာထွက်ကုန်ပစ္စည်းများကို အချိန်တိုအတွင်း လွယ်ကူစွာ သယ်ယူရောင်းချနိုင်မည်ဖြစ်သည့်အတွက် ကျေးရွာ၏ စီးပွားရေးဖွံ့ဖြိုးမှုလုပ်ငန်းများကို များစွာ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီထံမှ သိရသည်။

အလားတူ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွက် ကျေးလက်နေဒေသခံပြည်သူများ သန့်ရှင်းသောသောက်သုံးရေများ ဖူလုံစွာရရှိရေးအတွက် အင်းမကျေးရွာနှင့် ကန်တော်ကျေးရွာတို့



တွင် စက်ရေတွင်းများ တူးဖော်ခြင်း၊ ရေမြှုတ်ပန့်တပ်ဆင်ခြင်း၊ အမြင့်တင်ရေစင်နှင့် ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်စိုးဖေ(မြင်းမူ)**

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းဆင်း

**ဖောင်းပြင် ဖေဖော်ဝါရီ ၂၂**
ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိရာ ဖောင်းပြင်မြို့နယ်တွင် အဆင့်မြင့်စက်ချုပ်သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့က ဟာပါကျေးရွာတွင် ကျင်းပသည်။

မော်လိုက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးသိန်းမင်းက သင်တန်းဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ ထူးချွန်ဆုများနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းတွင် သင်တန်းသူများ သင်ယူရာ၌ အထောက်အကူဖြစ်စေရေးအတွက် ဌာနက သင်ထောက်ကူပစ္စည်းများကို ထောက်ပံ့ပေးပြီး သင်တန်းသူများက တိုက်ပုံ၊ ကုတ်၊ ယူနီဖောင်းမျိုးစုံနှင့် ဗလောက် စသည့်ဒီဇိုင်းများအပြင် ဒီဇိုင်းကိုးမျိုးကို သင်ယူတတ်မြောက်ခဲ့ကြကြောင်း၊ သင်တန်းသူ ၂၅ ဦး သင်ယူလေ့လာခဲ့ပြီး ကိုယ်ပိုင်စက်ချုပ်ဆိုင်များ ဖွင့်လှစ်နိုင်ခြင်းဖြင့် သင်တန်းသူများ၏ တစ်ဦးချင်းဝင်ငွေများရရှိပြီး မိသားစုဝင်ငွေများ တိုးတက်ရရှိလာနိုင်မည်ဖြစ်ကြောင်း၊ သင်တန်းအား ၄၅ ရက်ကြာ အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း ဖောင်းပြင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်ဦးစီးမှူး ဦးအွမ်တမ်ဟုန်းထံမှ သိရသည်။

**ကိုထွန်း (ဖောင်းပြင်)**



**ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်တွင် ဖေဖော်ဝါရီ ၂၂ ရက်က မြို့မဈေးအား ပုံမှန်ဖွင့်လှစ်ထားသည်ကို တွေ့ရစဉ်။**
မြို့နယ်(ပြန်/ဆက်)

# ကျေးလက်အညာက ဒေသိယအသုံးအနှုန်းများ

**ဆက်ကျော်ဝင်းအောင်**

ရွာဆိုတာက အထက်အညာ ရွှေဘိုနယ်က ရွာကြီးတစ်ရွာပါ။ အဘိုးအဘွားတွေလက်ထက်ကတည်းက မူးရေဝင် ဆည်ရေသောက် လယ်မြေတွေနဲ့ ဆန်စပါး၊ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ ဆိုသလို စိုက်ပျိုးရေးအခြေခံတဲ့ဒေသတစ်ခု ဖြစ်ပါတယ်။ ရိုးရာလုပ်ငန်းအဖြစ် လက်ရက်ကန်းကို အစဉ်အဆက် လုပ်ကိုင်ကြပါတယ်။

အနီရွာကြီးမှာ ဟုတ်တယ်ဆိုတဲ့ စကားလုံးကို "ဟုတ်သယ်" လို့ ပြောဆိုကြပါတယ်။ သနဲ့တနဲ့ မကွဲတာလည်း မဟုတ်ပါဘူး။ ပီပီသသ ပြောနိုင်ဆိုနိုင်ကြပါတယ်။ ဒါပေမဲ့ ကိုယ့်ဘိုးဘွားတွေ၊ အဖေအမေတွေက ဒီလိုပဲ ပြောခဲ့ကြတာဆိုတော့ နောက်မျိုးဆက်တွေကလည်း လိုက်ပြောကြတာမျိုးပါ။ ခေတ်လူငယ်တွေကတော့ အခြားအရပ်က လူတွေနဲ့ ပြောဆိုဆက်ဆံကြတဲ့အခါမတော့ "ဟုတ်တယ်" လို့ပဲပြောပြီး ရွာသူရွာသားအချင်းချင်းကျပြန်တော့ "ဟုတ်သယ်" ပြန်ဖြစ်သွားပြန်ရော။

## ပြောဆိုသုံးနှုန်းကြဟန်

ပမာဏအတိုင်းအဆနဲ့ သက်ဆိုင်တာမျိုးဆိုရင် ဘယ်လိုကြောင့်ရယ်မသိ၊ ဆန့်ကျင်ဘက်အဓိပ္ပာယ်နဲ့ ပြောကြပြန်ရော။ ဥပမာ အရာဝတ္ထုတစ်ခုက သာမန်ထက် ကြီးမားနေတယ်ဆိုရင် ဟာ သေးသားလားကွာ၊ နည်းတာကြီးဟုတ်ဘူး စသဖြင့်ပေါ့။ ဟာ အကြီးကြီးပဲဟေ့လို့ ပြောရမယ့်အစား အဲဒီလိုတွေ ပြောကြတာမျိုးဟာ အခြားဒေသတွေနဲ့စာရင် ထူးခြားလို့နေပါတယ်။ ရှည်တဲ့အရာဆိုရင် တိုသားပဲတို့၊ ကျယ်တဲ့အရာဆိုရင် ကျဉ်းသားပဲတို့၊ မြင့်တဲ့အရာဆိုရင် နိမ့်သားပဲတို့၊ ဝတဲ့အရာဆိုရင် ပိန်သားပဲတို့ဟာ ကြီးမားများပြားလွန်ကဲတာတွေကို ဆန့်ကျင်ဘက်အနက်နဲ့ တင်စားပြီး ပြောဆိုသုံးနှုန်းကြဟန်တူပါရဲ့နော်။

နောက်ပြီး တစ်စုံတစ်ယောက်က ထွင်ပြီးပြောလိုက်တဲ့စကားတစ်ခွန်းဟာ ရွာမှာ အခုလက်ရှိအချိန်အထိ ဆက်လက်သုံးစွဲနေတာမျိုးလည်း ရှိပါတယ်။ လူတစ်ယောက်က အပ်ချုပ်ဆိုင်ကို အထည်စသွားအပ်တဲ့အခါ ဆိုင်ရှင်က အပ်ချည်မရှိကုန်နေလို့ "နိုးသဒက်" (No thread) လို့ အင်္ဂလိပ်လို ပြောလိုက်ပါသတဲ့။ အဲဒါကို အစွဲပြုပြီး အကြောင်းအရာတစ်ခုကို ငြင်းလိုတဲ့အခါ နိုးသဒက်လို့ပဲ ပြောကြပါသတဲ့။ အဖေဖြစ်သူက သူ့သားကို နွားချေးကျုံးဖို့ ခိုင်းတာကို သားဖြစ်သူက နိုးသဒက်တဲ့။ မကျုံးဘူးပေါ့။ အဲဒီအခါ မင်းက နိုးသဒက်ဆိုရင် မင်းကို မနက်စာမကျွေးဘူး။ ဝမ်တိန် (Warning) ပဲတဲ့။ သူ့အရပ်နဲ့ သူ့ဇာတ် ဆိုသလိုပဲပေါ့။ အဆင်ကိုပြေနေရော။ မင်းမှာ ပိုက်ဆံရှိရင် ခေတ္တခဏလောက် ချေးငှားပါဦးဆိုရင် အဖြေက နိုးသဒက်ပါတဲ့။ အခုထက်ထိလည်း သုံးနှုန်းပြောဆိုကြတုန်းလို့ ဆိုပါတယ်။

အင်္ဂလိပ်လို နောက်တစ်ခုရှိပါသေးတယ်။ ရွာမှာ တစ်ချိန်က လန်ဒန်တက္ကသိုလ်ပြန် ပါရဂူဘွဲ့ရသင်္ချာဆရာကြီးတစ်ဦး ရှိပါတယ်။ မန္တလေးတက္ကသိုလ်မှာ တာဝန်ထမ်းဆောင်ရပါတယ်။ ဆရာကြီးက ရွာက သူ့ငယ်သူငယ်ချင်းတစ်ဦးကို သူ့ဆီခေါ်ထားပါသတဲ့။ မြို့က စားကောင်းသောက်ဖွယ်တွေကိုလည်း ဝယ်ခြမ်းကျွေးပါသတဲ့။ ဒါပေမဲ့ သူငယ်ချင်းဖြစ်သူက အစားအသောက်တွေကို ခံတွင်းမတွေ့ဘူးပေါ့။ အဲဒါနဲ့ မင်းတို့မြို့က အစားအသောက်တွေကလည်း "ပရောတစ်" (Protic) မဖြစ်ပါဘူးကွာတဲ့။ အဲဒီအခါ သင်္ချာဆရာကြီးက ပရောတစ်အဓိပ္ပာယ်ကို မသိလို့ အဘိဓာန်လှန်ပြီး ရှာပါလေရော။ အဘိဓာန်ထဲလည်း မတွေ့တဲ့အဆုံး သူ့သူငယ်ချင်းကို မေးရတော့တာပေါ့။ အဲဒီအခါ ပြန်ဖြေလိုက်တာက ပရောတစ်ဆိုမှတော့ ပရောတစ်ပေါ့ဟတဲ့။ သင်္ချာဆရာကြီးကတော့ တဟားဟားနဲ့ပေါ့။ ရွာရောက်တဲ့အခါ သင်္ချာဆရာကြီးက ပြန်ပြောင်းပြောပြရင်း ရွာသားတွေလည်း သဘောကျပေါ့။ အဲဒီကစလို့ တစ်စုံတစ်ခု အဆင်မပြေဖြစ်တဲ့အခါ ဒါမှမဟုတ် မိမိ မနှစ်သက်တဲ့အခါ၊ သဘောမကျတဲ့အခါတွေဆိုရင် မောင်ရာ မင်းဟာက ပရောတစ်ဖြစ်ပါဘူးကွာတဲ့။ ဘာလေးဖြစ်ဖြစ် မကြိုက်ခဲ့ရင် ပရောတစ်မဖြစ်ဘူးဆိုတဲ့စကားအသုံးဟာ တွင်ကျယ်နေဆဲပဲလို့ ကြားသိရပါတယ်။

## အိမ်ဆောက်လို့တဲ့ အအုံသွားတယ်လို့

ရှေးအခါကတော့ လယ်ယာလုပ်ငန်းခွင်တွေဟာ ဝိုင်းလုပ်ဝိုင်းစားစနစ်နဲ့ လုပ်ကိုင်ဆောင်ရွက်ကြတာပါ။ လယ်တွေထွန်ယက်ကြတဲ့အခါ သူ့လယ်ကိုယ့်လယ် ထွန်ရှည်းလက်စားလိုက်ကြရပါတယ်။ ပျိုးနုတ်၊ ကောက်စိုက်၊ ကောက်ရိတ်သိမ်းတဲ့အခါ၊ ကောက်လှိုင်းပုံ၊ ကောက်လှိုင်းတိုက်တဲ့အခါ၊ စပါးလှေ့တဲ့အခါ စတာမျိုးအလုပ်တွေမှာ အပြန်အလှန်ဝိုင်းဝန်းကူညီကြပါတယ်။ စပါးတွေ ကျီထဲ ထည့်သွင်းကြတဲ့အခါမှာလည်း နွားလှည်း၊ ကျွဲလှည်းတွေနဲ့ လက်စား လိုက်ကူညီကြတဲ့ ထုံးစံရှိပါတယ်။ အဲဒီလိုမျိုး သွားရောက်ကူညီဝိုင်းဝန်းတာကို "အုံ" တယ်လို့ ပြောကြပါတယ်။ အအုံသွားတယ်လို့ ဆိုကြပါတယ်။ မနက်ဖြန် သူတို့တောက စပါးလှေ့ရှိတယ်။ အအုံသွားရမယ် စသဖြင့်ပေါ့။ ဟဲ့ နင်တို့အဖေ ဘယ်သွားတာတုန်းလို့ အမေဖြစ်သူက မေးတဲ့အခါ သားသမီးဖြစ်သူ ပြန်ဖြေပုံက အဖေက ဘကြီးတို့ အိမ်ဆောက်လို့တဲ့ အအုံသွားတယ်လို့ပေါ့။

**အဆင်မသင့်ရင်၊ အကြောင်းမညီညွတ်ရင်ဆိုတဲ့ အဓိပ္ပာယ်တွေအစား "ပုံမတော်ရင်" ဆိုတဲ့ စကားရပ်နဲ့ ပြောတတ်ကြပါသတဲ့။ မနက်ဖြန် လယ်ကို မြေဆီကြဲလို့ မဖြစ်သေးပါဘူး။ ပုံမတော်ရင် မိုးကထရွာနေမှဖြင့်ဆိုတာမျိုး ပြောတတ်ကြပါတယ်။ ပိုက်ဆံကို သေသေချာချာထည့်သွားနော်။ ပုံမတော်ရင် ကျပျောက်မှဖြင့်။ စာကို ဂရုစိုက်ပြီးကျက်ကွဲ့။ ပုံမတော်ရင် စာမေးပွဲမှာ အမှတ်မကောင်းဘဲ ဖြစ်နေဦးမယ်။ ရွာမှာတော့ အသုံးများဆဲ ဖြစ်နေပေမယ့် အခြားဒေသတွေမှာတော့ ပြောဆိုသုံးနှုန်းတာကို ကြားရခဲပါတယ်။**

အကြောင်းအရာတစ်ခုကို ထင်ထင်ရှားရှားဖြစ်အောင် ပြောလိုတဲ့အခါ "ခွဲ" ဆိုတဲ့ စကားလုံးနဲ့ အတူတွဲပြီး ပြောကြပါသတဲ့။ သာဓကအားဖြင့်ဟာ ဘယ်သူဘယ်ဝါဖြင့် အိပ်ခွဲနေတာ တခေါခေါနဲ့ ဆိုတာမျိုးပေါ့။ ငါဖြင့်ကွာ ဗိုက်ဆာဆာနဲ့ စားခွဲတာ ထမင်းသုံးဇလုံပြောင်ရော။ ဟဲ့ သူ့ဟာသူနေတဲ့ ခွေးကို သွားသွားမစနဲ့၊ မထင်ရင် ကိုက်ခွဲလိမ့်မယ်နော်။ ဟိုမှာ ငမောင်တစ်ယောက် ကြည့်လိုက်ပါဦး။ လေတဖြူးဖြူးနဲ့ ငိုက်ခွဲနေတာ။ ဘုံဆိုင်မှာ ငတေတစ်ယောက် အရက်တွေ သောက်ခွဲပြီး မူးထောင်နေပြီ။ အဖြစ်အပျက်တွေကိုသရုပ်သကန်ပိုပြီးပေါ်လွင်အောင် ပြောကြဟန်တူပါတယ်။

အဆင်မသင့်ရင်၊ အကြောင်းမညီညွတ်ရင်ဆိုတဲ့ အဓိပ္ပာယ်တွေအစား "ပုံမတော်ရင်" ဆိုတဲ့ စကားရပ်နဲ့ ပြောတတ်ကြပါသတဲ့။ မနက်ဖြန် လယ်ကို မြေဆီကြဲလို့မဖြစ်သေးပါဘူး။ ပုံမတော်ရင် မိုးကထရွာနေမှဖြင့်ဆိုတာမျိုး ပြောတတ်ကြပါတယ်။ ပိုက်ဆံကို သေသေချာချာထည့်သွားနော်။ ပုံမတော်ရင် ကျပျောက်မှဖြင့်။ စာကို ဂရုစိုက်ပြီးကျက်ကွဲ့။ ပုံမတော်ရင် စာမေးပွဲမှာ အမှတ်မကောင်းဘဲ ဖြစ်နေဦးမယ်။ ရွာမှာတော့ အသုံးများဆဲဖြစ်နေပေမယ့် အခြားဒေသတွေမှာတော့ ပြောဆိုသုံးနှုန်းတာကို ကြားရခဲပါတယ်။ တစ်ခါတော့ မန္တလေးက စာရေးဆရာကြီး တစ်ဦးရဲ့ စာထဲမှာတော့ ရှားရှားပါးပါး တွေ့လိုက်ရဖူးပါတယ်။

## တရားစာအုပ်တွေမှာ တွေ့ရလေ့ရှိ

"နေရာမကျဘူး" ဆိုတဲ့အသုံးလည်း ရှိပါသေးတယ်။ သူ့ဟာနဲ့သူ အံဝင်ခွင်ကျမဖြစ်ပုံ၊ မဆီလျော်ပုံ၊ အဆင်မပြေပုံ၊ အကြောင်းမညီညွတ်ပုံ စတဲ့သဘောမျိုးတွေမှာ ပြောကြတာမျိုး ထင်ပါတယ်။ အဲဒီလို ဆောင်ရွက်မယ်ဆိုရင်ဖြင့် နေရာမကျသေးပါဘူး။ မင်းတို့လူ ပြောပုံဆိုပုံတွေက နေရာမကျပါဘူး။ ဒီအသုံးအနှုန်းကိုတော့ မဟာစည်ဆရာတော်ကြီး ဟောတဲ့ တရားစာအုပ်တွေမှာ တွေ့ရလေ့ရှိပါတယ်။

အခုလက်ရှိတော့ လူကြီးပိုင်းတွေလောက်ပဲ ပြောဆိုကြတာများပါတယ်။ လူငယ်လူရွယ်ပိုင်းတွေမှာတော့ ပြောသံဆိုသံ မရှိသလောက် ရှားသွားပြီ ထင်ကြောင်းပါ။

အခြားအသုံးအနှုန်းလေးတစ်ခု ရှိပါသေးတယ်။ အသုဘနာရေးမှာ သုံးတဲ့စကားလုံးပါ။ ရွာထဲက အိမ်တစ်အိမ်မှာ လူသေဆုံးကွယ်လွန်တဲ့အခါ ရပ်ရွာလူအများသိကြစေဖို့ ရွာနေရာတော်တော်များများမှာ ရှိတဲ့ နာရေးဆိုင်းဘုတ်မှာ အသိပေးရေးသားရပါတယ်။ ကွယ်လွန်သူရဲ့အမည်၊ အသက်၊ ကျန်ရစ်သူ ဘယ်သူဘယ်ဝါရဲ့မိခင်ဖခင် သို့မဟုတ် သားသမီး သို့မဟုတ် ဇနီးမယားလင်ယောကျ်ား စသဖြင့် တော်စပ်ပုံနှင့် တကွ အောက်ဆုံးမှာ ဘယ်နေ့ဘယ်ရက် ကိစ္စကုန်ပါမည်ဆိုတဲ့အကြောင်းပါ။ နာရေးကိစ္စ၊ အသုဘချခြင်းအမှုအတွက်သုံးလိုက်တဲ့စကားလုံးက "ကိစ္စကုန်"တဲ့။

တစ်ဖန် အညာဆန်တယ် ပြောရမလားမသိ။ "ပ" အသုံးလည်း ယခုအချိန်အထိ တွေ့ရပါသေးတယ်။ အေးဟုတ်ပ။ ဟုတ်တာပအေး။ ဟုတ်ပနော်။ အေးပ။ ပါ့နဲ့ ပေါ့ အစားသုံးတယ်လို့ ယူဆရပါတယ်။ ကြားရသူမှာ တစ်မျိုးတစ်မည် နားဝင်ချိုစရာ ဖြစ်ပါတယ်။ အင်မတန်လှပတဲ့ ဒေသအသုံးတစ်ခုလို့ ပြောရင်လည်း မှားမယ်မထင်ပါ။

အညာမှာ ရေသယ်စရာအဖြစ် သံပုံး၊ သံဖြူပုံးတို့ကို "ချောင်"လို့ ထူးထူးခြားခြား ခေါ်ကြပါတယ်။ များသောအားဖြင့် သွပ်ချောင်လို့ တွဲခေါ်ပါတယ်။ အခြားအရပ်ဒေသတွေကတော့ ရေပုံးလို့ပဲ ခေါ်ကြမယ်ထင်ပါတယ်။ သွပ်ချောင်ဘယ်နားထားသလဲ။ သွပ်ချောင်ခဏငှားပါ ဆိုတာမျိုးတွေပေါ့။ ကိုယ့်အရပ်နဲ့ ကိုယ့်ဇာတ်သာ နားလည်ကြမယ့် စကားလုံးအသုံးတွေပါ။ အရပ်တစ်ပါးရောက်လို့ သွပ်ချောင်လို့ပြောရင် နားမလည်ကြတာ များပါတယ်။ ရေပုံးလို့ပြောမှ သိကြပါတယ်။ အဲဒီအခါမျိုးမှာ ရယ်သွမ်းသွေးခြင်းလည်း ခံရမှာပါ။

"အူပွတာ"၊ "အူပေါက်တာ" ဆိုတာလည်း ရှိသေးသဗျ။ ယနေ့ခေတ် ပြောပြောနေကြတဲ့ အူကြောင်ကြောင်ဆိုတာနဲ့ တူမယ်ထင်ပါတယ်။ သရော်တဲ့သဘောလည်း ပါမယ်ထင်ပါတယ်။ ခပ်နိမ့်နိမ့်အပြစ်တင်တဲ့အဓိပ္ပာယ်လည်း ဖြစ်နိုင်ပါတယ်။ ဒီပစ္စည်းကို ကိုယ်လည်း အသုံးမလိုဘဲနဲ့ များ လိုချင်ရတယ်လို့။ အူပွတာ(အူပေါက်တာနော်)။ ဟော့ အူပွမနေကြနဲ့။ ကိုယ်လုပ်စရာရှိတာလုပ်ကြ။ ဒီကောင်လေးတော့ အူပေါက်ပေါက်နဲ့။ မဟုတ်တမ်းတရားတွေ ပြောရှော့မယ်။

အတိုင်းအတာဖြစ်စေ၊ အရေအတွက်မှာဖြစ်စေ ပမာဏကို အတိအကျမသိခဲ့ရင် သုံးကြတဲ့စကားလုံးက "ဝါစာကမာ"တဲ့။ အကြမ်းဖျင်းဆိုတာနဲ့ နီးစပ်မယ် ထင်ပါတယ်။ ဒီနှစ် ဖလံခုံတောက စပါးတင်း ၂၀၀ လောက်တော့ ဝါစာကမာ ထွက်မယ်ထင်တာပဲ။ ဒီကနေ အနောက်နတ်မူးကြီးအထိ ဆိုရင် ဝါစာကမာ ၃ တိုင်(၆ မိုင်) လောက်ဝေးမယ်။ အခုထက်ထိ သုံးနှုန်းပြောဆိုနေကြဆဲပါပဲ။ အခြားအရပ်တွေမှာလည်း ပြောကြသေးကြောင်း ကြားသိရပါတယ်။

## အလေ့အထတစ်ခု

အမျိုးသမီးအချင်းချင်းဆိုရင် နာမည်ရှေ့ကနေ "ရှင်" ထည့်ခေါ်တဲ့ အလေ့အထတစ်ခုလည်း ရှိပါသေးတယ်။ ရှင်ဘယ်သူရေ၊ ရှင်ဘယ်ဝါရေ စသဖြင့်ပေါ့။ တစ်ယောက်နဲ့ တစ်ယောက် ပိုပြီးနွေးထွေးတဲ့သဘော၊ ရင်းနှီးတဲ့သဘော၊ ခင်မင်တဲ့သဘောတွေ ကိန်းအောင်းပါဝင်နေပါတယ်။ ဥပမာအားဖြင့် ရှင်အေးစုမွန်တို့က နေနိုင်လိုက်ပုံအေ။ အိမ်ကိုတောင် အလည်မလာဘူး။

နောက်ဆုံးအနေနဲ့ "အရှုံးပေါက်ချ" ဆိုတဲ့ စကားကိုလည်း ပြောဆိုတတ်ကြပါတယ်။ သူတစ်ပါးကို စီးပိုးပြီး လိမ်လည်ပြုမူတာမျိုးအတွက် သုံးနှုန်းပြောဆိုကြပါတယ်။ ငါ့လာပြီး အရှုံးပေါက်ချမနေနဲ့။ ငါအကုန်သိပြီးသား။ အဲဒါချက်က အရှုံးပေါက်ချသွားတာလေ။ မောင်နိုင်က အတော့ခံလိုက်ရတယ်။ သူများကိုသာ အရှုံးပေါက်ချလို့ ရမယ်။ ဗလကိုတော့ လာမစမ်းလေနဲ့။ ယနေ့ခေတ်ပြောကြတဲ့ အရှုံးကွက်နင်းဆိုတဲ့အသုံးနဲ့ တူသယောင် ထင်ရပါတယ်။

ရွာမှာ တစ်ခုထူးခြားတာ ရှိပါသေးတယ်။ လူတိုင်းလူတိုင်းမှာ နာမည်ရင်းအပြင် နာမည်ပြောင် တစ်ခုစီတော့ အနည်းဆုံးရှိကြပါသတဲ့။ နာမည်ပြောင်ကိုပဲ အမြဲခေါ်ကာ ပြောဆိုဆက်ဆံကြစမြဲပါ။ ဘယ်လောက်ထိ စွဲမြဲသွားသလဲဆိုရင် နာမည်ရင်းကိုတောင် မေ့မေ့ပျောက်ပျောက်ဖြစ်သွားတဲ့အထိပါပဲ။ စာရေးသူတို့ရဲ့ဆရာ ဦးသာချိုဆိုတာ ရှိပါတယ်။ ဆရာ့နာမည်အရင်းက ဦးစမ်းမြင့်မောင်ပါ။ တစ်နေ့တော့ အဝေးက ဆရာ့မိတ်ဆွေတစ်ဦး ဆရာ့အိမ်ကိုလာပါတယ်။ ဆရာ့အမေဖြစ်သူနဲ့ အိမ်ပေါက်ဝမှာ တွေ့တဲ့အခါ ဆရာ ဦးစမ်းမြင့်မောင် ရှိသလားလို့ မေးပါသတဲ့။ အမေဖြစ်သူက ဒီအိမ်မှာ စမ်းမြင့်မောင် မရှိပါဘူးလို့ပြန်ဖြေသတဲ့။ သားနာမည်ရင်းကို မိခင်ကိုယ်နှိုက်ကရုတ်တရက်မေ့နေခြင်းပင်။ ဦးသာချိုဆိုရင်တော့ တန်းသိမယ့် သဘောပါ။ နောက်ပြီး ရွာမှာ နာမည်တူများ ရှိနေရင် သူတို့ရဲ့ဝိသေသနဲ့တွဲပြီး ခွဲခြားခေါ်တဲ့ အကျင့်ရှိပါတယ်။ ကျော်သန်းတွေ များနေရင် လူကြီးကျော်သန်း၊ ဘက်ထရီကျော်သန်း၊ ကျော်သန်းပု စသဖြင့်ပေါ့။ သန်းထွန်းတွေ များနေရင်လည်း မိုတ်တုတ် သန်းထွန်း၊ နှုတ်ခမ်းမွေး သန်းထွန်း၊ ပန်းရန် သန်းထွန်း စသဖြင့်ပေါ့။ နောက်ထပ်တစ်ခု ရှိပါသေးတယ်။ လူငယ်များက သူတို့သူငယ်ချင်း အချင်းချင်းဆိုရင် အဖေနာမည်ကို ဦးဖြုတ်ပြီး ခေါ်တတ်ကြပါတယ်။ စနောက်တဲ့အနေနဲ့ပါ။ တစ်ခါတစ်ရံ ယောင်ပြီး အိမ်ရှေ့ကနေ သူငယ်ချင်းကို လှမ်းခေါ်တာ ခင်ဗျာဆိုပြီး သူ့အဖေထွက်လာလို့ တောင်းပန်ရတာ အကြိမ်ကြိမ်ပါတဲ့။

အခြားဒေသိယအသုံးလေးတွေလည်း ထပ်မံသိရှိရပါတယ်။ အဲဒီအသုံးလေးတွေကတော့ "လုပ်ချည်းချည်း"၊ "ဂပ်အိပ်"၊ "ဂဒီး ဂဒီး"၊ "အံကျ"၊ "အတိုင်အဖောက်ညီ"၊ ပါဠိစကားလုံးတွေဖြစ်ကြတဲ့ ("ကဏ္ဍာကောစ၊ ဓေန္တ၊ အာဃာတ")၊ "တင်ပလ္လင်ချိတ်"၊ "မဟုတ်မှလွဲရော"၊ "နယ်ချေပွတ်"၊ "ပိတ်ကျက်"၊ "န" (အကောင်းမဟုတ်တော့ဘဲ ပျက်စီးယိုယွင်းလာတဲ့သဘော) စသည် စသည် တို့ဖြစ်ပါတယ်။ ။

# ကိုဗစ် – ၁၉ ကာကွယ်ဆေးနှင့် ပတ်သက်သော မေးခွန်းနှင့်အဖြေများ

အပိုင်း(၁)

## ၁ COVID-19 ကာကွယ်ဆေးမှာ ဘယ်လိုအချက်တွေနဲ့ ပြည့်စုံဖို့လိုတာလဲ

COVID-19 ကာကွယ်ဆေးထိုးသော လူများအနက် အနည်းဆုံး **(၅၀)ရာခိုင်နှုန်း မှ (၇၀)ရာခိုင်နှုန်း** ထိ ကာကွယ်မှုရရှိခြင်း [illegible] ပြည့်စုံရပါမည်။

## ၂ ကမ္ဘာတစ်ဝန်းတွင် COVID-19 ကာကွယ်ဆေးကို အမြန်အဆန် ထုတ်လုပ်နေကြရာ ယခုထိုးနှံပေးမည့် ကာကွယ်ဆေးများက ဘေးကင်း စိတ်ချရတဲ့ ကာကွယ်ဆေး ဟုတ်ပါသလား

COVID-19 ကာကွယ်ဆေးသည် ထုတ်လုပ်နိုင်သည့်မှာ [illegible]

## ၃ COVID-19 ကာကွယ်ဆေးသည် လူတိုင်း မဖြစ်မနေထိုးနှံရမည့် ကာကွယ်ဆေးလား

COVID-19 ကာကွယ်ဆေးသည် [illegible] (Face mask) တပ်ဆင်ခြင်း [illegible]

## ၄ COVID-19 ရောဂါဖြစ်ပွားနေသူများနှင့် သံသယ လူနာအဖြစ်စောင့်ကြည့်ခံနေရသူများသည် COVID-19 ကာကွယ်ဆေးကို ထိုးနှံရန် လိုအပ်ပါသလား

COVID-19 ရောဂါဖြစ်ပွားနေသူများနှင့် သံသယလူနာအဖြစ်စောင့်ကြည့်ခံနေရသူများသည် ရောဂါလက္ခဏာများအားလုံး သက်သာပျောက်ကင်းပြီးနောက် (၁၄)ရက်ကြာမှသာ ကာကွယ်ဆေးကို ထိုးနှံသင့်ပါသည်။

## ၅ COVID-19 ရောဂါ ပျောက်ကင်းပြီးသူများသည် COVID-19 ကာကွယ်ဆေးထိုးရန်လိုအပ်ပါသလား

COVID-19 ရောဂါဖြစ်ပွားဖူးသူများသည်လည်း COVID-19 ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံရန် လိုအပ်ပါသည်။ [illegible] COVID-19 [illegible]

## ၆ COVID-19 ကာကွယ်ဆေးထိုးနှံပြီးပါက COVID-19 ရောဂါကို ချက်ချင်းကာကွယ်နိုင်ပါသလား

[illegible] COVID-19 [illegible] နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ [illegible] (၆)ပေ [illegible]

## ၇ COVID-19 ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီးပါက ပါးစပ်နှင့် နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ဆေးခြင်းကို ဆက်လက်လုပ်ဆောင်ရန် လိုအပ်ပါသလား

COVID-19 ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီးပါကလည်း COVID-19 [illegible] လူတိုင်း(လူတိုင်း)မှ ပါးစပ်နှင့် နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ [illegible] (၆)ပေ [illegible] လုပ်ဆောင်ရန် အလွန်အရေးကြီးပါသည်။

Ref: https://www.cdc.gov/coronavirus/2019-ncov/vaccines/faq.html
Ref: https://www.cdc.gov/coronavirus/2019-ncov/vaccines/facts.html
Ref: https://www.who.int/emergencies/diseases/novel-coronavirus-2019/media-resources/science-in-5/episode-5
Ref: https://www.cdc.gov/coronavirus/2019-ncov/vaccines/faq.html
Ref: FAQ on COVID-19 vaccine from Government of India

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုးနှင့် နေ့ဆွမ်းများဆက်ကပ်လှူဒါန်း၊ ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်



နေပြည်တော် ဖေဖော်ဝါရီ ၂၂

ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းအဆင်ပြေစေရေးအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ)အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီး၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့၊ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့၊ ချင်းပြည်နယ် မတူပီမြို့၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ အမရပူရမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့တို့ရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်တိုက်များနှင့် ဘာသာရေးကျောင်း စုစုပေါင်း ၂၄ ကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၊ ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့၊ ရခိုင်ပြည်နယ် အမ်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့၊ ချင်းပြည်နယ် မတူပီမြို့၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ အမရပူရမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်စာသင်တိုက်စုစုပေါင်း ၂၅ ကျောင်းရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား နေ့ဆွမ်းများကို လည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းကြသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ ဇီးဖြူကုန်းရပ်ကွက် မဟာသန္တိကရရန်အောင်မြေကျောင်းတိုက်နှင့် ချင်းပြည်နယ် မတူပီမြို့ ဖနိုင်တပ်ဦးကျောင်းရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ဆရာတော် သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များအား လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများအား တပ်မတော်ဆေးရုံများ၌ ဆက်လက်လက်ခံကုသ

နေပြည်တော် ဖေဖော်ဝါရီ ၂၂

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ အခက်အခဲများကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေရန်အတွက် မြို့နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိပြီး ပြင်ပမှဆရာဝန်များသည်လည်း ၎င်းတို့၏ သဘောဆန္ဒအလျောက် ကုသရေးလုပ်ငန်းများတွင် လာရောက်ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ ယင်းသို့ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများသို့ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၂၃၅၄၆ ဦး၊ အတွင်းလူနာ ၃၁၃၉ ဦးကို လွှဲပြောင်းခဲ့ပြီး တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ပြည်သူများကို ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန် လိုအပ်သည့်လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းနှင့် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ



နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက် စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစားခွဲစိတ်ကုသရန် လိုအပ်သူ ၉၈၃ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၅၁၅ ဦး၊ စုစုပေါင်း ၁၄၉၈ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ် ကုသပေးလျက်ရှိသည်။ ထို့ပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံအသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၅၉၁ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၉၀၅ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ အနာဂတ်မျိုးဆက်သစ် ကလေးငယ် ၁၄၉၆ ဦးကို မွေးဖွားနိုင်ခဲ့သည်။

တိုင်းရင်းသားပြည်သူများအနေဖြင့် ကျန်းမာရေးဆိုင်ရာ အခက်အခဲများ ဖြစ်ပေါ်လာပါက နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ အချိန်မရွေး ဆက်သွယ်ဆေးကုသမှုခံယူနိုင်ကြောင်းနှင့် သက်ဆိုင်ရာဆေးရုံများမှလည်း လွှဲပြောင်းကုသမှုခံယူနိုင်ကြောင်း သိရှိရသည်။

ယနေ့တွင် သက်ဆိုင်ရာမြို့နယ်များရှိ နယ်မြေခံတပ်မတော်ဆေးရုံများသို့ ဆေးရုံလာရောက်ပြသသူများနှင့် ဆေးရုံတက်လူနာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက် ကုသမှုခံယူနေသောလူနာများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ထူးခြားသည့် ညအပူချိန်များ

၂၂-၂-၂၀၂၁

| | | |
|---|---|---|
| ဟားခါးမြို့ | ၅ | ဒီဂရီစင်တီဂရိတ် |
| လားရှိုး | ၇ | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၇ | ဒီဂရီစင်တီဂရိတ် |
| မိုင်းယန်း | ၇ | ဒီဂရီစင်တီဂရိတ် |
| ကျောက်မဲ | ၈ | ဒီဂရီစင်တီဂရိတ် |
| ပင်လောင်း | ၈ | ဒီဂရီစင်တီဂရိတ် |
| လွိုင်လင် | ၈ | ဒီဂရီစင်တီဂရိတ် |
| မင်းတပ် | ၈ | ဒီဂရီစင်တီဂရိတ် |
| မိုးကုတ် | ၈ | ဒီဂရီစင်တီဂရိတ် |

မိုး/ဇလ

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့မှ ဒေသခံပြည်သူများအား ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးဝေလှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း သွားလာမှုကန့်သတ်ချက်များကြောင့် ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရန်အတွက် နယ်မြေခံတပ်မတော်သားများက ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို အိမ်အရောက် လိုက်လံပေးဝေလှူဒါန်းလျက်ရှိသည်။

ယနေ့တွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ဆည်တော်ကျေးရွာ၊ ဂိုက်တန်းကျေးရွာနှင့် ရေမကျေးရွာတို့ရှိ အိမ်ထောင်စု ၁၀၀၀ တို့အတွက် ဆန်နှင့်ဆီများကို ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ပြည်သူများ လက်ဝယ်အရောက် သွားရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# COVID-19 ကာကွယ်ဆေးနှင့်ပတ်သက်သော မေးခွန်းနှင့် အဖြေများ(အပိုင်း-၂)

(၁) **မြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို မည်ကဲ့သို့စတင်ထိုးနှံပေးမှာလဲ**

- ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဦးစားပေးလူအုပ်စုအလိုက် ထိုးနှံပေးသွားပါမည်။ ရှေ့တန်းမှ တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဇဟို/တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို ပထမအသုတ်အနေနဲ့ စတင်ထိုးနှံပေးမည်ဖြစ်ပြီး၊ ကျန်လူအုပ်စုများကိုလည်း ကာကွယ်ဆေးရရှိမှုအပေါ် မူတည်၍ ဆက်လက်ထိုးနှံပေးသွားမှာ ဖြစ်ပါသည်။

(၂) **ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကင်ဆာ၊ စသည့် နာတာရှည်ရောဂါ အခံရှိသောသူများနှင့် ယင်းရောဂါများအတွက် သက်ဆိုင်ရာဆေးဝါးများသောက်သုံးနေရသောသူများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးလို့ရပါသလား**

- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုး၍ရပါသည်။ ဤကဲ့သို့ရောဂါအခံရှိနေသောသူများသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရလျှင် အသက်အန္တရာယ်စိုးရိမ်ရသောကြောင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးသင့်သောသူများ ဖြစ်ပါသည်။

(၃) **ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်သူတွေမထိုးနှံသင့်ဘူးလဲ**

- ကိုဗစ်-၁၉ ရောဂါ အတည်ပြုခြင်းခံထားရသူလူနာများ၊ သံသယလူနာများနှင့် ရောဂါလက္ခဏာ သက်သာပျောက်ကင်းသွားပြီး (၁၄)ရက် မကျော်သေးသောသူများ၊
- ကိုဗစ်-၁၉ သံသယလက္ခဏာ (ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ အသက်ရှူရခက်ခဲခြင်း... စသည်တို့) ရှိသောသူများ၊
- နို့တိုက်မိခင်နှင့် ကိုယ်ဝန်ဆောင်များနှင့်
- အသက် (၁၈)နှစ်အောက် လူအုပ်စုများတို့ကို ကိုဗစ်-၁၉ ကာကွယ်ဆေး မထိုးနှံသင့်ပါ။ (ကိုယ်အင်္ဂါအစားထိုး (organ transplant) ခွဲစိတ်ကုသမှုခံယူထားသူများ၊ ခုခံအားကျရောဂါရှိနေသူများနှင့် ခုခံအားကျဆင်းစေသည့်ဆေးဝါးတစ်ခုခုသုံးစွဲနေရသူများ အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းခံယူရန် သင့်/ မသင့်ကို သက်ဆိုင်ရာ ဆရာဝန်ကြီးများနှင့် ကြိုတင်၍ တိုင်ပင်ပါ။)

(၄) **ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်နှကြိမ် ထိုးနှံရမှာပါသလဲ**

ကိုဗစ်-၁၉ကာကွယ်ဆေးအမျိုးအစားအပေါ်တွင်မူတည်ပါသည်။

မြန်မာနိုင်ငံတွင် ထိုးနှံမည့် COVISHIELD ကာကွယ်ဆေးကို(၂)ကြိမ် ထိုးနှံရမှာဖြစ်ပါသည်။ ယေဘုယျအားဖြင့် ပထမအကြိမ် ထိုးနှံပြီးနောက် ရက်သတ္တပတ် (၄)ပတ်ခြားပြီး ဒုတိယအကြိမ် ထပ်မံ ထိုးနှံရမှာဖြစ်ပါသည်။

(၅) **ကိုဗစ်-၁၉ ကာကွယ်ဆေးကို ပထမတစ်ကြိမ်မှာ ကာကွယ်ဆေးတစ်မျိုးထိုးထားပြီး ဒုတိယတစ်ကြိမ်မှာ အခြားဆေးအမျိုးအစားကို ထိုးနှံလို့ရနိုင်ပါသလား**

ယခုအချိန်အထိလေ့လာတွေ့ရှိချက်များအရ - အခြားဆေးအမျိုးအစားကိုထိုးနှံ၍ မရပါ။ ပထမအကြိမ်တွင် ထိုးနှံထားသော ကာကွယ်ဆေးအမျိုးအစားနှင့်တူညီသော ကာကွယ်ဆေးကို ဒုတိယအကြိမ်ထပ်မံထိုးနှံမှသာ ထိရောက်လုံလောက်သောကိုယ်ခံစွမ်းအား ရရှိမည်ဖြစ်ပါသည်။

(၆) **မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် လက်ရှိတရားဝင် ခွင့်ပြုထားသော ကိုဗစ်-၁၉ ကာကွယ်ဆေးတွေက ဘာတွေပါသလဲ**

မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး (၁)မျိုးဖြစ်သည့် COVISHIELD/ Astrazeneca ကာကွယ်ဆေးကို လတ်တလော တရားဝင် ခွင့်ပြုထားပါသည်။ ဤကာကွယ်ဆေးကို အသက် (၁၈)နှစ်နှင့်အထက် လူကြီးများ အတွက်သာ အသုံးပြုခွင့်ပြုပေးထားပါသည်။

(နောက်ထပ်ခွင့်ပြုချက်ရရှိသော ကာကွယ်ဆေးများကိုလည်း ဆက်လက်ဖော်ပြပေးသွားပါမည်။)

(၇) COVISHIELD ကာကွယ်ဆေးထိုးနှံပြီးလျှင် မည်ကဲ့သို့သော သာမန်လက္ခဏာများ ပြတတ်ပါသလဲ

(က) **COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦးတွင် (၁) ဦးထက်ပို၍ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- ဆေးထိုးသည့်နေရာတွင် နာခြင်း၊ နီခြင်း၊ ယားယံခြင်း၊
- ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊
- နုံးချည့်ခြင်း၊ မအီမသာဖြစ်ခြင်း၊

(ခ) **COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- ဆေးထိုးသည့်နေရာတွင် အကျိတ်ငယ်ဖြစ်ခြင်း၊
- ဖျားခြင်း၊
- အန်ခြင်း၊
- ရာသီတုပ်ကွေးရောဂါကဲ့သို့ သာမန်လက္ခဏာများ (ဖျားခြင်း၊ အာသီးရောင်ခြင်း၊ နှာစေး/ချောင်းဆိုးခြင်း၊ ချမ်းတုန်ခြင်း...စသည်) တို့ ပြတတ်ပါသည်။

(ဂ) **COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- မူးဝေခြင်း၊
- ယားယံခြင်း၊
- ချွေးထွက်လွန်ခြင်း၊
- အစာစားချင်စိတ်လျော့နည်းခြင်း၊ ဗိုက်အောင့်ခြင်း၊
- ပြန်ရည်ကျိတ်များကြီးခြင်း တို့ဖြစ်နိုင်ပါသည်။

**ကာကွယ်ဆေးနှင့် ဓာတ်တည့်မှု ရှိ/မရှိနှင့် ပြင်းထန်သည့်ဘေးထွက်ဆိုးကျိုးများ ရှိ/မရှိ သေချာစေရန် ဆေးထိုးပြီးပါက စောင့်ဆိုင်းသည့် နေရာတွင် "မိနစ်(၃၀)ခန့်" စောင့်ဆိုင်းရန် အရေးကြီးပါသည်။**

**ပထမအကြိမ်ကာကွယ်ဆေးထိုးပြီးနောက် ကာကွယ်ဆေးထိုးနှံခြင်းမှတ်တမ်း (ကာကွယ်ဆေးထိုးကတ်)ကို မပျောက်မပျက်စေရန် စနစ်တကျသိမ်းဆည်းထား၍ နောက်တစ်ကြိမ်ကာကွယ်ဆေးထိုးနှံမှု ခံယူရန် လာရောက်သည့်အခါတွင် မပျက်မကွက်ယူဆောင်လာရန်လိုအပ်ပါသည်။**

**မှတ်ချက်။ ကိုဗစ်-၁၉ ကာကွယ်ဆေးများသည် နည်းပညာအသစ်ဖြင့် အချိန်တိုအတွင်း ထုတ်လုပ်ထားသော ကာကွယ်ဆေးအသစ်များဖြစ်၍ ယခုအချိန်၌သိရှိထားသော သတင်းအချက်အလက်များသည် ပြောင်းလဲမှုများရှိလာနိုင်ပါသည်။ သတင်းအချက်အလက်အသစ်များ ထပ်မံ သိရှိရပါက ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။**

Reference: Serum Institute of India (SII). Fact sheet for vaccine recipient approved for restricted use in emergency situation of ChAdOx1 nCoV- 19 Coronavirus Vaccine (Recombinant), COVISHIELD, in prevention of (covid-19) disease in individuals 18 years of age and older. (Revised: 01 January 2021). Available at: https://www.seruminstitute.com/product_covishield.php

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန



# မြိတ်မြို့တပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူနေသူများအတွက် အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် အလှူငွေများ လာရောက်လှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၂၂

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများအတွက် အလှူရှင်များက အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် အဆိုပါဆေးရုံတွင် လိုအပ်သည်များ အသုံးပြုနိုင်ရန်အတွက် အလှူငွေကျပ် ၁၀ သိန်းကို ယနေ့နံနက်ပိုင်းတွင် လာရောက်လှူဒါန်းရာ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး သစ်လွင်ထူးနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

### စားသောက်ဖွယ်ရာများပေးအပ်

ထို့ပြင် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆေးရုံအတွင်းလှည့်လည်ကြည့်ရှုပြီး ဆေးရုံတက်လူနာများအား ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# အရပ်သားဆရာဝန်များနှင့် သူနာပြုများမရှိ၍ ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံနှင့် ယင်းမာပင်တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၂

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံနှင့် ယင်းမာပင်တိုက်နယ်ဆေးရုံတို့တွင် ဆရာဝန်များနှင့် သူနာပြုများက ၎င်းတို့၏ လုပ်ငန်းများ ပျက်ကွက်လျက်ရှိပြီး ဒေသခံပြည်သူများအနေဖြင့် ဆေးကုသမှုခံယူရန် အခက်အခဲများဖြစ်ပေါ်လျက်ရှိသဖြင့် ဆေးရုံတွင် အလုပ်ဆင်းပြီး တာဝန်ကျေပွန်စွာထမ်းဆောင်နေသည့် ဝန်ထမ်းများနှင့် လူနာရှင်များက နယ်မြေခံတပ်ရှိ တပ်မတော်ဆေးရုံမှ ဆရာဝန်များနှင့် သူနာပြုများ လာရောက်ကုသပေးနိုင်ပါရန် အကူအညီတောင်းခံလာခဲ့သည်။

### ထောက်ခံအားပေး

အဆိုပါ အကူအညီတောင်းခံလာမှုကြောင့် သက်ဆိုင်ရာ တပ်နယ်များအလိုက် တပ်မတော်ဆေးရုံမှ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးကုသရေးအဖွဲ့အား စေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ဒေသခံပြည်သူများက ထောက်ခံအားပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးရာ ယနေ့တွင် တပ်မတော်ဆေးကုသရေးအဖွဲ့များက ဒေသခံပြည်သူ အမျိုးသား ၄၀ နှင့် အမျိုးသမီး ၇၉ ဦး စုစုပေါင်း ၁၁၉ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေး ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ဒေသခံပြည်သူများအနေဖြင့်လည်း ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်





# ဖျာပုံမြို့ မြို့မဈေးရုံ မီးလောင်မှုဖြစ်ပွားရာနေရာသို့ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ အမှတ်(၂)ရပ်ကွက် မြို့မဈေး(နှစ်ထပ်ဈေးရုံအပေါ်ထပ်)ရှိ ဆိုင်ခန်းအမှတ်(၂၆) စာရေးကိရိယာဆိုင်မှ ဝိုင်ယာရှော့ခ်ဖြစ်၍ ဖေဖော်ဝါရီ ၂၀ ရက် ညနေ ၃ နာရီ မိနစ် ၅၀ ခန့်တွင် မီးလောင်မှုစတင်ဖြစ်ပွားခဲ့သည်။ အဆိုပါ မီးလောင်မှုကြောင့် လူ၊ တိရစ္ဆာန်များ ထိခိုက်မှုမရှိဘဲ ဈေးဆိုင်ခန်းပေါင်း ၈၆၁ ခန်းရှိသည့်အနက် ၂၁၃ ခန်းခန့် မီးလောင်ပျက်စီးခဲ့ပြီး ကာလတန်ဖိုးငွေကျပ် ၄၁၅ သိန်းခန့် ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ယင်းသို့ မီးလောင်မှုကြောင့် ပျက်စီးသွားသော ဈေးဆိုင်ခန်းနေရာများအား ဖေဖော်ဝါရီ ၂၁ ရက်တွင် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ မီးလောင်ကျွမ်းသည့်နေရာအား သန့်ရှင်းရေးနှင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# တပ်မတော်၏ဥပဒေနှင့်အညီ ဆောင်ရွက်ချက်များကို ကြိုဆိုထောက်ခံပွဲပြုလုပ်လျက်ရှိသူများအား တည်ငြိမ်အေးချမ်းမှုကိုမလိုလားသူအုပ်စုက သံပုံးတီးနှောင့်ယှက်ပြီး ခဲများဖြင့် ပစ်ခတ်တိုက်ခိုက်

နေပြည်တော် ဖေဖော်ဝါရီ ၂၂

မြန်မာ့တပ်မတော်၏ ဥပဒေနှင့်အညီ ဆောင်ရွက်ချက်များကို ကြိုဆိုထောက်ခံပွဲပြုလုပ်ရန် ရည်ရွယ်ချက်ဖြင့် မြန်မာ့တပ်မတော်ကို ထောက်ခံသော လူအင်အားစုသည် ယနေ့မွန်းလွဲ ၂ နာရီတွင် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် အနောက်ဘက် ခြောက်ဖာလုံခန့်အကွာ ရွှေကြာအင်း(၁)ရပ်ကွက် ရန်ပယ်အားကစားကွင်းမှစတင်၍ တောင်တွင်းကြီးမြို့အတွင်းသို့ စီတန်းလှည့်လည်ခဲ့ကြသည်။

ထိုသို့လှည့်လည်လာစဉ် ဦးဆောင်သူ(စိစစ်ဆဲ) လူအင်အား ၅၀ ခန့်က လမ်းပိတ်ဆို့၍ သံပုံးတီးခြင်းများဆောင်ရွက်ခဲ့ပြီး ခဲများဖြင့် စတင်ပစ်ပေါက်တိုက်ခိုက်ခဲ့သဖြင့် နှစ်ဖက်သော လူအင်အားစုများသည် ရှန်းရင်းဆန်ခတ်ဖြစ်ကာ အုတ်ခဲကျိုးများဖြင့် အပြန်အလှန် ပစ်ခတ်ခဲ့ကြသောကြောင့် စီတန်းလှည့်လည်သူအချို့ ထိခိုက်ပေါက်ပြဲဒဏ်ရာများ အသီးသီးရရှိခဲ့ကြောင်း သိရသည်။

အဆိုပါအခင်းဖြစ်ပွားသည့်နေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မတော်သားများ သွားရောက်ညှိနှိုင်းထိန်းသိမ်းခဲ့ရာ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်ခန့်တွင် နှစ်ဖက်လူစုကွဲခဲ့ပြီး နေရပ်အသီးသီးသို့ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်



# ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားနေစဉ်ကာလအတွင်း အိမ်တွင်းအကြမ်းဖက်မှု မကျူးလွန်ရ




မည်သည့်အကြောင်းပြချက်နဲ့မှ အိမ်တွင်းအကြမ်းဖက်မှုကို မကျူးလွန်ရ

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားနေစဉ် ကာလအတွင်းမှာ အောက်ပါအကြောင်းအချက်တွေကြောင့် အမျိုးသမီးနှင့် ကလေးငယ်တွေဟာ အိမ်တွင်းအကြမ်းဖက်မှုပုံစံအမျိုးမျိုးကို ပိုမိုတွေ့ကြုံ ခံစားရနိုင်ပါတယ်။



ငွေရေးကြေးရေးနဲ့ စီးပွားရေးအကျပ်အတည်းတွေကြောင့် အိမ်တွင်းတင်းမာမှုတွေ မြင့်တက်လာခြင်း



ရောဂါပြန့်ပွားမှု ဘေးအန္တရာယ်ကြောင့် စိုးရိမ်ပူပန်မှုတွေ တိုးပွားလာပြီး စိတ်ဖိစီးမှု များပြားလာခြင်း



စိတ်ဖိစီးမှုကို လျှော့ချဖို့အတွက် အရက်သောက်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း အစရှိတဲ့ လွဲမှားတဲ့အလေ့အထနဲ့ အမူအကျင့်တွေကို ကျင့်သုံးခြင်း



အိမ်မှုကိစ္စတွေဟာ အမျိုးသမီးတွေနဲ့ပဲ သက်ဆိုင်တယ်၊ ကလေးနဲ့ နာမကျန်းသူတွေကို ပြုစုစောင့်ရှောက်ဖို့က အမျိုးသမီးတွေရဲ့ တာဝန်ပဲဖြစ်တယ် အစရှိတဲ့ ဂျန်ဒါ တရားသေ အယူအဆများကြောင့် အမျိုးသမီးအများစုအပေါ်မှာ ဝန်ပိလာလေ့ရှိခြင်း



ရောဂါအန္တရာယ်ကြောင့် အိမ်ထဲမှာပဲ နေထိုင်ရခြင်းနဲ့ လှုပ်ရှားသွားလာမှုတွေကို ကန့်သတ်ထားခြင်းကြောင့် လူမှုပေါင်းစည်းမှုတွေ၊ လူမှုအဆက်အသွယ်တွေ ပြတ်တောက်ပြီး ပိုမိုအထီးကျန်စေခြင်း




ရောဂါဖြစ်ပွားမှုတွေကြောင့် အကြမ်းဖက်ခံရသူတွေအတွက် ပံ့ပိုးထောက်ပံ့ကူညီပေးနေသော ဝန်ဆောင်မှုတွေ အားနည်းသွားခြင်းနဲ့ ဝန်ဆောင်မှုတွေကို လက်လှမ်းမီရရှိနိုင်ဖို့ ခက်ခဲသွားခြင်း





အဲဒါကြောင့် မိမိပတ်ဝန်းကျင်မှာ အိမ်တွင်းအကြမ်းဖက်မှု ဖြစ်ပွားနေတာကို သိရှိတွေ့မြင်ပါက တိတ်ဆိတ်မနေဘဲ ပူးပေါင်းကူညီ ဆောင်ရွက်ပေးပါ





အိမ်တွင်း အကြမ်းဖက်မှုကို တွေ့ကြုံခံစားရပါက မိမိ ယုံကြည်ရသူတွေကို ဖွင့်ဟပြောဆိုပြီး အကူအညီရယူပါ




အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့် ပတ်သက်ပြီး အကူအညီရယူလိုပါက လူမှုဝန်ထမ်းဦးစီးဌာနရဲ့ HELP LINE ဖုန်း ၀၆၇- ၄၀၄၂၂၂ အပြင် ၀၆၇-၄၀၄၉၉၉ တို့ကိုပါ ယုံကြည်စိတ်ချစွာ ဆက်သွယ် အကူအညီရယူနိုင်ပါတယ်




အိမ်တွင်းအကြမ်းဖက်မှုများ အပါအဝင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့်ပတ်သက်၍ ဥပဒေအကြံဉာဏ် ရယူလိုပါက ဥပဒေရေးရာကုစားရေးအဖွဲ့(မြန်မာ) ၏ HOT LINE ဖုန်းနံပါတ်များဖြစ်သော ၀၉-၂၆၆၆၈၄၄၄၈ နှင့် ၀၉-၂၆၆၆၈၄၄၄၉ တို့သို့ ဆက်သွယ် အကူအညီရယူနိုင်ပါသည်




အကြမ်းဖက်မှုတိုင်းအတွက် အကြမ်းဖက်သူမှာသာ တာဝန်ရှိပါတယ်

# စတာလင်ရဲ့ တစ်လုံးတည်းသောသွင်းဂိုးဖြင့် အာဆင်နယ်ကို မန်စီးတီးအနိုင်ရရှိ

ဖေဖော်ဝါရီ ၂၁ ရက်ညပိုင်းက ပရီမီယာလိဂ်ပွဲစဉ် ၂၅ အဖြစ် ယှဉ်ပြိုင်ကစားခဲ့တဲ့ အာဆင်နယ်အသင်းနဲ့ မန်စီးတီးအသင်းတို့ရဲ့ ပွဲစဉ်မှာ မန်စီးတီးအသင်းက အာဆင်နယ်အသင်းကို တောင်ပံကစားသမား စတာလင်ရဲ့ ပွဲကစားချိန် နှစ်မိနစ်မှာ သွင်းယူခဲ့တဲ့ တစ်လုံးတည်းသောသွင်းဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

တောင်ပံကစားသမားစတာလင်ဟာ အခုနှစ်ဘောလုံးရာသီမှာ မန်စီးတီးအသင်းနဲ့အတူ ပရီမီယာလိဂ်သွင်းဂိုး ကိုးဂိုးမြောက်သွင်းယူနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ မန်စီးတီးအသင်းဟာ အာဆင်နယ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ယှဉ်ပြိုင်ကစားဖို့ ၁၃ ပွဲကျန်ရှိနေချိန် ပရီမီယာလိဂ် အမှတ်ပေးဇယားရဲ့ အဆင့် ၂ နေရာက မန်ယူအသင်းကို ၁၀ မှတ်ဖြတ်ကာ အဆင့် ၁ နေရာမှာ ရပ်တည်နိုင်ခဲ့တာ ဖြစ်ပါတယ်။

အာဆင်နယ်အသင်းကတော့ မန်စီးတီးအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ် နောက်ဆုံး လေးပွဲမှာ တစ်ဂိုးမှ သွင်းယူနိုင်ခြင်းမရှိဘဲ ရှုံးပွဲကြုံခဲ့တဲ့ မှတ်တမ်းဆိုးတစ်ရပ်ကို ရရှိခဲ့တာဖြစ်ပါတယ်။ မန်စီးတီးအသင်းဟာ အခုပွဲစဉ်မှာ အနိုင်သုံးမှတ်အပြည့် ရရှိခဲ့တဲ့အပြင် ပြိုင်ပွဲအရပ်ရပ် နောက်ဆုံးကစားခဲ့တဲ့ ပွဲစဉ် ၂၅ ပွဲအထိ ရှုံးပွဲမရှိတဲ့ စံချိန်တစ်ရပ်ကို ရရှိခဲ့တာဖြစ်ပါတယ်။

အဲဒီလို ရှုံးပွဲမရှိစံချိန်တင်ခဲ့ခြင်းဟာနည်းပြဂွာဒီယိုလာလက်ထက်မှာ မန်စီးတီးအသင်းအတွက် ဒုတိယအကြိမ်မြောက် ရှုံးပွဲမရှိ စံချိန်တင်ခဲ့တာဖြစ်ပြီး ၂၀၁၇ ခုနှစ်အတွင်းကလည်း ၂၈ ပွဲအထိ ရှုံးပွဲမရှိစံချိန်တင်ခဲ့တာ ဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ လာမယ့် ပွဲစဉ်အဖြစ် ဖေဖော်ဝါရီ ၂၄ ရက်မှာ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်အဖြစ် မိုချန်ဂလာဘတ်ချ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး အာဆင်နယ်အသင်းကတော့ ယူရိုပါလိဂ် ၃၂ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်အဖြစ် အေသင်မြို့မှာ ဘင်ဖီကာအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။



❒ နယူးကာဆယ်အသင်းမှ

ပွဲကစားချိန် ၅၇ မိနစ်မှာ ဒန်နီယယ်ဂျိမ်းစ်ရဲ့ သွင်းဂိုးနဲ့ ပွဲကစားချိန် ၇၅ မိနစ်မှာ ဘရူနိုဖာနန်ဒက်စ်တို့ရဲ့ သွင်းဂိုးတွေရရှိခဲ့ပြီး နယူးကာဆယ်အသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်ဟာ မန်ယူအသင်းအတွက် အဓိကအရေးပါတဲ့ကစားသမားတစ်ဦးဖြစ်ခဲ့ပြီး လက်ရှိဘောလုံးရာသီမှာ မန်ယူအသင်းနဲ့အတူ ပရီမီယာလိဂ်သွင်းဂိုးစုစုပေါင်း ၁၈ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

မန်ယူအသင်းက နယူးကာဆယ်အသင်းနဲ့ပွဲစဉ်မှာ သွင်းဂိုးသုံးဂိုးအထိရရှိခဲ့တာကြောင့် ယခုနှစ် ဘောလုံးရာသီ ပရီမီယာလိဂ်ပွဲစဉ် ၂၅ ပွဲကစားအပြီးမှာ သွင်းဂိုး ၅၃ ဂိုးအထိ ရရှိခဲ့ပြီး မန်ယူအသင်းအတွက် တစ်ဂိုးသွင်းယူပေးခဲ့တဲ့ ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်ဟာ အခုနှစ်ဘောလုံးရာသီမှာ သွင်းဂိုး ၁၅ ဂိုးနဲ့ ဂိုးဖန်တီးမှု ၁၀ ကြိမ်အထိ ပြုလုပ်ထားနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

ဒန်နီယယ်ဂျိမ်းစ်ကတော့ အခုနှစ်ဘောလုံးရာသီမှာ မန်ယူအသင်းနဲ့ အတူ ၁၃ ပွဲ ပွဲထွက်ကစားခွင့်ရရှိခဲ့ရာမှာ သွင်းဂိုးငါးဂိုး သွင်းယူပေးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။ မန်ယူအသင်းဟာ လက်ရှိပရီမီယာလိဂ်အမှတ်ပေးဇယားမှာ ရမှတ် ၄၉ မှတ်နဲ့ အမှတ်ပေးဇယားအဆင့် ၂ နေရာမှာ ရပ်တည်လျက်ရှိပြီး နယူးကာဆယ်အသင်းကတော့ မန်ယူအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် အမှတ်ပေးဇယား အဆင့် ၁၇ နေရာမှာ ရပ်တည်လျက်ရှိတာ ဖြစ်ပါတယ်။ မန်ယူအသင်းဟာ လာမယ့်ပရီမီယာလိဂ်ပွဲစဉ်အဖြစ် ချယ်လ်ဆီးအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး နယူးကာဆယ်အသင်းကတော့ ဝုလ်ဗာဟမ်တန်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာလည်း ဖြစ်ပါတယ်။



# ဂိုးသမား ဒီဂီယာနှင့် ဟန်ဒါဆန်တို့နှစ်ဦးအနက် တစ်ဦးကို ရောင်းချရန် မန်ယူအသင်းနည်းပြ ဆိုးရှား ပြင်ဆင်လျက်ရှိ

မန်ယူအသင်းနည်းပြ ဆိုးရှားဟာ အသင်းရဲ့ ဂိုးသမားနှစ်ဦးဖြစ်တဲ့ ဒီဂီယာနဲ့ ဟန်ဒါဆန်တို့အနက်မှ တစ်ဦးကို နွေရာသီအပြောင်းအရွှေ့ ကာလအတွင်းမှာ ရောင်းချသွားဖို့ ပြင်ဆင်လျက်ရှိတယ်လို့ သိရပါတယ်။

ဂိုးသမား ဒီဂီယာဟာ ၂၀၁၁ ခုနှစ်အတွင်းက မန်ယူအသင်းသို့ ရောက်ရှိလာချိန်ကတည်းက အိုးထရက်ဖို့ဒ်ရဲ့ အဓိကအားထားရတဲ့ ဂိုးသမားတစ်ဦးအဖြစ် ရပ်တည်ခဲ့တာဖြစ်ပြီး ကမ္ဘာ့အကောင်းဆုံး ဂိုးသမားတွေထဲက တစ်ဦးအဖြစ်လည်း သတ်မှတ်ခံခဲ့ရသူဖြစ်ပါတယ်။

ဂိုးသမား ဒီဂီယာဟာ ပြီးခဲ့တဲ့ဘောလုံးရာသီတွေအတွင်းက အမှားများစွာရှိခဲ့တာကြောင့် မန်ယူအသင်းက ဂိုးသမား ဟန်ဒါဆန်ကို ပြောင်းလဲအသုံးပြုခဲ့ပေမယ့် ဟန်ဒါဆန်ရဲ့ ဂိုးသမားစွမ်းရည်မြင့်မားစေဖို့ အတွက် ရှက်ဖီးလ်ယူနိုက်တက်အသင်းမှာ နှစ်ရာသီအငှားစာချုပ်နဲ့ သွားရောက်ကစားစေခဲ့တာ ဖြစ်ပါတယ်။

ဂိုးသမား ဟန်ဒါဆန်ဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုခဲ့တာကြောင့် လက်ရှိချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းဟာ ၂၀၂၅ ခုနှစ်ရောက်မှ ကုန်ဆုံးမှာဖြစ်ပြီး ဂိုးသမား ဒီဂီယာရဲ့ လက်ရှိစာချုပ်သက်တမ်းကတော့ ၂၀၂၃ ခုနှစ်အတွင်းမှာ ကုန်ဆုံးမှာလည်း ဖြစ်ပါတယ်။

အဲဒီလို စာချုပ်သက်တမ်းတွေ ကျန်ရှိနေသေးပေမယ့် မန်ယူအသင်းနည်းပြ ဆိုးရှားက အင်္ဂလန်ဂိုးသမား ဂျော်ဒန်ပစ်ဖို့ဒ်ကို ခေါ်ယူဖို့ စီစဉ်နေတာကြောင့် လက်ရှိဂိုးသမားနှစ်ဦးအနက် တစ်ဦးကို ပြန်လည် ရောင်းချသွားဖို့ စီစဉ်နေတာ ဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

# နည်းပြ တူချယ်က တောင်ပံကစားသမား ပူလီဆစ်အား ချယ်လ်ဆီးအသင်းတွင် ဆက်ရှိနေရန် ဆန္ဒရှိနေ

ချယ်လ်ဆီးအသင်းနည်းပြ တူချယ်ဟာ အမေရိကန်တောင်ပံကစားသမား ပူလီဆစ်ကို အသင်းတွင် ဆက်လက်ရှိနေဖို့ ဆန္ဒရှိနေကြောင်း ပြောကြားခဲ့ပါတယ်။

တောင်ပံကစားသမား ပူလီဆစ်ဟာ ဒဏ်ရာပြဿနာကြုံတွေ့နေရတာကြောင့် နည်းပြ တူချယ်လက်ထက်မှာ ချယ်လ်ဆီးအသင်းနဲ့အတူ ပွဲထွက်ကစားခွင့် လက်ရှိအချိန်အထိ မရရှိသေးတာဖြစ်ပြီး လာမယ့် ပွဲစဉ်တွေမှာ ထည့်သွင်းသွားဖို့လည်း ရှိနေတာဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းက တောင်ပံကစားသမား ပူလီဆစ်ကို အသင်းမှာ ဆက်ရှိနေဖို့ ဆန္ဒရှိနေပေမယ့် ကစားသမားကိုယ်တိုင်ကတော့ နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ အသင်းပြောင်းရွှေ့ရေး၊ မရွှေ့ရေးနဲ့ပတ်သက်ပြီး ဆုံးဖြတ်ချက်မချရသေးဘူးလို့ ဆိုပါတယ်။



ချယ်လ်ဆီးအသင်း နည်းပြ တူချယ်ဟာ ပြင်သစ်တိုက်စစ်မှူး ဂျရူးကိုလည်း စာချုပ်သစ် ချုပ်ဆိုသွားဖို့ မကြာမီကာလအတွင်း ဆုံးဖြတ်သွားမယ်လို့ ပြောကြားခဲ့ပြီး တိုက်စစ်မှူး ဂျရူးရဲ့ လက်ရှိစာချုပ်သက်တမ်းဟာ ကုန်ဆုံးဖို့ နီးစပ်နေပြီဖြစ်တယ်လို့ သိရပါတယ်။

# မာတီနက်ဇ်နဲ့ လူကာကူတို့ရဲ့ သွင်းဂိုးတွေနဲ့ အေစီမီလန်ကို အနိုင်ရပြီး အီတလီစီးရီးအေ အမှတ်ပေးဇယား၌ လေးမှတ်ဖြတ်ကာ အင်တာမီလန်ဦးဆောင်

အေစီမီလန်အသင်းနဲ့ အင်တာမီလန်အသင်းတို့ ဖေဖော်ဝါရီ ၂၁ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ မီလန်ဒါဘီ ပွဲစဉ်မှာ အင်တာမီလန်အသင်းက အေစီမီလန်အသင်းကို သုံးဂိုးပြတ်နဲ့ အနိုင်ရရှိပြီး အီတလီစီးရီးအေအမှတ်ပေးဇယား ထိပ်ဆုံးမှာ လေးမှတ်ဖြတ်ကာ ဆက်လက်ဦးဆောင်နိုင်ခဲ့ပါတယ်။

အေစီမီလန်အသင်းနဲ့ အင်တာမီလန်အသင်းတို့ရဲ့ ပွဲစဉ်မှာ အင်တာမီလန်အသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ငါးမိနစ်နဲ့ ၅၇ မိနစ်တို့မှာ မာတီနက်ဇ်က နှစ်ဂိုးနဲ့ ပွဲကစားချိန် ၆၆ မိနစ်မှာ လူကာကူက တစ်ဂိုး အသီးသီး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။



အင်တာမီလန်အသင်းနဲ့ အေစီမီလန်အသင်းတို့ဟာ ၂၀၁၁ ခုနှစ် ဧပြီလနောက်ပိုင်းမှာ ပထမဆုံးအကြိမ်အဖြစ် အီတလီစီးရီးအေ အမှတ်ပေးဇယား ထိပ်ပိုင်းမှာ ရပ်တည်ခွင့် ရရှိခဲ့ခြင်းဖြစ်ပြီး အေစီမီလန်အသင်းဟာ ၂၀၁၉-၂၀၁၀ ခုနှစ်နောက်ပိုင်း အီတလီစီးရီးအေဖလားကို ပထမဆုံးအကြိမ် ကိုင်မြှောက်အောင်ပွဲခံနိုင်ဖို့ ပစ်မှတ်ထားနေတာလည်း ဖြစ်ပါတယ်။

လက်ရှိ အီတလီစီးရီးအေ ချန်ပီယံ ဂျူဗင်တပ်အသင်းကတော့ ပွဲစဉ် နှစ်ပွဲကစားဖို့ ကျန်ရှိနေချိန်မှာ အင်တာမီလန်အသင်းနဲ့ ရမှတ် ၁၁ မှတ်အထိ ကွာဟနေပြီး အမှတ်ပေးဇယားအဆင့် ၆ နေရာမှာရပ်တည်နေတာလည်း ဖြစ်ပါတယ်။

လက်ရှိ အီတလီစီးရီးအေ အမှတ်ပေးဇယားမှာ အင်တာမီလန်အသင်းက ရမှတ် ၅၃ မှတ်နဲ့ အမှတ်ပေးဇယား ထိပ်ဆုံးမှာ ဦးဆောင်နေပြီး အေစီမီလန်အသင်းက ရမှတ် ၄၉ မှတ်နဲ့ အမှတ်ပေးဇယားအဆင့် ၂ နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။ ■






ကြီးမြန်သစ်ပင်

စိုက်ပျိုးလျှင်

စွမ်းအင်လည်းရ

ပြည်လည်းလှ


**အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ် အစုရှယ်ယာရှင်များသို့ အသိပေးအကြောင်းကြားခြင်း**

၁။ အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်၏ (၂၀၁၉-၂၀၂၀)ဘဏ္ဍာရေးနှစ် (၂၅)ကြိမ်မြောက်နှစ်ပတ်လည် အထွေထွေ ညီလာခံအစည်းအဝေးအား ၂၇-၂-၂၀၂၁ရက်တွင် ကျင်းပပြုလုပ်မည် ဖြစ်ကြောင်းကို ၂၇-၁-၂၀၂၁ရက်နေ့ထုတ် နိုင်ငံပိုင်ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့တွင် ကြေညာထားရှိပြီးဖြစ်ပါသည်။

၂။ သို့ရာတွင် လတ်တလောဖြစ်ပေါ်နေသောအခြေအနေ အရပ်ရပ်များ နှင့်ဆက်သွယ်ရေးအခက်အခဲများကြောင့် ဘဏ်၏(၂၅)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးအား မူလအစီအစဉ်အတိုင်း ကျင်းပပြုလုပ်နိုင်ခြင်းမရှိတော့ပါသဖြင့် အစည်းအဝေးကျင်းပမည့်နေ့ရက် နှင့်အချိန်တို့အား နိုင်ငံပိုင်သတင်းစာများတွင် ထပ်မံကြေညာသွားမည် ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့ညွှန်ကြားချက်အရ**
**ဒုဥက္ကဋ္ဌ-၂၊ အမှုဆောင်အရာရှိချုပ်**

# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည်-

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာ စစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူ ဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုး လဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ် မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံ ဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ် တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကတ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ် တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။




# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဩစတြေးလျတပ်မတော်၏ Vice Chief of the Defence Force ဖြစ်သူနှင့် တယ်လီဖုန်းဖြင့် ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ဩစတြေးလျတပ်မတော်၏ Vice Chief of the Defence Force ဖြစ်သူ Vice Admiral David Johnston AO RAN နှင့် ယနေ့မွန်းလွဲပိုင်းတွင် တယ်လီဖုန်း ဖြင့် ဆွေးနွေးသည်။ (ယာပုံ)

ထိုသို့ ဆွေးနွေးရာတွင် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းက နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအနေဖြင့် ဒီမို ကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံ သည့် ပြည်ထောင်စုဖြစ်ပေါ်စေရေး **စာမျက်နှာ ၉ ကော်လံ ၁ သို့ ❂**





## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

**၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက် နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်ရှိ မြို့နယ် ၂ မြို့နယ်၏ ဆန္ဒမဲ ပေးမှုများကို စစ်ဆေးခဲ့ပါသည်။ စစ်ဆေးတွေ့ရှိချက်များအရ ယခင်ရွေးကောက်ပွဲ ကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၄၁၅၁၂၉ ဦးဖြစ်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ စာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မှာ ၃၅၈၄၅၃ ဦး ဖြစ်ပါသည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၃၈၁၈၇ ဦး၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၄၉၃၃ ဦး၊ ၂ ကြိမ်ပါဝင်နေသူများမှာ ၅၅၃၈၀ ဦးဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ မြို့နယ်အလိုက် စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ် နှင့်အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | ရမည်းသင်းမြို့နယ် မဲရုံပေါင်း ၂၄၇ ရုံ | ၁၉၈၄၃၈ | ၁၈၂၇၂၆ | ၁၅၉၆၄ | ၃၀၆၇ | ၂၉၃၇၆ |
| ၂ | ပျော်ဘွယ်မြို့နယ် မဲရုံပေါင်း ၂၉၅ ရုံ | ၂၁၆၆၉၁ | ၁၇၅၇၂၇ | ၂၂၂၂၃ | ၁၈၆၆ | ၂၆၀၀၄ |
| | စုစုပေါင်း | ၄၁၅၁၂၉ | ၃၅၈၄၅၃ | ၃၈၁၈၇ | ၄၉၃၃ | ၅၅၃၈၀ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေးမုံ ယနေ့ ဖတ်စရာ

**နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများ၏ လုပ်ငန်း အကောင်အထည်ဖော်နိုင်မှု အခြေအနေသုံးသပ်ခြင်း အစည်းအဝေးကျင်းပ**

စာမျက်နှာ » ၇

**ကမ္ဘာတစ်ဝန်း၌ တရုတ်နိုင်ငံ ထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၄၃ သန်းကျော် သုံးစွဲပြီးဖြစ်**

စာမျက်နှာ » ၁၂

## နယူးကာဆယ်အသင်းကို အနိုင်ရရှိခဲ့သည့် မန်ယူအသင်း အမှတ်ပေးဇယားဒုတိယနေရာတွင် ဆက်လက်ရပ်တည်

မန်ယူအသင်းနဲ့ နယူးကာဆယ်အသင်း တို့ ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ် ၂၅ မှာ မန်ယူအသင်းက အိမ်ကွင်း အိုးထရက်ဖို့ဒ်မှာ နယူးကာဆယ်အသင်း ကိုသုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ် အမှတ်ပေးဇယားအဆင့် (၂) နေရာမှာ ဆက်လက်ရပ်တည်နိုင်ခဲ့ပါ တယ်။

အဲဒီပွဲစဉ်မှာ ပထမပိုင်းပွဲကစားချိန် မိနစ် ၃၀ မှာ တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်ရဲ့ သွင်းဂိုးနဲ့ မန်ယူအသင်း ဦးဆောင်ဂိုး စတင်ရရှိခဲ့ပြီး ပွဲကစားချိန် ၃၆ မိနစ် အရောက်မှာတော့ ညှိသည်အဖြစ် လာရောက်ကစားခဲ့ရတဲ့ နယူးကာဆယ် အသင်းက စိန့်မက်ဇီမင်ရဲ့ သွင်းဂိုးနဲ့ ချေပဂိုးပြန်လည်ရရှိခဲ့ပါတယ်။

မန်ယူအသင်းဟာ ဦးဆောင်ဂိုးများ ထပ်မံရရှိရေး အကြိတ်အနယ်ကစားခဲ့တာ ကြောင့် **စာမျက်နှာ ၂၉ ကော်လံ ၁ သို့ ❐**

